# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday, 23 March 2019 ၃၅၉၉


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နန့်မြစ်ခတံတားတည်ဆောက်ရေးစီမံကိန်းနှင့် မြစ်ကြီးနားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှု



**နေပြည်တော် မတ် ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်၊ နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနား - ဗိုင်းမော်ကားလမ်းပေါ်ရှိ နန့်မြစ်ခတံတားတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

နိုင်ငံတော်သမ္မတအား တံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကြပ်မတ်ဆောင်ရွက်**

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီစေရေး၊ နိုင်ငံ့ဘဏ္ဍာငွေ အလေအလွင့်မဖြစ်စေရေး၊ တံတားခံနိုင်ဝန်နှင့်ပတ်သက်ပြီး ယာဉ်ဖြတ်သန်းမှုများကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြပ်မတ်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နန့်မြစ်ခလေးလမ်းသွားတံတားအနက် ကျန်ရှိနေသည့် နှစ်လမ်းသွားတံတားတည်ဆောက်နေမှု၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နန့်မြစ်ခတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

" နန့်မြစ်ခတံတားမှာ မန္တလေး - လားရှိုး - ပန်းမော် - မြစ်ကြီးနား လမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်၊ သံမဏိ သံပေါင် အမျိုးအစား ဖြစ်၊ ယာဉ်တစ်စီးချင်း ခွင့်ပြုခံနိုင်ဝန်မှာ ၇၅ တန်ဖြစ် "






# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။

## ကြေးမုံ

## ပြင်းပြသည့်ဆန္ဒဖြင့် ငြိမ်းချမ်းရေးကိုရယူ

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ခေါင်းဆောင်များ မတ်လ ၂၁ ရက်နေ့က နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်းသည် ငြိမ်းချမ်းရေးအတွက် အရေးပါသည့် သမိုင်းဝင်ခြေလှမ်းတစ်ခု ဖြစ်သည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းရာ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလက်မှတ်ရေးထိုးရေးသည် ကနဦးအချက်ဖြစ်၍ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးစတင်ကတည်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို ငြိမ်းချမ်းရေးတံခါးဖွင့်ပေးခဲ့သည်။

တပ်မတော်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၁၉ ခုနှစ် ဧပြီလ ၃၀ ရက်အထိ စစ်ဆင်ရေးနယ်မြေအလိုက် စစ်ရေးလှုပ်ရှားမှုအားလုံးကို ရပ်ဆိုင်းပေးပြီး တပ်လှုပ်ရှားမှုရပ်ဆိုင်းထားသည့် ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် NRPC နှင့်တွေ့ဆုံကာ ငြိမ်းချမ်းရေးဆွေးနွေးသွားရန်နှင့် လိုအပ်ပါက တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသွားရန် အသိပေးထားသည်။

အကျိုးဆက်အနေဖြင့် ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မျက်နှာချင်းဆိုင်ဆွေးနွေးနိုင်သည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ ပြဿနာတစ်ရပ်ကို လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းခဲ့ကြရာ၌ ယနေ့တိုင် မဖြေရှင်းနိုင်သေးသည်ကို ရှည်ကြာနေသော လက်နက်ကိုင်ပဋိပက္ခများက သက်သေပြနေသည်။ ပြဿနာဇာစ်မြစ်မှာ နိုင်ငံရေးပြဿနာဖြစ်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းနိုင်သရွေ့ အဆိုးသံသရာတွင် လည်နေဦးမည်ဖြစ်သည်။

ပြည်သူ့အစိုးရလက်ထက်တွင် (၂၁)ရာစုပင်လုံညီလာခံကို သုံးကြိမ်ကျင်းပခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်အခြေခံမူသဘောတူညီချက် (၅၁)ချက် ရခဲ့သော်လည်း NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များပါဝင်နိုင်မှုမရှိသေး၍ အခြေခံမူများချမှတ်ရာ၌ လိုအပ်ချက်များရှိနေသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် NCA တွင် အားလုံးပါဝင်လာမည်ဆိုပါက ပြည်သူတစ်ရပ်လုံးမျှော်လင့်နေသည့် ငြိမ်းချမ်းရေးပန်းတိုင်မှာအလှမ်းမဝေးတော့မည်ဖြစ်သည်။

NCA လမ်းကြောင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်လာရန် အစိုးရနှင့်တပ်မတော်တို့ အမြဲဖွင့်ထားသော ငြိမ်းချမ်းရေးတံခါးပေါက်သို့ NCA လက်မှတ်မထိုးရသေးသော အဖွဲ့များရောက်ရှိလာသည်ကို အားလုံးက ကြိုဆိုကြမည်ဖြစ်သည်။ ယခင်မကြုံဖူးသောအခင်းအကျင်းသစ် ယနေ့ဖြစ်လာပြီး တန်းတူရည်တူ အပြန်အလှန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနေနိုင်ကြပြီ ဖြစ်သည်။ ထို့ကြောင့်ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှုတို့နှင့် ညှိနှိုင်းဆွေးနွေးအဖြေရှာပေးကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ ယခုကဲ့သို့ နိုင်ငံရေးစားပွဲဝိုင်းတွင် မကြာခဏတွေ့ဆုံဆွေးနွေးခြင်းဖြင့် အနာဂတ်တွင် ရလဒ်ကောင်းများပေါ်ထွက်လာမည်ဟု ယုံကြည်ပါသည်။ ထိုသို့တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြစ်ပွားနေသည့် ပဋိပက္ခများကို လျှော့ချနိုင်သဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် မိဘပြည်သူများ စိုးရိမ်ပူပန်မှု၊ ဒုက္ခဆင်းရဲဖြစ်မှုတို့မှ သက်သာစေနိုင်သည်။

သို့ဖြစ်ရာ အမှန်တကယ် လိုချင်သည့်ဆန္ဒရှိပါက ငြိမ်းချမ်းရေးကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်မည်ဖြစ်၍ အစိုးရ၊ တပ်မတော်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့မှ ခေါင်းဆောင်များ အကောင်းဆုံး တွေ့ဆုံဆွေးနွေးဖြေရှင်းနိုင်မည့်နည်းလမ်းဖြင့် ငြိမ်းချမ်းရေးကို ရယူနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဗီယက်နမ် သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဟီရိုတို အိဇုမိနှင့်အဖွဲ့အား နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှု၊ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှု၊ သီလဝါ ဆိပ်ကမ်းတံတားအသစ် တည်ဆောက်ပြီးစီးမှုနှင့် ထပ်မံတိုးချဲ့တည်ဆောက်ရန် ပြင်ဆင်နေမှု၊ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ် တည်ဆောက်ရေး၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာများနှင့် အနာဂတ် ပူးပေါင်း ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Luan Thuy Doung နှင့် တွေ့ဆုံ၍ ဆက်သွယ်ရေးကဏ္ဍတွင် မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့၌ စကားပုံဆက်ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲ ပြုလုပ်

**ကျောက်ဆည် မတ် ၂၂**။ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် ကလေးငယ်များ စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူးများနှင့် စာပေများပိုမိုဖတ်ရှုစေရေးအတွက်ရည်ရွယ်ပြီး ယနေ့နံနက်ပိုင်းက စကားပုံဆက်ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲ ကျင်းပခဲ့သည်။

စကားပုံဆက်ပြိုင်ပွဲတွင် စကားပုံအမျိုးအစား အခု ၅၀ ပြုလုပ်ထားကာ ပြိုင်ပွဲစည်းကမ်းများကို ခရိုင်ဦးစီးအရာရှိက ရှင်းလင်းပြောကြားသည်။ စာကြည့်တိုက်မှူးက စကားပုံများကို နှစ်မျိုးခွဲခြားထား၍ ပထမဦးဆုံးရွေးချယ်နိုင်သူများအား မှတ်သားထားကာ အမှတ်တရလက်ဆောင်များပေးအပ်ခဲ့သည်။ ဆက်လက်၍ ကလေးငယ်များ တွေးခေါ်မှုမြင့်မားစေရေး လေ့ကျင့်ပေးမှုအနေဖြင့် စစ်တုရင်ပြိုင်ပွဲ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှုန်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၂၂**

ရန်ကုန်(ရွှေဈေး) ၁၀၆၅၀၀၀ - ၁၀၆၅၀၀၀ မန္တလေး(ရွှေဈေး) ၁၀၆၅၀၀၀ - ၁၀၆၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၀/၉၇၅ ကျပ် | ၉၈၀/၉၆၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၈၀ ကျပ် | ၉၂၅/၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၈၁၀ ကျပ် | ၈၄၀/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၀/၉၈၅ ကျပ် | ၉၉၅/၁၀၀၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၁၀/၉၂၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၂၀/၉၃၃ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၅.၅ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၂၄.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၇.၂၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၁၂၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၅.၅၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၉၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၇၉.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၄.၄၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၂.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၉.၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ညွှ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၀၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၀၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၃

**နိုင်ငံတော်သမ္မတမှ**

တည်ဆောက်ပြီးစီးသည့် နှစ်လမ်းသွားတံတားနှင့် တံတားအောက်ခြေတွင် ချောင်းရေတိုက်စားမှုကာကွယ်ရန် ကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုသည်။

### လေးလမ်းသွားတံတားဖြစ်

အဆိုပါ နန့်မြစ်ခတံတားမှာ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်၊ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်းခွင့်ပြုခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်းသိရသည်။ ယင်းနန့်မြစ်ခတံတားမှာ လေးလမ်းသွားတံတားဖြစ်ပြီး လက်ရှိတွင် နှစ်လမ်းသွားတည်ဆောက်ပြီးစီးပြီဖြစ်ကာ ယခုအခါ လေးလမ်းသွားတံတားဖြစ်ရန် ထပ်မံတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြစ်ကြီးနားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

### ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့်က နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ထားရှိမှု၊ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာများ သင်ကြားပေးနေမှု၊ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များနှင့် တိုင်းရင်းသားလူငယ်များအား လေ့ကျင့်မွေးထုတ်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### သွန်သင်ဆုံးမမှုကို လေးစားလိုက်နာ

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပါကြောင်း၊ ပြည်ထောင်စုနိုင်ငံဆိုသည်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ပါဝင်ပြီး တည်ဆောက်ထားခြင်းကြောင့် ဖြစ်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားများအတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စုသားသမီးတို့အနေဖြင့် ပညာသင်ကြားပေးသည့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုကို လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားပြသပေးမှုများသည် သားတို့သမီးတို့၏ အနာဂတ်အတွက် များစွာအရေးပါပါကြောင်း၊ ယခုသင်တန်းကျောင်းများတွင် ပညာရေး၊ သက်မွေးပညာနှင့် ပြည်ထောင်စုစိတ်ဓာတ် တည်တံ့ခိုင်မြဲရေးအတွက် အလေးထားသင်ကြားပေးနေသည်ကို တွေ့ရပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို သားတို့ သမီးတို့အနေဖြင့် မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိတိုင်းရင်းသားများအကြား သိရှိပြန့်ပွားအောင် ပြောကြားပေးရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုသားသမီးများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမှာ ပညာရေးရင်းနှီးမြှုပ်နှံမှုအပေါ် မူတည်ပါကြောင်း၊ နယ်စပ်ဒေသ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြစ်ကြီးနားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် စာကြည့်တိုက်များ ထားရှိပေးသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ သားတို့သမီးတို့အနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာကြည့်တိုက်သို့ သွားရောက်လေ့လာဖတ်ရှုမှုများ မှတ်ဖွယ်မှတ်ရာများကို မှတ်သားကြစေလိုကြောင်း၊ နိုင်ငံတော်ကို



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ မြစ်ကြီးနားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ခေါင်းဆောင်မည့်သူများ သားတို့သမီးတို့ထဲမှ ပေါ်ထွက်လာမည်ဟု ထင်မြင်ယူဆပါကြောင်း၊ သားတို့ သမီးတို့သည် ပညာအင်အား၊ စိတ်ဓာတ်ခွန်အားပြည့်ဝပြီး နိုင်ငံတော်အား ပြန်လည်အလုပ်အကျွေးပြုရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို သားတို့ သမီးတို့ရင်ထဲတွင် ထာဝစဉ်ကိန်းအောင်းပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောအောင် ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတက ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်၊ စားရိပ်သာနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြစ်ကြီးနားမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး စီတာပူမနောကွင်း၌ ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့မှ တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❍ ဒုတိယသမ္မတ ဦးမြင့်ဆွေမှ

ဦးမောင်မောင်ဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးစိုးသိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အလှူရှင်များ၊ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ကိုရီးယားစက်မှုဘဏ်(IBK)မှ အမှုဆောင်အရာရှိချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် MSMEs လုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကျင်းပခဲ့ရာ မန္တလေး၊ မကွေး၊ ပုသိမ်၊ တောင်ကြီး၊ မုံရွာ၊ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်နှင့် မြိတ်မြို့တို့တွင် စုစုပေါင်း(၉)ကြိမ်တိုင်တိုင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း။

**ဆုများချီးမြှင့်နိုင်ခဲ့**

ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လုပ်ငန်းများကို အမျိုးအစားအလိုက်ရွေးချယ်ပြီး ဆုများချီးမြှင့်ပေးခဲ့ရာတွင် အသေးစားလုပ်ငန်းအနေဖြင့် ပထမဆု ကိုးခု၊ ဒုတိယဆု ၁၁ ခု၊ တတိယဆု ၁၉ ခု စုစုပေါင်းလုပ်ငန်း ၃၉ ခုကို ဆုချီးမြှင့်နိုင်ခဲ့ကြောင်း၊ အငယ်စားလုပ်ငန်းအနေဖြင့် ပထမဆုကိုးခု၊ ဒုတိယဆု ၁၄ ခု၊ တတိယဆု ၂၀၊ စုစုပေါင်းလုပ်ငန်း ၄၃ ခုကို ဆုချီးမြှင့်နိုင်ခဲ့ကြောင်း၊ အလတ်စားလုပ်ငန်းအနေဖြင့် ပထမဆုကိုးခု၊ ဒုတိယဆု ၁၃ ခု၊ တတိယဆု ၁၈ ခု စုစုပေါင်းလုပ်ငန်း



ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

၄၀ တို့မှ လုပ်ငန်းရှင် စုစုပေါင်း ၁၂၂ ဦးတို့အား ဆုများချီးမြှင့်နိုင်ခဲ့ပါကြောင်း။

**ယှဉ်ပြိုင်နိုင်စွမ်းမြင့်မား**

ယခုနေပြည်တော်တွင် ကျင်းပသည့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲသည် မြန်မာနိုင်ငံအနှံ့ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပခဲ့သည့် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကိုးခု၌ ဆုရရှိခဲ့သော MSME များကို ထပ်မံယှဉ်ပြိုင်ပြီး နိုင်ငံတော်အဆင့်ဆုများ ရွေးချယ်ချီးမြှင့်သွားမည့် ပြပွဲနှင့် ပြိုင်ပွဲဖြစ်ကြောင်း၊ ယခုလို MSMEs ပြပွဲ၊ ပြိုင်ပွဲများကို ဒေသအလိုက်မှသည် နိုင်ငံတော်အဆင့်အထိ ကျင်းပရခြင်းသည် နိုင်ငံတော်၏စီးပွားရေး မူဝါဒ (၁၂)ချက်အနက် ဒုတိယအချက်တွင် ဖော်ပြထားသည့် **“အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်”** ဆိုသည့် မူဝါဒနှင့်အညီ MSME များ စျေးကွက်ချဲ့ထွင်နိုင်ရေး၊ ဒေသအသီးသီးရှိ ထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများ အချင်းချင်းချိတ်ဆက်မှုဖြစ်လာရေး၊ MSME များ၏ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာရေး၊ နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အသိဉာဏ်မြင့်မားမှုနှင့်အတူ ပြည်တွင်း၊ ပြည်ပ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လာနိုင်ရေး၊ သွင်းကုန်အစားထိုးထုတ်ကုန်များ ပိုမိုများပြားလာရေးနှင့် တီထွင်ကြံဆမှု၊ စွန့်စားမှုများနှင့် ဆန်းသစ်သည့် ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရေး တို့ကို မျှော်မှန်းပြီး ကျင်းပပေးခြင်းဖြစ်ပါကြောင်း။

**အဓိကမောင်းနှင်အားများဖြစ်**

MSMEs ထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ထုတ်ကုန်များကို လုပ်ငန်းကော်မတီ၏ အသိအမှတ်ပြု အမှတ်တံဆိပ် (MSME Logo) အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း၊ MSME Logo ကို အသုံးပြုခွင့်ရရှိသည့် လုပ်ငန်းများအနေဖြင့် စျေးကွက်က တုံ့ပြန်လာသော အကြံပြုချက်များကို လက်ခံပြီး စားသုံးသူများအကြိုက် အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ဖြစ်စေရေးအတွက် မိမိတို့လုပ်ငန်းများ၏ အားသာချက်ကို အကောင်းဆုံး ဝန်ဆောင်မှုများနှင့် စဉ်ဆက်မပြတ် တိုးတက်အောင် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် ရေရှည်အကျိုးဖြစ်ထွန်းမှုကို ရှေးရှုသည့် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ညီရန်တို့အတွက် MSME များသည် အဓိကမောင်းနှင်အားများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအနက် ၉၉ ရာခိုင်နှုန်းသည် MSME များဖြစ်၍ MSME များ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသအနှံ့ MSME များအတွက် လိုအပ်သော နည်းပညာများပံ့ပိုးရေး၊ ရင်းနှီးမြှုပ်နှံမှုများရရှိရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ စျေးကွက်အသစ်များ ဖော်ထုတ်နိုင်ရေးတို့ကို ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**မဟာဗျူဟာများချမှတ်ဆောင်ရွက်**

ယခုလိုဆောင်ရွက်မှသာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ရည်မှန်းချက် (၄)ချက်အနက် ဒုတိယအချက်တွင် ဖော်ပြထားသည့် **“တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာသည့် စီးပွားရေးအခြေအနေကောင်းများ ရရှိရေး ဆောင်ရွက်ရန်”** ဆိုသည့်အချက်ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ဒေသအလိုက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာများကိုလည်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဌာနများ၊ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းပြီး ရေးဆွဲလျက်ရှိရာ ယခုဆိုလျှင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ရေးဆွဲပြီးဖြစ်ကြောင်း၊ ယခုလို မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအလိုက် ဦးစားပေးကဏ္ဍများအပေါ် ထိထိရောက်ရောက်ပံ့ပိုးကူညီပေးသွားနိုင်မည်ဖြစ်ပြီး နိုင်ငံတကာ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် လက်တွဲပူးပေါင်းနိုင်ရေးကို ဖိတ်ခေါ်ဆောင်ရွက်သွားနိုင်မည်ဖြစ်၍ MSMEs လုပ်ငန်းများအတွက် အလွန်အကျိုးရှိစေမည်ဖြစ်ပါကြောင်း။

**ချေးငွေအစီအစဉ်များ ဆောင်ရွက်**

MSME များအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိရန် ချေးငွေအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရ အစီအစဉ်ဖြစ်သည့် SME ချေးငွေ ဘီလီယံ ၃၀၊ အပေါင်မဲ့အာမခံစနစ် (CGI) ချေးငွေ (၇ ဒသမ ၃၉၃) ဘီလီယံ၊ ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးရေးအကူအညီ (ODA) ချေးငွေအဖြစ် JICA Two Step Loan ချေးငွေဂျပန်ယန်း ဘီလီယံ ၂၀၊ မြန်မာ့စီးပွားရေးဘဏ်ချေးငွေ ဘီလီယံ ၂၅၀၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ ဘီလီယံ ၂၀၀၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KfW) ချေးငွေယူရို (၁၅ ဒသမ ၃၀) သန်း စသည့်ချေးငွေများကို ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်းပြီး MSMEs လုပ်ငန်းရှင်များသို့ ထုတ်ချေးပေးလျက်ရှိပါကြောင်း။

စာမျက်နှာ ၅ သို့ »»»

»»» စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံ၏ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ချေးငွေများရရှိစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနည်းပညာများနှင့် သင်တန်းများ ပံ့ပိုးကူညီပေးရေး၊ စီးပွားရေးစီမံချက်များနှင့် မူဝါဒကောင်းများ ပေါ်ထွက်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်ပေးကြသည့် ဂျာမနီနိုင်ငံ Friedrich Naumann Foundation (FNF)နှင့် ဂျာမန်ဖွံ့ဖြိုးမှုနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)၊ နယ်သာလန်နိုင်ငံ PUM နယ်သာလန်နည်းပညာ ပြန့်ပွားရေးအဖွဲ့၊ ဒိန်းမတ်အစိုးရ၏ တာဝန်သိစီးပွားရေးလုပ်ငန်းရန်ပုံငွေ(RBF)၊ ဂျပန်နိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ဂျပန်-မြန်မာအသင်း (JMA)၊ ထိုင်းနိုင်ငံ ကာဆီကွန်ဘဏ် (KBank)၊ Entrepreneurship Development Network Asia (Myanmar) Co., Ltd. (EDNA)၊ ကိုရီးယားသမ္မတနိုင်ငံ ဂျွန်ဘွတ် Root စက်မှုအသင်း (JROOT)၊ ဂျွန်ဘွတ် မော်တော်ယာဉ် နည်းပညာသိပ္ပံ (JIAT)၊ ကိုရီးယား နည်းပညာတိုးတက်ရေးသိပ္ပံ (KIAT)၊ ကိုရီးယားစက်မှုဘဏ်(IBK)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)၊ ကနေဒါနိုင်ငံ ကနေဒါအမှုဆောင်လုပ်ငန်းအဖွဲ့(CESO)၊ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)တို့ကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အဆိုပါအဖွဲ့အစည်းများကိုလည်း ယနေ့အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနား ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ၊ အဓိက ကမကထပြုသူ (Main Sponsor)အဖြစ် ကူညီပေးခဲ့သည့် ကိုရီးယားစက်မှုဘဏ်(IBK)၊ အလှူရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ MSMEs လုပ်ငန်းရှင်များနှင့် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် MSMEs ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကိုရီးယားစက်မှုဘဏ် (IBK) နှင့် Good Brothers Co., Ltd. တို့က အလှူငွေများပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ MSMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသော အဖွဲ့အစည်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေနှင့် ဒေါက်တာ မျိုးသိမ်းကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ အတွင်း၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို မတ် ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြပွဲတွင် အိမ်သုံးနှင့်လက်မှုပစ္စည်းလုပ်ငန်း၊ စားသောက်ကုန်ပစ္စည်းလုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ချည်မျှင်နှင့် အထည်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုဝန်ကြီးဌာနတို့မှပြခန်း စုစုပေါင်း ၂၇၁ ခန်း ပါဝင်ပြသခဲ့ပြီး MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၏ ဆက်စပ်အခမ်းအနားများအဖြစ် "မြန်မာ့ကုန်စည် ကမ္ဘာဆီသို့" ခေါင်းစဉ်ဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များက Panel Discussion ဆွေးနွေးပွဲများ ဟောပြောပို့ချခြင်းများ ပြုလုပ်ကြသည်။ ထို့ပြင် MSMEs ထုတ်ကုန် မိတ်ဆက် အခမ်းအနားနှင့် Knowledge Sharing ကျင်းပပြုလုပ်ခြင်း၊ City Mart၊ Gandamar Wholesale စသည့် အသင်းအဖွဲ့များက လုပ်ငန်းရှင်များနှင့် Business Matching ချိတ်ဆက်ခြင်း စသော အခမ်းအနားများကိုလည်း ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ (နေပြည်တော်) ပုံရိပ်များ


အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းပြခန်း


မြန်မာ့ရိုးရာသနပ်ခါးပြခန်း


သစ်အချောထည်ပရိဘောဂပြခန်း


ကြိမ်နှင့် ကြိမ်ပရိဘောဂပြခန်း


ရွှေသုန္ဒရီ မြန်မာသနပ်ခါးထုတ်လုပ်ရေးလုပ်ငန်း၏ ပြခန်း



ထန်းနှင့် သစ်အချောထည်ပရိဘောဂပြခန်း


ပယင်းရတနာနှင့် ကချင်ပြည်နယ်ဒေသထွက်ကုန်များ ပြခန်း

# နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန် ပြပွဲ၊ ပြိုင်ပွဲမှ စကားသံများ

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို မတ်လ ၂၂ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်းဗဟိုဌာန- ၂ ၌ ကျင်းပသည်။**

**တွေ့ဆုံမေးမြန်း- နန္ဒာဝင်း၊ မွေးကြူစင်**
**ဓာတ်ပုံ- ကျော်ဇင်ထိုက်**

အဆိုပါပြပွဲကို MSMEs လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု အားကောင်းလာရန်၊ ပါဝင်ပြသသူ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ထုတ်ကုန်အရည်အသွေး၊ တီထွင်ဆန်းသစ်မှုများကို လေ့လာနိုင်ရန်၊ ဒေသအလိုက် ထုတ်ကုန်များကို စားသုံးသူများနှင့် မိတ်ဆက်ပေးနိုင်ရန်၊ ထုတ်လုပ်မှုမှ ကုန်သွယ်မှုအထိ လုပ်ငန်းစဉ်တစ်လျှောက် လိုအပ်ချက်များကို ပိုမိုနားလည် ဆန်းသစ်အဖြေရှာနိုင်ရန်နှင့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် MSMEs များ နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် Regional Trade Promotion မှ နိုင်ငံတကာဈေးကွက်အတွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင် ပါဝင်ပြသကြသည့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည် -

**ဦးစောမှတ်ကျော်**
**(ညွှန်ကြားရေးမှူး၊ သင်တန်းကျောင်းများ ကြီးကြပ်ရေးဌာန၊ စက်မှုဝန်ကြီးဌာန)**

နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ နိုင်ငံတော်ရဲ့ သက်မွေးကဏ္ဍကို စက်မှုဝန်ကြီးဌာန အနေနဲ့ အကောင်အထည်ဖော်နေတဲ့



ကိုကျော်သက်နိုင်

Mobile Vocational Training ကားတွေနဲ့ ကျေးလက်မြို့ရွာတွေ အရောက် သက်မွေးပညာသင်တန်းတွေ ပို့ချပေးနေမှုကို လာရောက်ပြသတာပါ။ ဝန်ကြီးဌာနက သက်မွေးကဏ္ဍမှာ စက်မှုသင်တန်းကျောင်းတွေ တည်ထောင်ပြီး စက်မှုလုပ်ငန်းအခြေပြု စက်ရုံ၊ အလုပ်ရုံတွေအတွက် ကျွမ်းကျင်လုပ်သားတွေကို မွေးထုတ်ပေးနေပါတယ်။ ဒီသင်တန်းကျောင်းတွေမှာ သက်မွေးပညာအနေနဲ့ စက်မှုလုပ်ငန်းအခြေပြုတဲ့ ဘာသာရပ်တွေကို သင်ကြားပေးနေပြီး အကြောင်းအမျိုးမျိုးကြောင့် သင်တန်းတွေကို လာမတက်နိုင်တဲ့၊ ကျောင်းကို လာရောက်ဖို့ ကန့်သတ်ချက်တွေရှိနေတဲ့ စက်မှုသက်မွေးပညာရပ်ကို စိတ်ဝင်စားတဲ့သူတွေအတွက် Mobile သင်တန်းဆိုပြီး ကျယ်ကျယ်ပြန့်ပြန့် ထပ်ပေးနေပါတယ်။

Mobile Vocational Training ကားတွေမှာ မီးမရှိတဲ့နေရာဆိုရင် လိုအပ်တဲ့ပစ္စည်းတွေကို အပြည့်အစုံ တပ်ဆင်ထားပြီး ဆိုလာကို အသုံးပြု



ဦးစောမှတ်ကျော်

သင်ကြားရေးတွေလုပ်နိုင်မယ့် ယူနစ်တွေကို တပ်ဆင်ထားတယ်။ အိမ်သုံးလျှပ်စစ်သွယ်တန်းခြင်း သင်တန်းမှာ အိမ်သုံးလျှပ်စစ် ပစ္စည်းတွေကို ချိတ်ဆက်အသုံးပြုနည်းနဲ့ လက်တွေ့လေ့ကျင့် သင်ကြားပေးပါတယ်။ နောက် ဂဟေဆက်တဲ့သင်တန်းမှာ ဂဟေစက်တွေတပ်ဆင်ပြီး လျှပ်စစ်နဲ့ ဂဟေဆော်မလား၊ ဂက်စ်နဲ့ ဂဟေဆော်မလား စသဖြင့် အမျိုးအစားအပေါ်မူတည်ပြီး ကျွမ်းကျင်အောင် လက်တွေ့လေ့ကျင့်သင်ကြားပေးတဲ့အပြင် ကားဝပ်ရှော့သင်တန်းနဲ့ မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်းတွေကိုလည်း သင်ကြားပေးနေပါတယ်။ သက်မွေးပညာကဏ္ဍအနေနဲ့လည်း လုပ်ငန်းရှင်တွေ တကယ်



မကြည်ဖြူအေး

လိုအပ်နေတဲ့ ဘာသာရပ်တွေနဲ့ ကျွမ်းကျင်မှု အမျိုးအစားတွေကိုသိရင် ကျွန်တော်တို့ သင်ကြားနေတဲ့ ဘာသာရပ်တွေကို ထပ်ဆင့်တိုးချဲ့သင်ကြားတာ ပြုပြင်ပြောင်းလဲပြီး ဆန်းသစ်သင်ကြားတာတွေလည်း ဆွေးနွေးနိုင်တဲ့ အခွင့်အလမ်းတွေ ရရှိဖို့အတွက် ဒီပြပွဲမှာ ပါဝင်ပြသခြင်း ဖြစ်ပါတယ်။

**သိပ္ပံစာရေးဆရာ ကိုကိုအောင်**
**(မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ)**

မြန်မာနိုင်ငံမှာ Electric Vehicle Association ဖွဲ့ဖို့ ပြင်ဆင်နေပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလက Myanmar Electric Vehicle Association ဖွဲ့ဖို့အတွက် Korea Electric Vehicle Association နဲ့ လာရောက်ညှိနှိုင်းပြီး ၂၀၁၉ ခုနှစ်မှာ ပဏာမစဖွဲ့နိုင်အောင် ကြိုးစားနေပါတယ်။ ကမ္ဘာ့သိပ္ပံပညာရှင်တွေနဲ့ မော်တော်ကားထုတ်လုပ်တဲ့ ပုဂ္ဂိုလ်တွေက မော်တော်ကားမှာ အင်ဂျင်



သိပ္ပံစာရေးဆရာ ကိုကိုအောင်

ဆိုတာမသုံးဘဲ အင်ဂျင်နေရာမှာ မော်တာကို Electric Power Supply ပေးပြီး မောင်းနှင်တဲ့ Vehicle ဖြစ်တဲ့အတွက် သူ့ကို Electric Vehicle(EV)လို့ ခေါ်တယ်။ လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် လေထုညစ်ညမ်းစေတဲ့၊ ကမ္ဘာကြီးပူနွေးစေတဲ့ ဓာတ်ငွေ့တွေ စွန့်ထုတ်တာလျော့ကျသွားစေမယ်။ ဝယ်ယူသုံးစွဲသူတွေအတွက်လည်း ဓာတ်ဆီဖိုး အကုန်သက်သာမယ်၊ ကိုယ်သုံးနေတဲ့ကားက လေထုညစ်ညမ်းစေတဲ့ အခိုးအငွေ့ မထွက်တော့ဘူး၊ လေထုညစ်ညမ်းမှုကို မဖြစ်ဘူး၊ အဲဒီလိုအကျိုးကျေးဇူးတွေရတယ်။ အခုဒီပြပွဲမှာ ကုမ္ပဏီတွေက တိုက်ရိုက် လာရောက်ပြသ



ဦးကျော်လွင်

ကြပြီး ဝယ်ယူလို့ရတယ်လို့လည်း သိရပါတယ်။

**ဦးအောင်စိုး(ရွှေသပြေ- သစ်အချောထည်လုပ်ငန်း)**

ကျွန်တော်ပြထားတဲ့ ပွတ်လုံးတွေဟာ ဝါးရုံမှာ ဆွေးသွားမယ့် ဝါးတွေကိုအသုံးပြုပြီး တစ်ချက်ခုတ် သုံးချက်ပြတ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ။ အဲဒီလို အသုံးပြုလိုက်တဲ့အတွက် ပွတ်လုံးတွေလုပ်ဖို့ အခွင့်အရေးရတဲ့အပြင် ဝါးရုံမှာ အငုတ်တွေ ရှင်းသွားမယ်ဆိုရင် မျှစ်ထွက်လာမယ်၊ မျှစ်ထွက်လာရင် မဆုံးရှုံးတော့ပါဘူး။ ဒီလို ရည်ရွယ်ချက်တွေနဲ့ ဝါးရုံမှာ ဆွေးမြည့်နိုင်တဲ့ ဝါးငုတ်တွေကို ပွတ်လုံးလုပ်တာ ဖြစ်ပါတယ်။ ပွတ်လုံးကတစ်ဆင့် တိုင်၊ တံခါးရွက်တွေလည်း လုပ်လို့ရပါတယ်။ ဆွေးမြည့်ပြီး ထင်းဖြစ်မယ့်ဝါးကို တံခါးရွက်တွေ လုပ်တဲ့အပြင် ဟန်းဆက်တင်တဲ့ခုံ၊ ပွတ်လုံး စသည်ဖြင့်လည်း လုပ်လို့ရပါတယ်။ ပြည်ပအထိ တင်ပို့နိုင်ဖို့လည်း အစီအစဉ်တွေရှိပါတယ်။



ဦးအောင်စိုး

**ဦးကက်နက်စိန် (ရွှေသုန္ဒရီ မြန်မာ့သနပ်ခါးထုတ်လုပ်ရေးလုပ်ငန်း)**

ရွှေသုန္ဒရီ သနပ်ခါး ၂၃ မျိုးကို ကျွန်တော်တို့ကုမ္ပဏီက ထုတ်လုပ်ပါတယ်။ မြန်မာ့သနပ်ခါးကို ကမ္ဘာသို့ဆိုတဲ့ခေါင်းစဉ်နဲ့ စာတမ်းပြိုင်ပွဲလည်း ရှိပါတယ်။ အဲဒီအတွက် ပြိုင်ပွဲဝင်ဖို့ လာရောက်ပြသခြင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာ တတိယဆု ရထားပါတယ်။ ပြပွဲမှာ ကျွန်တော်တို့ ထုတ်ကုန်တွေ၊ စွန့်ဦးတီထွင်ထားတာတွေကို စက်မှုပြပွဲဆုရတဲ့သူတွေ အကုန်လုံး MSMEs ပွဲမှာ ပြိုင်ပွဲဝင်ရတယ်။ သနပ်ခါးကို စွန့်ဦးတီထွင်ပြီး ပြုလုပ်ထားတာပါ။ သနပ်ခါးက Day Cream၊ Night Cream၊ ရေမွှေး၊ ရွှေပါတဲ့ဂျယ်လ်၊



ဦးကျော်နိုင်သန်း

Body Lotion၊ မျက်နှာသစ်ဆပ်ပြာ၊ ဆပ်ပြာတုံးဆိုပြီး အမျိုးအစား ၂၃ မျိုး ထုတ်လုပ်ပါတယ်။ ထပ်ပြီး တိုးမြှင့်ထုတ်လုပ်မှာက သနပ်ခါးသည် အေးချမ်းစေသည်၊ လူမျိုးမရွေး၊ ဘာသာမရွေး အားလုံးသုံးကြသည်၊ ငြိမ်းချမ်းရေးသနပ်ခါးဆိုပြီး ထုတ်လုပ်ဖို့လည်း ရှိပါတယ်။

**ဒေါ်ယုယုဌေး (ပယင်းနှင့် ပယင်းဆက်စပ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း)**

ပယင်းခေါင်းအုံး၊ ပယင်းနဲ့ ဆက်စပ်ပစ္စည်းတွေထုတ်ရင်းက ပရုတ်ဆီ၊ လိမ်းဆေးဆီတို့လည်း ထုတ်ပါတယ်၊ အခုနောက်ဆုံးထုတ်တာ ပယင်းလိုက်ကာ၊ တူ၊ ဇွန်းတွေလည်း ထုတ်နေပါတယ်။ ပြည်ပပို့ကုန်မှာဆိုရင် ပယင်းပရုတ်ဆီကို စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျ၊ ကနေဒါ၊ အမေရိကနဲ့ ထိုင်းနိုင်ငံတို့ကို ပို့ပါတယ်။ ပယင်းနှင့် ပယင်း ဆက်စပ်ပစ္စည်း ထုတ်လုပ်ဖြန့်ချိရေးအမည်နှင့် ဧရာဝတီတိုင်းဒေသကြီးမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း



ဒေါ်ယုယုဌေး

MSMEs များ၏ တတိယအကြိမ် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှာ ဒုတိယဆု ရရှိခဲ့တာဖြစ်ပါတယ်။

မြန်မာ့ပယင်းက ကမ္ဘာမှာ အရှားပါးဆုံး ပစ္စည်းဖြစ်ပါတယ်။ မြန်မာ့ပယင်းရဲ့အရောင်၊ ပယင်းကနေပေးတဲ့ အစွမ်းသတ္တိဟာ လူသားအားလုံးကို အကျိုးပြုတယ်ဆိုတာကို ပြောချင်ပါတယ်။ ပယင်းသည် သစ်စေးက ဖြစ်သော ကျောက်ပါ။ သူက အော်ဂဲနစ်ကျောက် ဖြစ်ပါတယ်။ ပယင်းမှာပါတဲ့ဓာတ်က ၁၀၀ ရာခိုင်နှုန်းလောက် ပြည့်စုံမှုရှိပါတယ်။ ပယင်းက လူ့ခန္ဓာကိုယ်အတွက် အကျိုးပြုပါတယ်။

**ကိုကျော်သက်နိုင်(အေးသာယာဝိုင်)**

မြန်မာနိုင်ငံမှာ ဝိုင်က ရောင်းအား



ဒေါ်စွဲ့အေးဆိုင်

ကောင်းတဲ့အတွက် စပျစ်ကို အေးသာယာမှာစိုက်တယ်။ ပျဉ်းမနားတစ်ဝိုက်ကို စပျစ်မျိုးစေ့တွေအပြင် နည်းပညာတွေကိုလည်း ပေးပြီး စိုက်ပါတယ်။ ရလာတဲ့စပျစ်တွေကို ပြန်သိမ်းပြီး အေးသာယာကစက်ရုံမှာ ဂျာမနီနည်းပညာနဲ့ ပြန်ပြီးတော့ ဝိုင်ထုတ်ပါတယ်။ ပြည်ပတင်ပို့ဖို့အတွက်လည်း စီစဉ်နေပါတယ်။

**မကြည်ဖြူအေး**
**(ကမ္ဘောဇ လက်ဖက်ထုတ်လုပ်ရေး)**

ဒီပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ထုတ်ကုန်အနေနဲ့ သီးသန့်လာရောက်ပြသတာ ဖြစ်ပါတယ်။ လက်ဖက်ကို ရှမ်းပြည်နယ်ကနေ တိုက်ရိုက်ယူပြီး ဓာတုဆိုးဆေးမပါဘဲနဲ့ နှပ်တာဖြစ်ပါတယ်။ လက်ဖက်နဲ့အတူ ပဲကြော်ကိုလည်း အညာဒေသထွက်ကုန်အနေနဲ့ ပြသတာဖြစ်ပါတယ်။ ပဲကြော်အမျိုးအစားတွေ အများကြီးရှိတဲ့အထဲက ကျွန်မတို့ ကမ္ဘောဇ လက်ဖက်ထုတ်လုပ်ရေးက ခုနစ်ထွေကြော်ကို သီးသန့်ဖော်စပ်ပြီး ရောင်းချတာဖြစ်ပါတယ်။ ဆီပါဝင်မှုနည်းပါးတဲ့အတွက်



ဦးကက်နက်စိန်

လူကြီးတွေအနေနဲ့ ကျန်းမာရေးနဲ့လည်း ညီညွတ်ပါတယ်။

**ဦးကျော်လွင်**
**(ရွှေပင်လယ် ကြိမ်နှင့် ကြိမ်ပရိဘောဂ)**

စားပွဲ၊ ကုလားထိုင်၊ မှန်တင်ခုံ စတဲ့ အိမ်သုံးပစ္စည်း၊ ကြိမ်ပရိဘောဂကို အမျိုးပေါင်း ၁၀၀ ကျော် ထုတ်လုပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ ပါဝင်ပြသခဲ့ပြီး SME အလတ်စား ဒုတိယဆုကိုရတဲ့အတွက် နေပြည်တော်မှာ ဆက်ပြီးပြသပါတယ်။ ရွှေပင်လယ်ကုမ္ပဏီအနေနဲ့ ကုန်ကြမ်းကို ပဲခူး၊ တနင်္သာရီနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မွန်နဲ့ ရခိုင်ပြည်နယ်တို့က ရရှိပါတယ်။ ပြည်ပပို့ကုန်အနေနဲ့ ကြိမ်အကြမ်းကို ချောပြီး ထိုင်ဝမ်နဲ့ တရုတ်ကို ပို့ပါတယ်။ ပရိဘောဂကိုလည်း လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက မြန်မာရဲ့နည်းစနစ်နဲ့ ထုတ်တော့ ရောင်းအားနည်းပါတယ်။ ယခုနောက်ပိုင်းမှာ ထိုင်ဝမ်ပရိဘောဂ အတတ်ပညာရှင်တွေကို ခေါ်ယူပြီး နှစ်နှစ်ကျော်လောက် နည်းပညာတွေ သင်ယူ၊ ပစ္စည်းတွေ ထုတ်လုပ်တဲ့အတွက် အာရှမှာ အဆင့်မီမီ ရောင်းနိုင်ပါတယ်။

**ဒေါ်စွဲ့အေးဆိုင် (ချယ်ရီပယင်းရတနာနှင့်ကချင်ပြည်နယ်ဒေသထွက်ကုန်များ)**

ကချင်ပြည်နယ်က ဒေသထွက်ကုန်လေးတွေကို လူတွေ သိစေချင်တာပါ။ ရောင်းချတဲ့ပစ္စည်းတွေက ပယင်း၊ ကချင်ပြည်နယ်နဲ့ ပူတာအိုက ဒေသထွက်ကုန်လေးတွေပါတယ်။ ပယင်းနဲ့ပတ်သက်လို့ လက်ဝတ်ရတနာပစ္စည်း၊ ပယင်းဆက်စပ်ပစ္စည်းတွေလည်းပါတယ်။ ဆေးမြစ်တွေအနေနဲ့ ဂျင်ဆင်းမြစ်၊ ခမ်းတောက်မြစ်၊ မဂျစ်ဉ၊ မျက်စိအားတိုးဆေးတို့ကို ပါဝင်ပြသတာ ဖြစ်ပါတယ်။

**ဦးကျော်နိုင်သန်း**
**(ထန်းနှင့် သစ်အချောထည်စက်ရုံ)**

မကွေးတိုင်းဒေသကြီး MSMEs ပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့အတွက် ပါဝင်ပြသခြင်းဖြစ်ပါတယ်။ ပရိဘောဂပိုင်းမှာ လူအသုံးများတဲ့ပစ္စည်းတွေ၊ အိမ်သုံးပစ္စည်းတွေကို အများဆုံး ပြသထားပါတယ်။ လေလွင့်ပျက်စီးတဲ့ ထန်းပင်အိုတွေ၊ အနှစ် ၆၀ က ၁၀၀ အတွင်းက ထန်းပင်အိုတွေ၊ ထုတ်လုပ်မှုအရည်အသွေးနဲ့ ကိုက်ညီတဲ့ ထန်းပင်အိုတွေနဲ့ ထုတ်လုပ်ပါတယ်။ လက်ရှိအနေအထားမှာ ပြည်ပကို တင်ပို့တဲ့အဆင့်အထိ မရောက်သေးပါဘူး။ တင်ပို့နိုင်ဖို့လည်း ကြိုးစားနေပါတယ်။

❖ ကျောဖုံးမှ

ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဗိသုကာလက်ရာပညာရှင်များအသင်း၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ယဉ်ကျေးမှုများ အသီးသီးထွန်းကားခဲ့**

အစည်းအဝေးတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံတွင် ရှေးနှစ်သန်းပေါင်းများစွာကတည်းက ပေါ်ထွန်းခဲ့သည့် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ပါကြောင်း၊ ထို့အတူ နိုင်ငံသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည့် သမိုင်းမတင်မီခေတ်များကို ဖြတ်သန်းလာခဲ့သည်ကိုလည်း ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများအရ သိရှိနိုင်ပါကြောင်း၊ သမိုင်းတင်ခေတ်တွင်လည်း ပျူ၊ မွန်၊ ရခိုင်တို့၏ ရှေးဟောင်းမြို့တော်များတွင် ယဉ်ကျေးမှုများ အသီးသီးထွန်းကားခဲ့ပါကြောင်း၊ ပထမမြန်မာနိုင်ငံတော်အဖြစ် ပုဂံခေတ် စတင်ထွန်းကားခဲ့ပြီး ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင် စသည်ဖြင့် ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် ရှေးဟောင်းမြန်မာ့သမိုင်းကြောင်းတစ်လျှောက်တွင် လူများ ဖန်တီးခဲ့သည့် အနုပညာလက်ရာများနှင့် ဗိသုကာလက်ရာများကို ဒြပ်ရှိယဉ်ကျေးမှုများအဖြစ် နိုင်ငံတစ်ဝန်းတွင် အမြောက်အမြားတွေ့ရှိနိုင်ပါကြောင်း၊ ထို့အတူ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် ဘာသာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်မှုများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ပွဲတော်များ စသည့် ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးစုအားလုံးတွင် တွေ့ရှိနိုင်ပါကြောင်း၊ ထိုသို့ ခေတ်အဆက်ဆက်ပေါ်ထွန်းတည်ရှိခဲ့သည့် ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်များမှ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ စသည့် ပျူမြို့ဟောင်း (၃)မြို့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ရက်တွင် ကမ္ဘာ့အမွေအနှစ်အဖြစ် တက်လှမ်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

အလားတူ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား ကျောက်စာများ၊ မြစေတီ(ရာဇကုမာရ်)ကျောက်စာ၊ ပုဂံရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီးခေါင်းလောင်းစာတို့သည် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူစွာ မှတ်တမ်းတင်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြကျောက်စာကိုလည်း ၂၀၁၈ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် ထည့်သွင်းသတ်မှတ်ခံခဲ့ရပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်သတ်မှတ်နိုင်ရေးအတွက် ၂၀၂၀ ခုနှစ် UNESCO သို့ ဆက်လက်တင်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် အဆိုပြုစာတွဲ(အပြည့်အစုံ) Nomination Dossier (Complete) ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်တွင် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီတင်ပြနိုင်ခဲ့ပါကြောင်း။

**ပြန်လည်ဖြေကြားခဲ့ပြီးဖြစ်**

ထိုသို့တင်ပြခဲ့သည့် စာတွဲများကို နိုင်ငံတကာအထိမ်းအမှတ် အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (International Council On Monuments and Sites -ICOMOS) စုံညီအဖွဲ့က ဖတ်ရှုပြီး အဖွဲ့၏ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်က ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်မှ (၂၅)ရက်အထိ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသကို လာရောက်အကဲဖြတ် လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ၎င်းအဖွဲ့က မေးမြန်းလာသည့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်သည့် ဖြေရှင်းမည့်နည်းလမ်းများ၊ စီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်သည့် ရှေးဟောင်းသုတေသနဆိုင်ရာ အခြေပြမြေပုံရေးဆွဲထားရှိမှု၊ ပုဂံဒေသအတွက် တစ်ခုတည်းသော မြေပုံရေးဆွဲထားရှိမှု၊ ငလျင်အခြေပြမြေပုံရေးဆွဲထားရှိမှု၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ ယဉ်ကျေးမှုအမွေအနှစ်အပေါ် ထိခိုက်မှုရှိ၊ မရှိ လေ့လာဆန်းစစ်အကဲဖြတ်ခြင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပုဂံဒေသအတွင်းရှိ အဆင့်အတန်း မသတ်မှတ်ရသေးသည့် ဘုရား၊ ပုထိုးများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ၊ လူမှုအသိုက်အဝန်းများ ပါဝင်ပတ်သက်မှုအခြေအနေ၊ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အခြေအနေတို့ကို မြန်မာနိုင်ငံမှ ပြန်လည်ဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် "ကမ္ဘာ့အမွေအနှစ်စာရင်း၊ ၂၀၁၉ ပုဂံ(မြန်မာ) -ကြားဖြတ်" အစီရင်ခံစာ (Interim Report and Additional Information Request) နှင့် သတင်းအချက်အလက်များကိုလည်း ICOMOS ထံသို့ ပေးပို့ခဲ့ပြီးဖြစ်၍ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ၂၀၁၉ ခုနှစ်၊ ဇွန်လ (၃၀) ရက်မှ ဇူလိုင်လ (၁၀) ရက်ထိကျင်းပပြုလုပ်မည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးကို ဆုံးဖြတ်နိုင်တော့မည်ဖြစ်ပါကြောင်း။

ဆက်လက်၍ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့်ကော်မတီများဖွဲ့စည်း၍ အဆိုပြုစာတွဲ (Nomination Dossier)ကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြနိုင်ရေးအတွက် ကဏ္ဍအသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့သော ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်အဖြစ် တက်လှမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုများပင်ဖြစ်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ရှိနေပြီး ထင်ရှားသည့် ယဉ်ကျေးမှုအမွေအနှစ်များအပြင် တိမ်မြုပ်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ်သုတေသနပြုရန် လိုအပ်နေဦးမည်ဖြစ်ပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းဖော်ပြထားပါကြောင်း။


ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို


ဒုတိယဝန်ကြီး ဦးကြည်မင်း


ဒုတိယဝန်ကြီး ဦးတင်မြင့်


ဒုတိယဝန်ကြီး ဦးလှမော်ဦး

**ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်**

မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများကို အဆောက်အဦဆိုင်ရာ ကာကွယ်ထိန်းသိမ်းခြင်း၊ ဓာတုဗေဒဆိုင်ရာ ကာကွယ်ထိန်းသိမ်းနည်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်နိုင်ရန် သိပ္ပံနည်းကျသုတေသနလုပ်ငန်းများနှင့် မြေပုံများရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးဥပဒေများကို ထုတ်ပြန်ကာကွယ်ထိန်းသိမ်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်တွင် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကိုသာမက ဒေသခံလုပ်သားပြည်သူများ၏ လူနေမှုဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန်နှင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နိုင်စေရန် ရေးဆွဲနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ကော်မတီဝင်များအနေဖြင့် နိုင်ငံအတွင်းရှိ ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းဖော်ထုတ်ခြင်းနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အတူတကွ လက်တွဲဆောင်ရွက်သွားနိုင်ရန် ဌာနတစ်ခုနှင့်တစ်ခု ဆက်သွယ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းကဏ္ဍများသည် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အကြံဉာဏ်ကောင်းများဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးတိုင်ပင်ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အဦများ၊ နေရာဒေသများနှင့် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ဆက်စပ်ဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အခြေအနေများနှင့် ပြန်လည်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အခြေအနေများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို အတည်ပြုနိုင်ရေး၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး ဥပဒေရေးဆွဲရေးအတွက် မူဝါဒများချမှတ်ပေးနိုင်ရေး၊ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးဥပဒေကို မှတ်တမ်းတင်ပေးနိုင်ရေး၊ မြန်မာနိုင်ငံပြတိုက်များ ဥပဒေ(မူကြမ်း) ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စိစစ်ရေးပညာရှင်အဖွဲ့ ဖွဲ့စည်းမှုကို မှတ်တမ်းတင်နိုင်ရေး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ၂၀၁၇ ဒီဇင်ဘာလမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဇန်နဝါရီလအထိ ဆုကြေးငွေများချီးမြှင့်၍ စုဆောင်းခဲ့သည့် ရှေးဟောင်းဝတ္ထုပစ္စည်းစာရင်းကို မှတ်တမ်းတင်နိုင်ရေး၊ အမျိုးသားပြတိုက် (နေပြည်တော်၊ ရန်ကုန်) သို့ ပြည်သူများ လာရောက်လှူဒါန်းသည့် ပစ္စည်းများလက်ခံရရှိမှုနှင့် တိုက်ပိုင်စာရင်းရေးသွင်း ထိန်းသိမ်းထားရှိမှုကို မှတ်တမ်းတင်ပေးနိုင်ရေးနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း မှတ်တမ်းပြုစုခဲ့သည့် တိုင်းရင်းသားတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မှတ်တမ်းတင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ရှင်းလင်း**

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် ဦးလှမော်ဦးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ UNESCO အဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အမျိုးသားယဉ်ကျေးမှုကို ရိုးရာဓလေ့ပင်ကိုဟန် မပျောက်ပျက်စေဘဲ နိုင်ငံတကာအဆင့်မီ ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဖော်ထုတ်ရန်လိုသကဲ့သို့ သရုပ်ပျက်အပြုအမူများ မပေါ်ပေါက်စေရေးအတွက် စည်းကမ်းထိန်းသိမ်းခြင်းကိုလည်း ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် အကြံပြုဆွေးနွေးချက်များနှင့် လိုအပ်ချက်များကို တက်ညီလက်ညီ ဆက်လက်ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မြန်မာမီဒီယာအဖွဲ့ တရုတ်နိုင်ငံသို့ ထွက်ခွာ

**မုံရွာ မတ် ၂၂**

မြန်မာ-တရုတ်ချစ်ကြည်ရေးအဖြစ် မြန်မာမီဒီယာကိုယ်စားလှယ် ၁၄ ဦး အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံသို့ လေ့လာရေးခရီးအဖြစ် မတ် ၂၂ရက်က လေယာဉ်ဖြင့် ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

လေ့လာရေးအဖွဲ့တွင် မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်နှင့် စဉ့်ကိုင်မြို့တို့မှ သတင်းထောက်စာရေးဆရာနှင့် ဓာတ်ပုံဆရာ ၁၃ ဦးပါဝင်ပြီး တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းများ လိုက်ပါသွားကြောင်း သိရသည်။

ခရီးစဉ်တွင် မော်စီတုံးမွေးရပ်မြေ၊ ShaoShan ယွမ့်တာနည်းပညာအုပ်စု၊ ဆန်နီအကြီးစားစက်မှုကုမ္ပဏီ၊ ဝူယီဈေးဆောက်လုပ်နေသော ကွမ်ရှန်ရွာသစ်နှင့် ဟူနန်ရုပ်သံလိုင်း စသည့် နေရာများသို့ မတ် ၂၂ ရက်မှ ၂၉ ရက်အထိ လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲလေ့လာရေးခရီး ထွက်ခွာ

**ရန်ကုန် မတ် ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့သည် ထိုင်းနိုင်ငံရွေးကောက်ပွဲကော်မရှင်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံတွင် ကျင်းပမည့် ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲအား လေ့လာရန်အတွက် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည်။

**ကြာမြင့်မည်**

ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးလိုက်ပါသွားခဲ့ပြီး ခရီးစဉ်မှာ မတ် ၂၆ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရန် ပြင်ဆင်ထားရှိမှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လှည့်လည်ကြည့်ရှု

**ရန်ကုန် မတ် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ည ၇ နာရီခွဲက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ရှိ The One Entertainment Park သို့ ရောက်ရှိပြီး မတ် ၂၃ ရက်တွင် ကျင်းပမည့် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရန် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ကြိုဆိုဧည့်ခံရေးနှင့် နေရာချထားမှုအခြေအနေများ၊ ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပေးအပ်မည့်စင်မြင့်နှင့် အကြိုဇာတ်တိုက်လေ့ကျင့်မှုများ၊ သတင်းရယူမည့် သတင်းမီဒီယာများအတွက် စီစဉ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် တာဝန်ရှိသူများက ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**တိုက်ရိုက်ထုတ်လွှင့်ပြသမည်**

၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၂၃ ရက် ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ညနေ ၃ နာရီခွဲမှစ၍ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီး အတွင်း ယာဉ်မောင်းသူများလိုက်နာရန်။

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
(၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်၊ မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင် မောင်းနှင်ခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူ ဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၁/၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

**တိုင်းဒေသကြီးဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်မောင်ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးမြင့်သန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>(ရုံးချုပ်)<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေး<br>ဦးစီးဌာန ပြည်ထောင်စု<br>အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန |
| (၂) | ဦးဘမြင့်<br>အထွေထွေမန်နေဂျာ(စစ်ဆေးရေး)<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်<br>ရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာဇော်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်တစ်သက်တာ<br>ပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်<br>တစ်သက်တာပညာရေး<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာစိုင်းကျော်နိုင်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေး<br>အဖွဲ့(သုတေသန)<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်<br>ရေးအဖွဲ့(သုတေသန)<br>ပညာရေးဝန်ကြီးဌာန |

# တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး ရန်ကုန်တိုင်းဒေသကြီး ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ(ရန်ကုန်)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးတို့ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးပွဲ ကျင်းပလျက်ရှိရာ မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဦးဆန်းလင်း (တိုင်းရင်းဆေးမှူး) အနာပေါက်ရောဂါကုဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ(ရန်ကုန်)က ကြာဖက်ကြီးပင် (Leea macrophylla Roxb.) (Kya-Hpet-Gyi) အမြစ်၏ အကျိုတ်လူနာများအပေါ် သက်သာပျောက်ကင်းမှုအခြေအနေကို လေ့လာခြင်းအား တင်ပြဆွေးနွေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာ ဆရာမများ ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **အောင်ဌေး**

# ကွန်ပျူတာသုံး မြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်) စတင်အသုံးပြုနိုင်ရေး နည်းပညာရှင်းလင်း

နေပြည်တော် မတ် ၂၂

ကွန်ပျူတာသုံး မြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်) စတင်အသုံးပြုနိုင်ရေး နည်းပညာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးသာဦး တက်ရောက်သည်။

**တစ်ပြေးညီသုံးစွဲ**

ရှင်းလင်းပွဲတွင် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းက International Standard Organisation (ISO) 10646 နှင့် မြန်မာစာစနစ်ဖြစ်သည့် ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်ဖြင့် ရုံးစာရေးသားခြင်း၊ Website များတွင် အသုံးပြုခြင်း၊ Application များနှင့် Database များ စသည်တို့တွင် တစ်ပြေးညီသုံးစွဲနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် စံသတ်မှတ်ရေးဆပ်ကော်မတီမှ ဒေါက်တာထွန်းသူရသက်က နည်းပညာဆိုင်ရာကိစ္စရပ်များ၊ အမှန်တကယ်အသုံးပြုရာတွင် တွေ့ရှိလာနိုင်သည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကွန်ပျူတာသုံး မြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်) အသုံးပြုမှုကို လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက ကွန်ပျူတာသုံး မြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်) အသုံးပြုမှု တွေ့ကြုံရသည့် အဆင်မပြေမှုများနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ကွန်ပျူတာသုံးမြန်မာစာစနစ် ပြည်ထောင်စုဖောင့်သည် မြန်မာစာရေးထုံးများကို လိုက်နာထားပြီး မြန်မာဘာသာစကားအပြင် တိုင်းရင်းသားဘာသာစကားများကိုပါ ရေးသားနိုင်ကြောင်း၊ ဘာသာစကားတစ်ခုမှတစ်ခုသို့ ဘာသာပြန်ဆိုရာတွင် အသုံးပြုနိုင်ကြောင်းနှင့် အစိုးရအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများတွင် ကွန်ပျူတာသုံးမြန်မာစာစနစ် ပြည်ထောင်စုဖောင့်ကို ယခုနှစ် ဧပြီ ၁ ရက်မှစတင်၍ အသုံးပြုသွားရန် သတ်မှတ်စီစဉ်လျက်ရှိကြောင်း သိရသည်။

**တက်ရောက်ဆွေးနွေး**

နည်းပညာရှင်းလင်းပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ Chief Information Officer (CIO)များနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ၊ ပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။

သတင်းစဉ်

# ကွန်ပျူတာသုံး မြန်မာစာစနစ်(ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်)ကို လာမည့် ဧပြီ ၁ ရက်တွင် စတင်အသုံးပြုသွားမည်



ဦးစိုင်းစောလင်းထွန်း



ဒေါက်တာထွန်းသူရသက်

ကွန်ပျူတာသုံး မြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်)ကို ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများ၌ ဧပြီ ၁ ရက်တွင် စတင်အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းက ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ကွန်ပျူတာသုံးမြန်မာစာစနစ် (ပြည်ထောင်စုဖောင့်နှင့် ကီးဘုတ်) စတင်အသုံးပြုနိုင်ရေး နည်းပညာရှင်းလင်းပွဲတွင် သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

**မြန်မာစာကို မြန်မာရေးထုံးနှင့်အညီ ဆောင်ရွက်ထား**

ထို့ပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာလတွင် စတင်အသုံးပြုနိုင်ရန် မြန်မာစာကို မြန်မာရေးထုံးနှင့်အညီ ဆောင်ရွက်ထားသည့်အပြင် ကမ္ဘာ့စံနှုန်းဖြစ်သည့် ISO 10646 နှင့်အညီ ပြုစုထားကြောင်း၊ ထို့ကြောင့် ကမ္ဘာကပါ မြန်မာစာကို အခြားဘာသာများနှင့် အသုံးပြုနိုင်တော့မည် ဖြစ်ပါကြောင်း၊ အဆိုပါဖောင့်တွင် မြန်မာစကားအပြင် အခြားသော တိုင်းရင်းသားဘာသာစကားများဖြင့်ပါ အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ အသုံးပြုနိုင်သည့် စနစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဟုဆိုသည့် အမည်ပေးခြင်းဖြစ်ကြောင်း အမည်ပေးထားခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းစနစ်၏အားသာချက်နှင့်စပ်လျဉ်း၍လည်း "အခု Unicode က Data တွေ အပေးအယူလုပ်တဲ့အခါ ပြန်ပြင်စရာမလိုတော့ပါဘူး။ တခြားနိုင်ငံတွေနဲ့လည်း ဘာသာပြန်မယ်ဆိုရင် စာလုံးနဲ့ အသံထွက်နဲ့ ဘာသာပြန်လို့ရပါပြီ" ဟု ပြောကြားသည်။

**တစ်ပြေးညီသုံးစွဲသွားနိုင်**

ယူနီကုဒ်စံသည် ကမ္ဘာ့တစ်ဝန်းရှိ မတူညီသောဘာသာစကားများကို ရေးသားသည့် အက္ခရာကုဒ်များသတ်မှတ်ပေးသော နိုင်ငံတကာစံ International Standard Organisation (ISO) 10646 နှင့် မြန်မာနိုင်ငံစံနစ် MMS ISO/IEC 10646:2017 ကို လိုက်နာရေးသားထားသော ကွန်ပျူတာသုံး မြန်မာစာစနစ်ဖြစ်ပြီး ပြည်ထောင်စုဖောင့်ကီးဘုတ်ဖြင့် ရုံးစာရေးသားခြင်း၊ Website များတွင်အသုံးပြုခြင်း၊ Application များနှင့် Database များ စသည်တို့တွင်လည်း တစ်ပြေးညီသုံးစွဲသွားနိုင်ကြောင်း သိရသည်။

ယူနီကုဒ်စံကိုသာ အခြေခံထားသောကြောင့် ဘာသာစကားတစ်ခုချင်းအတွက် သတ်မှတ်အသုံးပြုရန် လိုအပ်သည့်အချက်အလက်များကို စုစည်းထားပြီး ဘာသာစကားအလိုက် ပုံမှန်သတ်မှတ်ချက်များ၊ ဘာသာပြန်ရာတွင် လိုအပ်သောအမည်များ၊ အရေးအသားပုံစံများ၊ နိုင်ငံအလိုက် သတ်မှတ်ချက်များနှင့် အခြားသီးခြားသတ်မှတ်ရန် လိုအပ်သော အချက်အလက်များ ပါဝင်သောကြောင့် ထိုအချက်အလက်များကို Operating Systems များ၊ Application ဆော့ဖ်ဝဲထုတ်လုပ်သူများက လိုက်နာအသုံးပြုကြကြောင်းလည်း သိရသည်။

ဆော့ဖ်ဝဲများရေးသားရာ၌ ဘာသာစကားများအတွက် လိုအပ်သော အခြေခံဆော့ဖ်ဝဲ libraries များဖြစ်ပြီး စကားလုံးများစီစဉ်ရာ၌ လိုအပ်သော collation algorithm များ၊ စကားလုံးများရှာဖွေရာ၌ လိုအပ်သော comparison rule များ စသည့် ဘာသာစကားတိုင်းအတွက် လိုအပ်သည့် CLDR(Common Locale Data Repository) မှ အချက်အလက်များကို တွဲဖက်အသုံးပြု၍ အကောင်အထည်ဖော်ထားသောစနစ်ပါဝင်ပြီး ခေတ်သစ်အင်တာနက်နှင့် မိုဘိုင်းဆော့ဖ်ဝဲများ ရေးသားရာတွင် အရေးကြီးသော Internationalization (i18n) နှင့် Localization(l10n) တို့အတွက် အဓိကကျသော လိုအပ်ချက်များဖြစ်ကြောင်း သိရသည်။

**မြန်ဆန်စွာဆောင်ရွက်နိုင်**

စံသတ်မှတ်ရေး ဆပ်ကော်မတီဝင် ဒေါက်တာထွန်းသူရသက်က "ယူနီကုဒ်ဖောင့်တစ်ခုဖြစ်တဲ့ ပြည်ထောင်စုဖောင့်ကို ရုံးတွေမှာသုံးဖို့ သတ်မှတ်ထားတဲ့အတွက် ဒါတွေကို အောင်မြင်အောင်ပြုလုပ်ဖို့ နည်းပညာရှင်းလင်းပွဲ ပြုလုပ်တာပါ။ Myanmar 2,3 နဲ့ ပြည်ထောင်စုဖောင့်တွေဟာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ရေးဆွဲခဲ့တဲ့ဖောင့်တွေပါ။ အဓိကကွာခြားချက်တွေက ပြည်ထောင်စုဖောင့်မှာ တိုင်းရင်းသားစာတွေပါလာတဲ့အတွက် အစိုးရရုံးစာတွေမှာ တိုင်းရင်းသားစာတွေ ရေးမယ်ဆိုရင်လည်း အဆင်ပြေပါတယ်။ ပြည်ထောင်စုဖောင့်ကိုသုံးရင်းနဲ့ ကမ္ဘာ့စံမီတဲ့ မြန်မာနိုင်ငံရဲ့မြန်မာစာစနစ်ဖြစ်အောင် လုပ်ဖို့အတွက် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားသည်။

ပြည်ထောင်စုဖောင့်၏ အားသာချက်သည် မြန်မာ(ဗမာ)၊ ပါဠိ၊ သက္ကတ အပါအဝင် မွန်၊ ရှမ်း၊ စကောကရင်၊ ပိုးကရင်(အနောက်ပိုင်း)၊ ပိုးကရင်(အရှေ့ပိုင်း)၊ ပအိုဝ်၊ ကယား၊ အရှို့ချင်း၊ ပလောင်၊ ရွှေပလောင်၊ ရှမ်းနည်း၊ တအောင်း၊ ခမ်းတီးရှမ်း၊ Aiton၊ Phake၊ တိုင်းလျှမ်ခေါ်ရှမ်းနီ၊ ရွှေပလောင် စသည့် တိုင်းရင်းသားဘာသာစကားများ အသုံးပြုနိုင်ခြင်း၊ ၂၀၁၆ ခုနှစ် မြန်မာအဖွဲ့အကြံပြုသည့် ရေးထုံးသတ်မှတ်ချက်ဖြစ်သည့် ဗျည်းတွဲ ပင့်ရစ်၊ ဆွဲ၊ ထိုး သည် မူလဗျည်းနှင့် ထိဆက်နေခြင်း၊ သရများသည် မူလဗျည်းနှင့် မထိစေခြင်း၊ ပဆောက်+ရေးချသည် ဟ နှင့် မတူစေခြင်း၊ Microsoft Office new versions (Versions 2013 and above) ကြောင့် အဆင်ပြေမြန်ဆန်စွာဆောင်ရွက်နိုင်ခြင်း စသည့်အချက်များ ထည့်သွင်းထားကြောင်း သိရသည်။

**နိုင်ငံတကာစံဖြစ်**

Myanmar 2,3 မှ ပြည်ထောင်စုဖောင့်သို့ ပြောင်းရာတွင် Myanmar 2,3 စာအဟောင်းများအတွက် Conversion ပြောင်းလဲစရာမလိုအပ်ခြင်း၊ Window အသစ်များတွင် Myanmar 3(2018) ကို ဆက်လက်အသုံးပြုနိုင်ခြင်း၊ Documents အသစ်များအတွက် ပြည်ထောင်စုဖောင့်ကို အသုံးပြုနိုင်ခြင်း စသည့် အချက်များလည်းပါဝင်ကြောင်း သိရသည်။

e-Government စနစ်များတွင် ယူနီကုဒ်စနစ်ကိုက်ညီပြီး မြန်မာစာရေးထုံးများကိုလိုက်နာသည့် ကွန်ပျူတာစနစ်များကို အသုံးပြုခြင်းဖြင့် မြန်မာစာနှင့် တိုင်းရင်းသားဘာသာစကားများကို Searching, Shorting, Translation များနှင့် နိုင်ငံတကာအဆင့်မီ Natural Language Processing (NLP)များ ပြုလုပ်လာစေနိုင်ခြင်း၊ နိုင်ငံတကာစံဖြစ်သည့်အတွက် Microsoft,Apple,Google, Facebook, Oracle,SAP အစရှိသော နည်းပညာကုမ္ပဏီများ၏ ဆော့ဖ်ဝဲများတွင် တိုက်ရိုက်ထောက်ပံ့မှုရရှိခြင်း၊ မြန်မာစာ၏ ရေးထုံးနှင့် မှန်ကန်ကိုက်ညီသော အင်တာနက်နှင့် မိုဘိုင်း Applications များ ပေါ်ထွက်လာစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်သည်။

သတင်းဆောင်းပါး-အေးအေးသန့်

ဓာတ်ပုံ -ကျော်ဇင်ထိုက်

## ရန်ကုန်လေဆိပ် Terminal 1 မြေအောက်ထပ်၌ မီးဘေးအန္တရာယ်လုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် မတ် ၂၂

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 မြေအောက်ထပ်တွင် မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြုလုပ်ခဲ့သည်။

အဆိုပါလေ့ကျင့်မှုတွင် မီးတောက်များနှင့် မီးခိုးများ၊ အရေးပေါ်အချက်ပေးသံများ၊ မီးသတ်ယာဉ်များ၊ မီးသတ်ဝန်ထမ်းများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဝန်ထမ်းများ အရေးပေါ်ထွက်ပေါက်မှ စုရပ်သို့ တစ်ပြိုင်နက် ထွက်ရောက်စုဝေးခြင်းများ ပြုလုပ်ဆောင်ရွက်ကာ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါလေ့ကျင့်မှုသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မီးဘေးအန္တရာယ်လုံခြုံစိတ်ချရမှု အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို အစမ်းလေ့ကျင့်ခြင်းဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အသုံးပြုသူခရီးသည်များနှင့် လေဆိပ်အတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဘေးကင်းလုံခြုံမှုအတွက် ယုံကြည်စိတ်ချရမှုကို စဉ်ဆက်မပြတ် သိရှိနားလည်နိုင်စေရန် ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

# လူငယ်ရေးရာမူဝါဒကို လူငယ်ထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်လျက်ရှိ လူငယ်ရေးရာမူဝါဒကို အခြေခံကာ တစ်နိုင်ငံလုံးရှိ လူငယ်များအားလုံး သာတူညီမျှခံစားရရှိနိုင်ရေး အရေးကြီး



**နေပြည်တော် မတ် ၂၂**

လူငယ်ရေးရာ မူဝါဒဆိုင်ရာနှင့် ပတ်သက်၍ ပြည်ထောင်စုနယ်မြေရှိ လူငယ်များနှင့် တွေ့ဆုံပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လူငယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌လည်းကောင်း ကျင်းပသည်။

**သာတူညီမျှခံစားရရှိနိုင်ရေး အရေးကြီး**

တွေ့ဆုံ ဆွေးနွေးပွဲများတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူငယ်ရေးရာမူဝါဒကို နိုင်ငံတော်အစိုးရသစ်လက်ထက်ရက် (၁၀၀)စီမံချက်တွင် ထည့်သွင်းဆောင်ရွက်ခဲ့ပြီး လူငယ်ထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာများမှ လူငယ်များအပါအဝင် လူငယ်များအားလုံး သိရှိစေရန်လိုအပ်ကြောင်း၊ လူငယ်များ၏ အခွင့်အရေးမြှင့်တင်ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ပေးရန် အစိုးရတွင် တာဝန်ရှိသည့်အတွက် မိမိတို့အစိုးရလက်ထက်တွင် လူငယ်မူဝါဒ ပေါ်ပေါက်ရန် အားထုတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ထောင်ရန် ဦးတည်ဆောင်ရွက်သည့်အချိန်တွင် လူငယ်ရေးရာမူဝါဒကို အခြေခံကာ တစ်နိုင်ငံလုံးရှိ လူငယ်များအားလုံး သာတူညီမျှခံစားရရှိနိုင်ရေး အရေးကြီးပါကြောင်း၊ လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မဟာဗျူဟာစီမံချက်ရေးဆွဲနေပြီး လုပ်ငန်းစဉ်များ ချမှတ်ကာ ဆက်လက်အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ လူငယ်များ ရသင့်ရထိုက်သော အခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အပြည့်အဝရရှိစေရန် လူငယ်များအပါအဝင် မိသားစုဝင်များ၊ အစိုးရဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိလူငယ်များ သာတူညီမျှခံစားရရှိနိုင်ရေးအတွက် လူငယ်ရေးရာမူဝါဒတွင် ပါဝင်သော ကဏ္ဍ (၁၆)ရပ်မှ ဦးစားပေးဆောင်ရွက်သင့်သော လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့် ငြိမ်းချမ်းရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် အားကစားကဏ္ဍများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ လူငယ်များနှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းမှာ လူငယ်များကို ဦးစားပေးအလေးထားခြင်းဖြစ်၍ လူငယ်များအနေဖြင့်လည်း အနာဂတ်မျိုးဆက်သစ်များအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ လူကြီးများ၏အမှားများကို လူငယ်များက သင်ခန်းစာယူပြီး အတွေးသစ်၊ အမြင်သစ်များဖြင့် စိန်ခေါ်မှုအဟန့်အတား အခက်အခဲများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်တို့သည် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ မင်းဂံရပ်ကွက်တွင် လူငယ်စင်တာ ဖွင့်လှစ်မည့်နေရာနှင့် စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စုပေါင်းရုံးတွင် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာရုံးခန်းများ ဖွင့်လှစ်နိုင်ရန် သွားရောက် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တန်းမြို့ ပီလခတ်ကျေးရွာ စရီအန်ဂါလဲအိစ်ဝါရီ၊ စရီမူနီစ်ဝါရရ် ဘုရားကျောင်းတော်ကျေးရွာ မီးလင်းရေး၊ ဘုရားကျောင်း လျှပ်စစ်မီးသွယ်တန်းခြင်း၊ မီးဖွင့်ပွဲနှင့် ထမင်းစားဆောင်ဓမ္မာရုံဖွင့်ပွဲ အခမ်းအနားကျင်းပ



**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပီလခတ်ကျေးရွာရှိ စရီအန်ဂါလဲ အိစ်ဝါရီ၊ စရီမူနီစ်ဝါရရ်ဘုရားကျောင်းတော် ကျေးရွာမီးလင်းရေး၊ ဘုရားကျောင်းလျှပ်စစ်မီး သွယ်တန်းခြင်း၊ မီးဖွင့်ပွဲနှင့် ထမင်းစားဆောင် ဓမ္မာရုံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညပိုင်းက အဆိုပါဘုရားကျောင်းဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မင်္ဂလာဆီမီးထွန်းညှိပူဇော်ကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) ဥက္ကဋ္ဌ ဘုရားကျောင်းကြီးကြပ်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် ဦးသိန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ဘုရားကျောင်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဟိန္ဒူရိုးရာဆီမီးအကများဖြင့် ဖျော်ဖြေခြင်း၊ ဟိန္ဒူဓမ္မတေးသီချင်းများဖြင့် ဖျော်ဖြေခြင်းများအပြင် အိန္ဒိယနိုင်ငံမှ နာမည်ကျော် တေးသံရှင်များနှင့် အနုပညာရှင်များကလည်း တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) ဥက္ကဋ္ဌ ဘုရားကျောင်းကြီးကြပ်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် ဦးသိန်းလွင်က "အရင်တုန်းက ဒီဘုရားကျောင်းကိုလာရင် ရေလမ်း၊ ကုန်းလမ်းခရီးတွေကနေ အဆင့်ဆင့်လာရတယ်။ အခုဆိုရင် နေ့ချင်းပေါက် သွားလာလို့ရပြီ။ လျှပ်စစ်မီးလည်းရနေပြီ။ လမ်းတွေလည်း အသစ်ခင်းထားတယ်။ ထမင်းစားဆောင်တွေလည်း အသစ်ဆောက်လုပ်ထားပါတယ်။ ဘုရားဖူးတွေအတွက် အဆင်ပြေသလို ဒေသအတွက်လည်း အများကြီး အထောက်အကူဖြစ်စေပါတယ်"ဟု ပြောသည်။

**ဆောင်ရွက်ခဲ့**

ဘုရားကျောင်းကြီးကြပ်ထိန်းသိမ်းရေးကော်မတီနှင့် ဂေါပကအဖွဲ့တို့က ဦးဆောင်ပြီး အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ရန်ကုန်-ကျောက်တန်းလမ်း (ပဲလှော်ဖို)မှ ဘုရားကျောင်းအထိ လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်း၊ မီးကြိုးများသွယ်တန်းခြင်း၊ ထရန်စဖော်မာနှစ်လုံး တပ်ဆင်ပြီး ကျေးရွာမီးလင်းရေးနှင့် ဘုရားကျောင်းတော်မီးလင်းရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုယ်အင်္ဂါမသန်စွမ်းသူများ သက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် မတ် ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသူများအတွက် အီလက်ထရွန်နစ် တစ်နှစ်သင်တန်းနှင့် သုံးလသင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို မေ ၁၃ ရက်မှ စတင်သင်ကြားပေးမည်ဖြစ်၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

တက်ရောက်လိုသူများအနေဖြင့် အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်း သက်ကြီးသင်တန်းကျောင်း ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၁၃၀၃၄၂ နှင့် ၀၉-၄၂၀၀၃၅၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း၊ သင်တန်းကာလအတွင်း သင်တန်းသားများ၏ နေထိုင်စားသောက်စရိတ်၊ လစဉ်သင်ထောက်ကူပြုပစ္စည်းနှင့် ထောက်ပံ့ကြေးငွေ၊ အိမ်ပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း အဆိုပါ သင်တန်းကျောင်းမှ ကြေညာထားသည်။

**သတင်းစဉ်**

# သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ (ဝတ်စုံပြည့်)စုပေါင်းလေ့ကျင့်ခြင်းကို ၂၅-၃-၂၀၁၉ ရက်နေ့နှင့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ၂၇-၃-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်များတွင် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့နယ် ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် ၀၀း၀၅ အချိန်မှ ၁၀း၀၀ အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း (မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း ကုမုဒြာ ကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ် ပန်းခင်းလမ်းမီးပွိုင့်- ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ဧပြီလမှစတင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုလျှင် SIM Card နှစ်ခုသာ ကိုင်ဆောင်ခွင့်ပြုမည်

**နေပြည်တော် မတ် ၂၂**

အများပြည်သူလုံခြုံရေး ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန် ပြည်သူတစ်ဦးချင်းအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုလျှင် SIM Card နှစ်ခုသာ ကိုင်ဆောင်ခွင့်ပေးမည်ဖြစ်ပြီး နှစ်ခုထက်ပို၍ မှတ်ပုံတင်ထားသည့် SIM Card များအား လာမည့် ဧပြီလမှစတင်၍ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက သိရသည်။

ယခုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုတည်းဖြင့် SIM Card အမြောက်အမြားကို မှတ်ပုံတင်၍ အခြားသူများကို တစ်ဆင့်ပြန်လည်ရောင်းချလျက်ရှိခြင်း၊ မိမိအမည်ဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆင်းကတ်များကို ဈေးကွက်တွင် အလွယ်တကူ ဝယ်ယူသုံးစွဲလျက်ရှိခြင်းတို့ကြောင့် မိုဘိုင်းဖုန်းအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ပြည်သူများလုံခြုံရေးကို အကာအကွယ်ပေးရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း ဌာန၏ထုတ်ပြန်ချက်တွင်ပါရှိသည်။

SIM Card များ စနစ်တကျ မှတ်ပုံတင်ရေးဆောင်ရွက်ရာတွင် သုံးစွဲသူများအနေဖြင့် ၎င်းတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်ဖြင့်သာ သုံးစွဲရေး၊ မိမိ၏စိစစ်ရေးကတ်ပြားအမှတ်ဖြင့် အခြားသူများ မသုံးစွဲစေနိုင်ရေး၊ အခြားသူများ၏ ကတ်ပြားအမှတ်ဖြင့် သုံးစွဲနေပါကလည်း မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်ဖြင့် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဆက်သွယ်ရေးအော်ပရေတာများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဟု ထုတ်ပြန်ချက်တွင်ပါရှိသည်။

လက်ရှိမြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြု၍ ငွေပေးငွေယူကိစ္စ (Mobile Financial Service) ဆောင်ရွက်မှုများ များပြားလာရာ အဆိုပါကိစ္စရပ်များအား လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်ရန်၊ အများပြည်သူလုံခြုံရေးကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန်၊ SIM Card ပျက်စီးပျောက်ဆုံးမှုများဖြစ်ပေါ်ပါက အလွယ်တကူ ပြန်လည်ရရှိသုံးစွဲနိုင်ရန်တို့အတွက် SIM Card များကို စနစ်တကျ မှတ်ပုံတင်၍ သုံးစွဲရန် ၂၀၁၆ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟန်လင်းနိုင်**

# မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံအကြား ရထားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ကိုရီးယားသမ္မတနိုင်ငံ Korea Urban Railway Association (KOURA)နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံအကြား ရထားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand Yangon ဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး တက်ရောက်အမှာစကား ပြောကြားသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေး အခြေခံအုတ်မြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းပြီး မန္တလေး၊ မြစ်ကြီးနား ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့် ရထားတွဲသစ် ၁၀၀ ဝယ်ယူရေးစီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုရီးယားရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွေ့အကြုံများနှင့် မြန်မာ့မီးရထားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထားနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ တာဝန်ရှိသူများက အမှာစကားပြောကြားကာ ရထားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအား မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံအကြား ရထားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေနိုင်မည့် ဆက်ဆံရေးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာစေရေးနှင့် မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖြစ်ပေါ်လာစေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Lee Sanghwa နှင့် တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံ၏ ရထားလုပ်ငန်းနှင့်သက်ဆိုင်သည့် ကုမ္ပဏီ ၁၁ ခုမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှ မြန်မာ့မီးရထား၏ ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီ ငါးခုမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-အေးမင်းသူ**

## ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ သတင်းထုတ်ပြန်ချက်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပုံမှန်အားဖြင့် ငါးနှစ်တစ်ကြိမ် ရွှေစင်ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်လျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ရွှေသင်္ကန်းတော် အလှူငွေများကို နေ့စဉ်မပြတ် လာရောက်လှူဒါန်းလျက်ရှိကြပါသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရွှေစင်ရွှေပြား တစ်ကျပ်သားတစ်ချပ်လျှင် ငွေကျပ် ၈၁၀၀၀၀/-(ကျပ်ရှစ်သိန်းတစ်သောင်းတိတိ) ဖြင့် ဈေးနှုန်းသတ်မှတ် အလှူခံလျက်ရှိပါသည်။ လက်ရှိအခြေအနေတွင် ၁၆ ပဲရည် ရွှေစင်တစ်ကျပ်သား၏ ဈေးနှုန်းမှာ ကျပ်တစ်ဆယ်သိန်းကျော်သို့ ရောက်ရှိနေပြီဖြစ်ပါ၍ ရွှေစင်ရွှေပြား တစ်ကျပ်သားတစ်ချပ် ကပ်လှူတိုင်း ရွှေသင်္ကန်းတော် အလှူရငွေမှ စိုက်ထုတ်သုံးစွဲရသော ငွေကြေးပမာဏမှာ များပြားလာလျက်ရှိနေပါသည်။

ရှေးယခင်ကလည်း ပြင်ပကာလပေါက်ဈေးနှင့် အလှူခံနှုန်းထား ကွာခြားမှုရှိလာပါက တိုးမြှင့်အလှူခံခဲ့ရသည့် အစဉ်အလာများရှိခဲ့ပြီး ဖြစ်သည့်အတွက် ၂၀၁၉ ခုနှစ် မေလ ၁ ရက်မှစတင်၍ ရွှေစင်ရွှေပြား တစ်ကျပ်သား တစ်ချပ်လျှင် ငွေကျပ် ၁၀၀၀၀၀၀၊ / - (ကျပ်တစ်ဆယ်သိန်းတိတိ)ဖြင့် ဈေးနှုန်းသတ်မှတ် အလှူခံသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## သတိပေးနှိုးဆော်ချက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ရေပက်ခံထွက်ကြသည့် ပစ်ကပ်ယာဉ်များသည် သတ်မှတ်ဝန်အလေးချိန်ထက် လူဦးရေ တင်ဆောင်မောင်းနှင်ကြသဖြင့် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပစ်ကပ်ယာဉ်များ (လိုက်ထရပ်၊ မီနီပစ်ကပ်)အနေဖြင့် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်၍ မောင်းနှင်ခြင်းမပြုကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ညောင်လေးပင် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်ရွာတွင်း လမ်းခင်းခြင်းလုပ်ငန်းများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်တို့က မတ် ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအတွင်း အရှည်ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းနှင့် အရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းတို့ကို စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၄၆ သန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၄၆ သန်းဖြင့် လည်းကောင်း၊ လေးအိမ်စုကျေးရွာတွင် အရှည်ပေ ၄၄၀၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းအား စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၉၄ သန်း စုစုပေါင်း ငွေကျပ် ၁၂ ဒသမ ၉၄ သန်းဖြင့် လည်းကောင်း ဆောင်ရွက်နေကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

### ခံစားခွင့်ရရှိ

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပုံစံဖြင့် ကျား ၅၆၁၅ ဦး၊ မ ၆၈၅၆ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၂၄၇၁ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း လက်ခံရရှိမှု ၅၄ မှုတွင် ကျေအေးမှု ခြောက်မှု၊ ပိတ်သိမ်းမှု ၁၁ မှုနှင့် ငွေကြေးအကျိုးခံစားခွင့် ၃၇ မှု တို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၉၉ ဦးအား ငွေကျပ် ၂၂၁၀၈၈၁၀ နှင့် အမေရိကန်ဒေါ်လာ ၂၄၆၁၂ ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၃၉၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၇၉၇ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု အကြိမ် ၂၁၀ ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိအဖွဲ့တွင် လက်ကျန်အမှု သုံးမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း တရားစွဲဆိုဆောင်ရွက်ပြီးစီးမှု လေးမှုမှ အလုပ်သမား လေးဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ်သိန်း ၁၀၀ ကျော်ရရှိစေခဲ့သည်။

### ပြန်လည်ထုတ်ပေး

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၂၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၉၄၃ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၁၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အလုပ်သမားဆေးရုံကြီး သုံးရုံ (ပြင်ပလူနာ ၇၃၃၇ ဦး ၊ အတွင်း လူနာ ၆၂၉ ဦး) စုစုပေါင်း ၇၉၆၆ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၆ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ် ဆေးခန်းလေးခန်းနှင့် PPS စနစ်ဖြင့် စာချုပ် ချုပ်ဆိုထားသည့် ဆေးခန်းငါးခန်းတို့မှ ဆေးကုသပေးနိုင်သူဦးရေ ၈၀၉၃၄ ဦး၊ အလုပ်သမားဆေးရုံကြီးသုံးရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု သုံးကြိမ်မှ ၈၃၈ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၆၅ ကြိမ်မှ ၁၄၇၉ ဦးတို့ကို ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘရာဇီးသမ္မတဟောင်း တီမာအား အကျင့်ပျက်ခြစားမှု စွဲချက်ဖြင့် ဖမ်းဆီး

**ရီယိုဒီဂျနေရိုး မတ် ၂၂**

ဘရာဇီးသမ္မတဟောင်း မစ်ချယ်တီမာကို အကျင့်ပျက်ခြစားမှုစွဲချက်များဖြင့် ဘရာဇီးရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

၎င်းကို ဇာတိမြို့ဆော်ပေါလိုမြို့တွင် မတ် ၂၁ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။ မစ်ချယ်တီမာသည် ဘရာဇီး ဒုတိယသမ္မတတာဝန် ထမ်းဆောင်စဉ်က ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အမေရိကန်ဒေါ်လာထောင်ပေါင်းများစွာကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့သည်ဟု သံသယရှိခဲ့သည်။

ဘရာဇီးသမ္မတ ဒယ်မာရူးဆက်ဖ်၏ လက်အောက်တွင် တီမာသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဘရာဇီးသမ္မတ ဒယ်မာရူးဆက်ဖ်အား ရသုံးငွေစာရင်းဆိုင်ရာ ချိုးဖောက်မှုများဖြင့် စွပ်စွဲပြစ်တင်မှုများ ပြုလုပ်ပြီးနောက်တွင် မစ်ချယ်တီမာသည် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် သမ္မတတာဝန်ကို ရယူခဲ့ပြီး ယင်းရာထူးတွင် ၂၀၁၈ ခုနှစ်ကုန်သည်ထိတိုင်အောင် ထမ်းဆောင်ခဲ့သည်။

၂၀၁၇ ခုနှစ် ဇွန်လအတွင်းတွင် အစိုးရရှေ့နေများက တီမာသည် တံစိုးလက်ဆောင်များရယူခဲ့သည်ဟု စွဲဆိုခဲ့သည်။ သို့သော် သမ္မတ တီမာအပေါ် စွပ်စွဲပြစ်တင်မှုကို အမျိုးသားကွန်ဂရက်လွှတ်တော်တွင် အောက်လွှတ်တော်အမတ်များက မဲပေးပြီး ပိတ်ဆို့ချေဖျက်ခဲ့သည်။

မစ်ချယ်တီမာသည် အကျင့်ပျက်ခြစားမှုစွဲချက်ဖြင့် အဖမ်းခံရသည့် ဒုတိယမြောက် ဘရာဇီးသမ္မတဟောင်းဖြစ်သည်။ ယမန်နှစ်အတွင်းက သမ္မတဟောင်း လူးဇစ်အန်နာစီယို လူလာဒါလ်ဆေးဗားသည် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုထံမှ အမေရိကန်ဒေါ်လာတစ်သန်းလာဘ်ယူခဲ့မှုကို ဖော်ထုတ်တွေ့ရှိ၍ ထောင်ဒဏ် ၁၂ နှစ်နှင့် တစ်လ ပြစ်ဒဏ်ကျခံခဲ့ရသည်။ ဒါလ်ဆေးဗားသည် ၂၀၀၃ ခုနှစ် ကုန်ဆုံးသည်အထိ ဘရာဇီးသမ္မတအဖြစ် ရှစ်နှစ်တာဝန်ယူခဲ့သူဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



# နှစ်နိုင်ငံဆက်ဆံရေးအရာရှိရုံးမှ တာဝန်ရှိသူများအား ပြုံယမ်းပြန်လည်ခေါ်ဆောင်

**ဆိုးလ် မတ် ၂၂**

မြောက်ကိုရီးယားနိုင်ငံက နှစ်နိုင်ငံသဘောတူညီမှုဖြင့် ထူထောင်ထားသည့် နှစ်နိုင်ငံအကြား ဆက်ဆံရေးအရာရှိရုံးမှ တာဝန်ရှိသူများအား ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း တောင်ကိုရီးယားအစိုးရက ယနေ့ ပြောကြားခဲ့သည်။

တောင်ကိုရီးယား၏ နှစ်နိုင်ငံပေါင်းစည်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ချွန်ဟီးဆန်က ဆက်ဆံရေးအရာရှိရုံးမှ မြောက်ကိုရီးယား တာဝန်ရှိသူများအား မတ် ၂၂ ရက် နံနက်ပိုင်းတွင် မြောက်ကိုရီးယားအစိုးရက ပြန်လည်ခေါ်ဆောင်သွားခဲ့သည်ဟု ယနေ့ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဆက်ဆံရေးရုံးမှ တာဝန်ရှိသူများအား ပြန်လည်ခေါ်ဆောင်ခဲ့ခြင်းနှင့် ပတ်သက်ပြီး မကြာမီအချိန်တွင် ခိုင်မာသော အကြောင်းပြချက်များ ပေးမည်ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရကပြောကြားခဲ့သည်ဟု ဒုတိယဝန်ကြီး ချွန်ဟီးဆန်က ဆက်လက်ပြောကြားခဲ့သည်။



မြောက်ကိုရီးယားနိုင်ငံ ကင်ဆောင်စက်မှုဇုန်ရှိ နှစ်နိုင်ငံဆက်ဆံရေးအရာရှိရုံး။

နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်မြင့်မားလာစေရန် အဆိုပါတာဝန်ရှိသူများအား ဆက်ဆံရေးရုံးသို့ ပြန်လည်ပို့ဆောင်တာဝန်ချထားစေလိုကြောင်းနှင့် တောင်ကိုရီးယားအစိုးရအနေဖြင့် ဆက်ဆံရေးရုံးမှ တာဝန်ရှိသူများအား ဆက်လက်တာဝန်ချထားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ချွန်ဟီးဆန်က ဆိုသည်။

လွန်ခဲ့သောနှစ် ဧပြီလကကျင်းပခဲ့သည့် ကိုရီးယားနှစ်နိုင်ငံထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်နှင့်အညီ နှစ်နိုင်ငံအကြား ဆက်ဆံရေးအရာရှိရုံးကိုပြီးခဲ့သော စက်တင်ဘာလက မြောက်ကိုရီးယားနိုင်ငံ ကင်ဆောင်စက်မှုဇုန်၌ ထူထောင်ခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံ ပေါင်းစည်းရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး မည်သည့်အချိန်မဆိုဆက်ဆံမှုပြုနိုင်ခြင်းအပြင် အလုပ်သဘော ညှိနှိုင်းတိုင်ပင်မှုများနှင့် ပုဂ္ဂလိကကဏ္ဍများ အပြန်အလှန်ဖလှယ်မှုတို့အတွက် အဆိုပါရုံးကိုဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံ တာဝန်ရှိသူ ၅၀ ခန့်သည် ဆက်ဆံရေးအရာရှိရုံးတွင် အချိန်ပြည့် တာဝန်ထမ်းရွက်ကြရသည်။

အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲပြီးနောက် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံ၏ကြိုးပမ်းမှုသည် ပိုမိုအရေးပါလာခဲ့သည်။

ယခုပြုံယမ်းအနေဖြင့် ဆက်ဆံရေးရုံးမှ တာဝန်ရှိသူများအား ပြန်လည်ခေါ်ဆောင်ခဲ့ခြင်းသည် ပြုံယမ်း၏ ရှေ့မတိုးသာ နောက်မဆုတ်သာအခြေအနေမှ ရုန်းထွက်နိုင်ရန်နှင့် စီးပွားရေးပိတ်ဆို့မှုများ ပြေလျော့စေရေးတို့အတွက် တောင်ကိုရီးယားနိုင်ငံအား ဝါရှင်တန်နှင့် ဆွေးနွေးတိုင်ပင် ညှိနှိုင်းစေရန် လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်သည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ဘိုးရင်း ၇၃၇-အမ်အေအိပ်စ် ၈ လေယာဉ် ၄၉ စင်း ဝယ်ယူမှုအား ဖျက်သိမ်းမည်ဟု အင်ဒိုနီးရှား ဂါရူဒါလေကြောင်းလိုင်းပြောကြား

**ဂျကာတာ မတ် ၂၂**

လူအသေအပျောက်များသည့် ဘိုးရင်း ၇၃၇-အမ်အေအိပ်စ် ၈ အမျိုးအစားလေယာဉ်နှစ်စင်းပျက်ကျမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဘိုးရင်းကုမ္ပဏီထံမှ အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်းများစွာတန်ဖိုးရှိသည့် အဆိုပါလေယာဉ်အမျိုးအစား ၄၉ စင်းကို ဝယ်ယူရန် မှာကြားထားမှုကို ဖျက်သိမ်းမည်ဟု အင်ဒိုနီးရှား အမျိုးသားလေကြောင်းလိုင်း ဂါရူဒါက ပြောကြားသည်။

ကမ္ဘာပေါ်ရှိ အဓိကကျသော လေကြောင်းလိုင်းများက ဘိုးရင်း ၇၃၇-အမ်အေအိပ်စ်-၈ လေယာဉ်များကို မှာယူမှုများ ပယ်ဖျက်ပြီးနောက်တွင် အင်ဒိုနီးရှားအမျိုးသားလေကြောင်းလိုင်းကလည်း အဆိုပါလေယာဉ်များ ဝယ်ယူရန် မှာကြားမှုအား ဖျက်သိမ်းရန် လုပ်ဆောင်လာခြင်းဖြစ်သည်ဟု လေကြောင်းပျံသန်းမှုဆိုင်ရာ ပိုင်းခြားစိတ်ဖြာလေ့လာသူတစ်ဦးက ပြောကြားသည်။

လေယာဉ်များဝယ်ယူရန် မှာကြားမှုကို ဖျက်သိမ်းရေးအတွက် တောင်းဆိုသည့် စာတစ်စောင်ကို မိမိတို့က ဘိုးရင်းကုမ္ပဏီသို့ပေးပို့ခဲ့ကြောင်းနှင့် ဂါရူဒါလေကြောင်းလိုင်းက ဘိုးရင်းကုမ္ပဏီ၏တုံ့ပြန်မှုကို စောင့်ဆိုင်းလျက်ရှိကြောင်း၊ ဘိုးရင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများသည် လာမည့်ရက်သတ္တပတ်တွင် အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း၊ ၎င်းတာဝန်ရှိသူများသည် ဂါရူဒါလေကြောင်းမှ လေယာဉ်များမှာယူမှု ဖျက်သိမ်းမည့်အစီအစဉ်ကို ဆွေးနွေးရန် လာရောက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်ဒိုနီးရှားအမျိုးသားလေကြောင်းလိုင်း ဂါရူဒါသည် ဘိုးရင်း ၇၃၇-အမ်အေအိပ်စ် အမျိုးအစားလေယာဉ်အစင်း ၅၀ ကို ဝယ်ယူရန် မှာကြားထားပြီး ယင်းအမျိုးအစားလေယာဉ်တစ်စင်းကို လက်ခံရရှိခဲ့ပြီးဖြစ်သည်။ အဆိုပါလေယာဉ်အစင်း ၅၀ ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံဖြစ်ကြောင်း ၂၀၁၄ ခုနှစ်က ထုတ်ပြန်ကြေညာခဲ့သည်။

**အေအက်ဖ်ပီ**



# အီရတ်နိုင်ငံ မိုဆူးမြို့တွင် ကူးတို့ရေယာဉ်နစ်မြုပ်၊ ၉၃ ဦး သေဆုံး

**ဘဂ္ဂဒက် မတ် ၂၂**

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ မိုဆူးမြို့အနီးရှိ တီဂရစ်မြစ်အတွင်း၌ မတ် ၂၁ ရက်က ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ လူ ၉၃ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကူးတို့ရေယာဉ်သည် မတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ရေယာဉ်ပေါ်တွင် ခရီးသည်ဦးရေ ဒါဇင်များစွာကို တင်ဆောင်ထားပြီး အဆိုပါရေယာဉ်သည် တီဂရစ်မြစ်ရေပြင်မြင့်တက်နေစဉ်တွင် မြစ်တစ်ဖက်ကမ်းမှ ခရီးသွားများသွားရောက်လေ့ရှိသည့် အမ်အယ်လ်ရာဘီအန်ကျွန်းသို့ ဖြတ်သန်းခုတ်မောင်းရာမှ နစ်မြုပ်သွားခြင်းဖြစ်သည်။ အခင်းဖြစ်နေရာမှာ မြို့တော်ဘဂ္ဂဒက်၏မြောက်ဘက် ကီလိုမီတာ ၄၀၀ အကွာတွင်တည်ရှိသည်။

နစ်မြုပ်သွားသည့် ကူးတို့ရေယာဉ်ကို ခရီးသွားလုပ်ငန်းတစ်ခုမှ ပိုင်ဆိုင်ပြီး ခရီးသည် ၁၀၀ ကျော် တင်ဆောင်ထားကြောင်း၊ အဆိုပါ ကူးတို့ရေယာဉ်သည် ခရီးသည်ဦးရေ ၃၀ ခန့်သာ တင်ဆောင်နိုင်သည့် အရွယ်အစားဖြစ်ကြောင်း မြို့ပြကာကွယ်ရေးသတင်းရင်းမြစ်များက ပြောကြားသည်။

ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးသူဦးရေမှာ ၉၃ ဦးဖြစ်ပြီး အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း၊ ၎င်းတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားကြောင်း၊ ကလေး ၁၉ ဦး အပါအဝင် လူ ၅၅ ဦးကို ကယ်ဆယ်ရရှိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရင်းမြစ်က ပြောကြားသည်။ **ဆင်ဟွာ**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ပဲခူးမြို့ )

၂၀၁၉ ခုနှစ် ၊ မတ်လ (၂၈၊ ၂၉၊ ၃၀)ရက်၊ (ကြာသပတေး၊ သောကြာ၊ စနေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ပဲခူးမြို့

(၂၀၁၉)ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

"တီဘီရောဂါကင်းဝေးဖို့၊ ကမ္ဘာ့ပေါင်းစုံလက်တွဲလို့၊ ယနေ့မှစ ဆောင်ရွက်စို့"

It's time!

၂၀၁၉ခုနှစ်၊ မတ်လ(၂၄)ရက်

24th March, 2019

## အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်း ဘွဲ့နှင်းသဘင်အခမ်းအနား ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ကျင်းပ

**ရန်ကုန် မတ် ၂၂**

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်းအမှတ်စဉ်(၂) ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၌ ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်ပြီး အဆင့်မြင့်ဒီပလိုမာဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းကာ သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသား သင်တန်းသူ သုံးဦးတို့အား စံပြဆု၊ စာပေထူးချွန်ဆုနှင့် စာပေဂုဏ်ထူးဆုတို့ကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုးက အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းဟန်၊ တက္ကသိုလ် စီမံခန့်ခွဲရေးနှင့် တက္ကသိုလ်ပညာရပ် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များ၊ မိဘဆွေမျိုးများနှင့် သင်တန်းသား ၃၆ ဦး၊ သင်တန်းသူ ၂၅ ဦး စုစု ပေါင်း ၆၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၂၂ ရက်ထိ ရက်သတ္တပတ် ၂၀ ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။



**သတင်းစဉ်**

## "ဒယ်ဒီဖားကင်" ရုပ်ရှင်ဇာတ်ကား မတ် ၂၂ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်

**ရန်ကုန် မတ် ၂၂**

နယူးဖိုးဝ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဇာတ်လမ်း အောင်မျိုးသွင်၊ ဇာတ်ညွှန်း လွမ်းဝေအောင်၊ ဒါရိုက်တာနေပိုင် ရိုက်ကူးသည့် "ဒယ်ဒီဖားကင်" ရုပ်ရှင်ဇာတ်ကား အထူးပွဲကို မတ် ၂၁ ရက် ညပိုင်းက ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ ပြသခဲ့သည်။

အဆိုပါ "ဒယ်ဒီဖားကင်" ရုပ်ရှင်ဇာတ်ကားတွင် မြင့်မြတ်၊ လွင်မိုး၊ ရဲအောင်၊ အိချောပို၊ အရိုင်း၊ ငှက်ပျောကြော်၊ Kညီ၊ ပွင့်နှင့် နာမည်ကြီး သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားသည်။



သရုပ်ဆောင် လွင်မိုးက "ဒီဇာတ်ကားက ညီလေးမြင့်မြတ်နဲ့ ရုပ်ရှင်လောကမှာ ပထမဆုံးစပြီး ရိုက်တဲ့ဇာတ်ကားပါ။ တစ်ခါမှ မဆုံဖူးဘူး။ ဒီဇာတ်ကားက ကျွန်တော့်နေရာမှာ တကယ် သရုပ်ဆောင်မှာက ကိုဇာဂနာဖြစ်ပါတယ်။ ကိုဇာဂနာ ကျန်းမာရေးမကောင်းလို့ သရုပ်မဆောင်ဖြစ်လို့ ထုတ်လုပ်သူက ကမ်းလှမ်းလာတယ်။ အဲဒါနဲ့ ရိုက်ဖြစ်သွားတာပါ"ဟု ပြောသည်။

"ဒယ်ဒီဖားကင်"ရုပ်ရှင်ဇာတ်ကားကို ၂၀၁၈ ခုနှစ်က ရှမ်းပြည်နယ် ကလောမြို့ တောင်ပေါ်ရွာ၌ ရိုက်ကူးခဲ့ပြီး နာမည်ကျော် အနုပညာရှင်များ၏ ပီပြင်သော သရုပ်ဆောင်ချက်များကြောင့် မပြုံးဘဲ ဝါးလုံးကွဲရယ်မောရမည့် ဇာတ်ဝင်ခန်းများ၊ ကျေးလက်တောရွာ၏ အလှအပများကို သဘာဝကျကျ ပုံဖော်ဖန်တီးရိုက်ကူးချက်များဖြင့် ရိုက်ကူးထားသည့် ကျေးလက်အချစ်ဟာသဇာတ်မြူး ဇာတ်လမ်း အမျိုးအစား ဟာသရုပ်ရှင်ဇာတ်ကားကို မတ် ၂၂ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ- မင်းသစ်(MNA)**

## ၂၀၁၉ ခုနှစ် မြန်မာပြည်အလွတ်တန်းတင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၉ ခုနှစ် မြန်မာပြည်အလွတ်တန်းတင်းနစ်ပြိုင်ပွဲကို ဧပြီ ၃ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီ ၄၅ မိနစ် အတွင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများအဖြစ် အမျိုးသား-အလွတ်တန်း တစ်ဦးချင်း၊ အမျိုးသား-အလွတ်တန်း နှစ်ယောက်တွဲ၊ အမျိုးသမီး- အလွတ်တန်းတစ်ဦးချင်း၊ အမျိုးသမီး-အလွတ်တန်း နှစ်ယောက်တွဲ၊ အမျိုးသား+အမျိုးသမီး-အလွတ်တန်း နှစ်ယောက်တွဲ၊ အသက် ၁၄ နှစ်နှင့်အောက် အမျိုးသား တစ်ဦးချင်း၊ အသက် ၁၄ နှစ်နှင့်အောက် အမျိုးသမီး တစ်ဦးချင်း၊ အသက် ၁၆ နှစ်နှင့်အောက် အမျိုးသား တစ်ဦးချင်း၊ အသက် ၁၆ နှစ်နှင့်အောက် အမျိုးသမီး တစ်ဦးချင်း၊ အသက် ၄၅ နှစ်နှင့်အထက် အမျိုးသားနှစ်ယောက်တွဲ၊ အသက် ၆၀ နှစ်နှင့်အထက် အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

**ဆက်သွယ်စာရင်းပေးသွင်းနိုင်**

ပြိုင်ပွဲဝင်ကြေးမှာ နိုင်ငံသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ ဖြစ်ပြီး နိုင်ငံခြားသားတစ်ဦးလျှင် ၁၀ ဒေါ်လာ သတ်မှတ်ထားကြောင်းနှင့် မတ် ၂၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း ၀၉-၂၅၄၂၇ ၂၂၃၄၊ ၀၉-၂၅၀၁၈၇၀၄၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ခင်မောင်ဝင်း**



## အာရှယူ-၂၃ ခြေစစ်ပွဲတွင် အိမ်ရှင်မြန်မာနှင့် ဂျပန် ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စု(I) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ စတင်ကျင်းပရာ အိမ်ရှင်မြန်မာနှင့် ဂျပန်အသင်းတို့ ဂိုးပြတ်အနိုင်ရခဲ့သည်။

**မြန်မာအသင်း - ခုနစ်ဂိုး**
**တီမောအသင်း - ဂိုးမရှိ**

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲမှာပင် တီမောအသင်းကို ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရေး မျှော်လင့်ချက်ရှိလာခဲ့သည်။ အာရှ ယူ-၂၃ ပြိုင်ပွဲတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းနေသည့် မြန်မာအသင်းအတွက် ပွဲတိုင်းမှာ အရေးပါနေသောကြောင့် ပွဲစကတည်းက အားထည့်ကစားခဲ့ပြီး ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂိုးဖန်တီးမှုများစွာ ပြုလုပ်နိုင်ခဲ့သော်လည်း အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍ ခုနစ်ဂိုးဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲအစငါးမိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့်လည်း ပွဲကိုစိုးမိုးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ဝင်းမိုးကျော်ကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးကာ ဆန်းဆက်နိုင်(ဂိုး)၊ ရဲရင့်အောင်၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ လွင်မိုးအောင်၊ ဇေယျာနိုင်၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ ဝင်းနိုင်ထွန်း၊ ထက်ဖြိုးဝေတို့ဖြင့် ပွဲထွက်ခဲ့သည်။ တောင်ပံကစားသမား ဟိန်းထက်အောင်က မြန်မာအသင်းအတွက် ၃၊ ၅ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူခဲ့သောကြောင့် မြန်မာအသင်း ဖိအားလျော့သွားပြီး တီမောအသင်းဘက်သို့ စိတ်ကြိုက်ဖိကစားနိုင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင်လည်း မြန်မာအသင်းကသာ ပွဲကိုစိုးမိုးထားပြီး ၂၃ မိနစ်တွင် မြတ်ကောင်းခန့်က ထောင့်ကန်ဘောကို တိုက်ရိုက်ကန်သွင်းကာ တတိယဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် စတုတ္ထဂိုးကိုမူ ၄၅ မိနစ်တွင် ဝင်းနိုင်ထွန်းက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ဖိကစားနိုင်ခဲ့ပြီး ၅၁ မိနစ်တွင် ဇေယျာနိုင်၊ ၆၂ မိနစ်တွင် ရဲမင်းသူ၊ ၆၄ မိနစ်တွင် ဝင်းနိုင်ထွန်းတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ တီမောအသင်းသည် ဒုတိယပိုင်းတွင် ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သော်လည်း မြန်မာဂိုးသမား ဆန်းဆက်နိုင် ကာကွယ်နိုင်ခဲ့သည်။

ပထမပွဲတွင် ဂျပန်အသင်းက မကာအိုအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဂျပန်အသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း ဒုတိယပိုင်းတွင် သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မတ် ၂၄ ရက်တွင် မကာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- စိုးညွန့်**





# ကင်မရွန်းနိုင်ငံသား နှစ်ဦးအား အမေရိကန်ဒေါ်လာ အတုများ၊ အတုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မှုခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် ညနေ ၃ နာရီခွဲတွင် နိုင်ငံခြားသားနှစ်ဦးမှ နိုင်ငံခြားငွေအတုများအား လက်ဝယ်ထားရှိ သုံးစွဲလဲလှယ်နေကြောင်း သတင်းအရ စုံစမ်းခဲ့ရာ ကင်မရွန်းနိုင်ငံသား Mr. Guillaume Nekndo Tchoungang နှင့် Mr. Charles Abe Etounit ကင်မရွန်းနိုင်ငံ နေသူတို့အား တွေ့ရှိသဖြင့် စစ်ဆေးခဲ့သည်။

ၚင်းတို့ နှစ်ဦးက နိုင်ငံခြားငွေများရှိကြောင်း၊ အလဲအထပ်ပြုလုပ်လိုပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ ချမ်းမြေ့တည်းခိုခန်းတွင် တည်းခိုနေထိုင်ကြောင်းပြောပြသိရှိရသဖြင့် သွားရောက်ရှာဖွေရာ Mr. Guillaume Nekndo Tchoungang တည်းခိုသည့် အခန်းအမှတ်(၇၁၆)အတွင်းမှ အတုဟုယူဆရသော အမေရိကန်ဒေါ်လာ ၃၄၇၁ ရွက်နှင့် Mr. Charles Abe Etounit တည်းခိုသည့် အခန်းအမှတ်(၇၁၅)အတွင်းမှ အမေရိကန်ဒေါ်လာ ငွေစက္ကူအတုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းအမျိုး ၂၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ၎င်းတို့ နှစ်ဦးအား ကျောက်တံတားမြို့မရဲစခန်းက(ပ)၁၀၂/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၄၈၉-က/၄၈၉-ခ/၄၈၉-ဂ/၄၈၉-ဃ ဖြင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းအား AA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ အပြစ်မဲ့ပြည်သူတစ်ဦးအား ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် မတ် ၂၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းအား AA အဖွဲ့က မတ် ၂၁ ရက် ညပိုင်းတွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦး မစိုးရိမ်ရဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်မတော်စစ်ကြောင်းသည် ယင်းနေ့ ည ၉ နာရီခွဲခန့်တွင် ရသေ့တောင်မြို့နယ် ရေခေါင်းချောင်းကျေးရွာနှင့် စေတောင်ကျေးရွာအကြားသို့အရောက် AA အဖွဲ့အင်အား ၁၅၀ ခန့်က စေတောင်ကျေးရွာ၏ မြောက်ဘက်ထိပ်နေရာ ငါးနေရာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဖြန့်ခွဲတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း။

ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦး လက်နက်ကြီးအစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ် မြေပုံမြို့နယ် စံညွှင်းကျေးရွာနေထိုင်သူ ဦးမောင်တင်(ဘ) ဦးယဉ်ဖြူအောင် နေအိမ်၌ အိပ်ပျော်နေစဉ် မတ် ၂၀ ရက် ည ၉ နာရီခန့်တွင် AA အဖွဲ့မှ မျက်နှာဖုံးစွပ်ထားသူနှစ်ဦး ရောက်ရှိလာပြီး ဦးမောင်တင်အား အသင့်ပါလာသော သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ညာနားထင် ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ဘယ်နားရွက်ဖောက်ထွက်ဒဏ်ရာတစ်ချက်၊ ဘယ်လက်ဖျံဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ညာလက်ဖျံဖောက်ဝင်ဒဏ်ရာတစ်ချက်နှင့် ဘယ်ပေါင်ရင်းဖောက်ဝင်ဒဏ်ရာတစ်ချက်တို့ဖြင့် အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

AA အဖွဲ့အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာများကို အသုံးပြုအကာအကွယ်ရယူလျက် တပ်မတော်လုံခြုံရေးစစ်ကြောင်းများအား မိုင်းထောင်/ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်းများ ပြုလုပ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင်သာ ပြန်လည်ခုခံရသည့်အခါ ရပ်ကွက်၊ ကျေးရွာများအတွင်း မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများ ရှိလာနိုင်သဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့ ရပ်ကွက်နှင့် ကျေးရွာများ၌ AA အဖွဲ့အား လက်မခံကြရန်နှင့် မြို့ ရပ်ကွက်နှင့် ကျေးရွာများအတွင်း ဝင်ရောက်လာပါကလည်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများသို့ သတင်းပေးပို့ကြပါရန် မေတ္တာရပ်ခံထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**




# ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီးအတွင်း မတ် ၁၉ ရက်မှ မတ် ၂၁ ရက်အထိ တရားမဝင်သစ် ရှာဖွေဖမ်းဆီးခြင်း ဆောင်ရွက်ခဲ့ရာ ရေတာရှည်မြို့နယ် ကိုးပင်-သာဂရ ကားလမ်း မိုင်တိုင် ၈/၁ အနီး (၈)မိုင်ရွာ တောင်ဘက် တစ်မိုင်ခန့်အကွာမှ တရားမဝင် ကျွန်းခွဲသား ၇ ဒသမ ၀၅၃၄ တန်၊ ဖြူးမြို့နယ် ကွန်းချောင်းဆည်ရေဝပ်ဧရိယာမှ တရားမဝင်သစ်ကျွန်း၊ ပျဉ်းကတိုးခွဲသား ၈ ဒသမ ၉၀၆၂ တန် အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အတူ ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်အား တရားမဝင်သစ်ရှာဖွေဖမ်းဆီးရာ တရားမဝင် ကျွန်းခွဲသား ၉ ဒသမ ၈၃၆၈ တန်၊ ပျဉ်းကတိုးခွဲသား သုည ဒသမ ၂၀၈၄ တန်နှင့် အခြားခွဲသား ၄ ဒသမ ၀၆၉၂ တန် စုစုပေါင်း ၁၄ ဒသမ ၁၁၄၄ တန်နှင့် ပြစ်မှုကျူးလွန်သူ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးဆုံရာ ဆင်ပေါင်ဝဲ၊ အောင်လံ၊ လယ်ဝေး၊ ရေတာရှည်မြို့နယ်များအတွင်း နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းခွဲသား ၁၈ ဒသမ ၀၁၈၄ တန်၊ ပျဉ်းကတိုးခွဲသား ၄ ဒသမ ၄၄၈၄ တန်၊ ထောက်ကြံ့ခွဲသား ၁ ဒသမ ၃၁၈၆ တန် စုစုပေါင်းခွဲသား ၂၃ ဒသမ ၇၈၅၄ တန်အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သိန်းအေးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးစိုးဝင်းတို့ မှုခင်းလျော့နည်းကျဆင်းရေးအတွက် အမှတ်(၅၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၁၈ ရက်က မြို့မိ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောစဉ်။ ဌေးနိုင်



# ကျင်စွယ်တံတားကျိုးကျပြီး မြေသယ်ယာဉ် ချောင်းထဲထိုးကျ

**ကြို့ပင်ကောက် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်(အနောက်ခြမ်း)ညောင်ပင်မြင်းစီး အုပ်စုဘော်ဘင်ချောင်းကူး(ကျင်စွယ်တံတား)တွင် မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက မြေသယ်ယာဉ်တစ်စီးဖြတ်ကူးရာမှ တံတားကျိုးကျပြီး ချောင်းထဲသို့ ထိုးကျသွားခဲ့သည်။

### ဆေးကုသမှုခံယူနေ

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးထွန်းမြင့်(၄၁)နှစ်သည် မြေသယ်ယာဉ်အား မိုးညိုမြို့နယ် ပတ္တော်ရွာမှ သဲများတင်ဆောင်၍ ကျောက်ဝကျေးရွာလမ်းခင်းသည့် နေရာသို့ မောင်းလာစဉ် ကြို့ပင်ကောက်မြို့နယ် ကျင်စွယ်ချောင်းကူးတံတားပေါ် ဖြတ်မောင်းရာမှ တံတားကျိုးကျခြင်းဖြစ်ကြောင်းနှင့် ယာဉ်မောင်း ဦးထွန်းမြင့်အား ကြို့ပင်ကောက်မြို့ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ဆူးလေစေတီတော်မြတ်ကြီးသို့ ထိုင်းနိုင်ငံမှ ဗုဒ္ဓဆင်းတုတော်လှူဒါန်း

**ရန်ကုန် မတ် ၂၂**

ရန်ကုန်မြို့ဆူးလေစေတီတော်မြတ်ကြီးသို့ ထိုင်းနိုင်ငံ နဂါးပတ်ကျောင်းဆရာတော် Prakroo Sang Karat Kit JA ဦးဆောင်သည့်အဖွဲ့က ဗုဒ္ဓဘဂဝါ ဗုဒ္ဓဆင်းတုတော်နှင့် သင်္ကန်းဒွိစုံငါးစုံ လှူဒါန်းပွဲအခမ်းအနားကို မတ် ၂၁ ရက် ညနေ ၃ နာရီခွဲက စေတီတော်ဂေါပကအဖွဲ့ရုံး၌ ကျင်းပသည်။

"ဒီဘုရားက ထုဆစ်ထားတာကြာခဲ့ပြီ၊ ဘုန်းဘုန်းရဲ့ဆရာတော်ကြီးကထုဆစ်ခဲ့တာပါ၊ ဘုန်းဘုန်းရဲ့ဆရာတော်က ဗုဒ္ဓဘာသာနိုင်ငံတိုင်းမှာ ဒီဘုရားတစ်ဆူရှိရမယ်လို့ မိန့်ခဲ့ပါတယ်၊ အဲဒီအတွက် မြန်မာနိုင်ငံကို ပထမဦးဆုံးလာလှူတာပါ"ဟု ထိုင်းဆရာတော်က မိန့်ကြားသည်။

အဆိုပါစေတီတော်မှာ ရွှေတစ်ဝက်၊ ကြေးတစ်ဝက်ဖြင့် ထုဆစ်ထားပြီး ဉာဏ်တော်အမြင့် နှစ်လက်မခွဲရှိကြောင်း၊ ဆင်းတုတော်ကို စေတီတော်၏ တောင်ဘက်မုခ်တွင် တည်ထားကိုးကွယ် အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

"ပိဋကတ်တစ်ပုံအောင် ဆရာတော်ဘဒ္ဒန္တ စန္ဒဇောတိ (စာရေးဆရာ-ဈာန်ရဲထက်) က ထိုင်းနိုင်ငံကို မကြာခဏသွားပြီးတော့ စာပေတရားတွေဟောပြောရင်း ဆရာတော်နဲ့ရင်းနှီးပြီး အခုလို လှူဖြစ်တာပါ" ဟု စေတီတော်ဂေါပကအဖွဲ့မှ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်ခင်မြင့်က ပြောသည်။

**ဇာနည်မောင်**

# ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ



**ဘားအံ မတ် ၂၂**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မတ် ၂၂ ရက် နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ယခုအခါ ပူပြင်းခြောက်သွေ့သည့်ရာသီဥတုသို့ရောက်ရှိလာပြီဖြစ်သည့်အတွက် မီးလောင်မှုများမကြာခဏဖြစ်ပွားလေ့ရှိပြီး မီးဘေးကြိုတင်ကာကွယ်မှုများဆောင်ရွက်ကြရန်၊ မြို့ရွာသန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက မိမိတို့ဒေသအလိုက် လိုအပ်ချက်များဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာချင်းဆက်လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဟိန္ဒူရိုးရာ ဟိုလီသင်္ကြန်ပွဲ ပျော်ရွှင်အေးချမ်းစွာဆင်နွှဲ

**မန္တလေး မတ် ၂၂**

ဟိန္ဒူရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ၂၂ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားရှိ အမ်ဘီကာမယ်တော်ကြီးကျောင်းရင်ပြင်တွင် ကျင်းပသည်။

မန္တလေးမြို့ရှိ ဟိန္ဒူဘာသာရေး၊ လူမှုရေးအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ မန္တလေးမြို့ရှိ အိန္ဒိယနွယ်ဖွားများ လာရောက်၍ ဟိန္ဒူရိုးရာနွေဦးအကြို နှစ်သစ်ကူးရေသဘင်ပွဲတော်ကျင်းပပြီး တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ ရောင်စုံရေများဖြင့် ပက်ဖျန်းကစားကြသည်။

ဟိန္ဒူလူငယ်တေးဂီတအဖွဲ့များကလည်း ဟိန္ဒူရိုးရာတေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေပြီး စေတနာရှင်များကလည်း အိန္ဒိယအစားအစာများ၊ သီးစုံအချိုရည်များ စတုဒိသာတိုက်ကျွေးကြသည်။

အလားတူ ချမ်းမြသာစည်မြို့နယ် ၆၅ လမ်းရှိ မန္တလေးမြို့ရုံးစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတွင်လည်း သံရုံးမိသားစုများက ဟိုလီသင်္ကြန်ပွဲဆင်နွှဲကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# နွေရာသီကြက်ခြေနီလူငယ်လေ့ကျင့်ရေးစခန်းသွင်းသင်တန်း ထားဝယ်မြို့၌ဖွင့်လှစ်

**ထားဝယ် မတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ နွေရာသီကြက်ခြေနီ လူငယ်လေ့ကျင့်ရေးစခန်းသွင်းသင်တန်းကို မတ် ၂၂ ရက် နံနက် ၈ နာရီက ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်သည်။

တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အရေးပေါ်ကျန်းမာရေးအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခများနှင့် အခြားသော မငြိမ်မသက်ဖြစ်မှုအခြေအနေများကြောင့် ထိခိုက်ဆုံးရှုံးမှုများကို လျော့ပါးစေရန်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချရန်အတွက် ရပ်ရွာလူထု၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန် မဟာဗျူဟာရည်မှန်းချက်များချမှတ်ပြီး လုပ်ဆောင်လျက်ရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ဘေးအန္တရာယ်ကျရောက်လွယ်သောသူများကို ထိရောက်ကျွမ်းကျင်စွာ ကူညီပေးနိုင်ရေးအတွက် လေ့ကျင့်သင်ကြားပြီး စဉ်ဆက်မပြတ် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားကြရန်နှင့် အရေးပေါ်အခြေအနေတွင် တက်ညီလက်ညီ တစ်တပ်တစ်အား စုပေါင်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်မမလေးက အမှာစကားပြောကြားပြီး ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် တာဝန်ရှိသူများက အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများမှ သင်တန်းသား ကျောင်းသား ကျောင်းသူ ၂၀၀ အား မတ် ၂၂ ရက်မှ ၂၈ ရက်ထိပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# သင်္ကြန်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးပညာပေး

**သံတွဲ မတ် ၂၂**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ကြိုတင်အသိပညာပေးလုပ်ငန်းကို မတ် ၂၁ ရက် နံနက်က သံတွဲမြို့မရဲစခန်းဝင်းအတွင်း၌ ကျင်းပသည်။

ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် သုံးဘီးယာဉ်မောင်းများအား မြို့မစခန်းမှူး ဒုရဲမှူးရဲမင်းစိုးက မှုခင်းကျဆင်းရေးဆိုင်ရာများ၊ အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ်သန်းစိုးအောင်က ဆိုင်ကယ်အား နှစ်ယောက်ထက်ပိုမိုတင်ဆောင်မစီးကြရန်၊ ဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးစနစ်တကျတပ်ဆင်စီးကြရန်နှင့် အိပ်ဇောပိုက်ဖြုတ်ပြီး အသံဆူညံစွာဖြင့် မူးယစ်သောက်စားပြီး အရှိန်ပြင်းစွာမောင်းနှင်ခြင်းမပြုကြရေး အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင် (ခရိုင်ပြန်/ဆက်)**

# ချင်းတွင်းသင်္ကြန်တွင် ဆင်၊ မြန်မာ့ရိုးရာနွားလှည်း၊ မြင်းခင်း၊ လှေခင်းသဘင်များ ကျင်းပမည်



**မုံရွာ မတ် ၂၂**

၂၀၁၉ ခုနှစ် ဧပြီလတွင် ချင်းတွင်းမြစ်ကမ်း သဲသောင်ပြင်၌ ကျင်းပမည့် ချင်းတွင်းသင်္ကြန်တွင် မြန်မာ့ရိုးရာဆင်အလှပြ၊ မြန်မာ့ရိုးရာနွားလှည်းအလှပြ၊ မြင်းခင်းသဘင်နှင့် လှေခင်းသဘင်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းသင်္ကြန်အဖွင့်ပွဲမှာ ဆင်အကပါမယ်၊ မြင်းခင်းသဘင်ပါမယ်၊ လှေခင်းသဘင်လည်းပါမယ်၊ မြန်မာ့ရိုးရာလှည်းအစီအစဉ်တွေလည်း ယခင်နှစ်နည်းတူပါမယ်၊ ယခုနှစ်မှာက မုံရွာမြို့ပေါ်မှာလည်း မြန်မာ့ရိုးရာသင်္ကြန် ကျင်းပမှာဆိုတော့ ချင်းတွင်းသင်္ကြန်ကိုတော့ ဖျော်ဖြေရေးအစီအစဉ်သီးသန့်နဲ့သွားမှာပါ၊ ပြည်သူတွေအားလုံး လာရောက်ပြီး ရေကစားနိုင်မယ်၊ အားကစားတွေလုပ်ဆောင်နိုင်ဖို့အတွက် စီစဉ်နေတယ်၊ ချင်းတွင်းသင်္ကြန်ကို မနှစ်ကထက် ပိုပြီးစည်ကားအောင် စီစဉ်နေပါတယ်"ဟု ချင်းတွင်းသင်္ကြန်အဖွင့်ပွဲကို တာဝန်ယူလုပ်ကိုင်လျက်ရှိသော ကိုမျိုးမင်းထိုက်က ပြောသည်။

၂၀၁၈ ခုနှစ် ချင်းတွင်းသင်္ကြန်အဖွင့်ပွဲတွင် မြန်မာ့ရိုးရာနွားလှည်းယဉ် တစ်မျိုးတည်းဖြင့်သာ ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ရာ ယခုနှစ်တွင် ချင်းတွင်းသင်္ကြန်ဖွင့်ပွဲကို ပိုမိုစည်ကားစွာကျင်းပနိုင်ရေးအတွက် ထပ်မံထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဒေသခံပြည်သူများကို ထင်းများအခမဲ့ဖြန့်ဝေ

**အထက်မင်းလှ မတ် ၂၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သဘာဝတောထိန်းဇရိယာ ၁၀၀၀ ဧကအတွင်း၌ (တတိယ) နှစ် သဘာဝတောတိုးမွေ့တာမျိုးစပ်ခြင်း ဧက ၁၀၀ မှထွက်ရှိသည့် ထင်း ၃ ဒသမ ၀၈၉ တန်အား မတ် ၂၁ ရက် နံနက်ပိုင်းက မင်းလှမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာနေပြည်သူများထံ ပေးအပ်ခဲ့သည်။

**ဇာဇာ(အထက်မင်းလှ)**

## ( ၇၄ ) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် မြို့နယ်အသီးသီးတွင် ပြိုင်ပွဲများကျင်းပ

**ကော့သောင်း**

(၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အကြို စာအုပ်ပြပွဲကို ကော့သောင်းခရိုင် ပြည်သူ့စာကြည့်တိုက်တွင် မတ် ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ကော့သောင်းမြို့ မူလတန်းလွန်ကျောင်း (အောင်သုခ) မှ နွေရာသီ အင်္ဂလိပ်စကားပြောသင်တန်းသား ကျောင်းသား ကျောင်းသူကလေးများက ကော့သောင်းခရိုင် ပြည်သူ့စာကြည့်တိုက်၌ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

**ဂန့်ဂေါ**

(၇၄) နှစ်မြောက် တပ်မတော်နေ့အကြို စာစီစာကုံးပြိုင်ပွဲကို မတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြုလုပ်သည်။

စာစီစာကုံးပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၄၂ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုများကို မတ် ၂၇ ရက်တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်းဆွေ (ဂန့်ဂေါ)**

## ဆွာဆည်တမံရေပိုလွှဲအနီး ကျွန်းတောစုကျေးရွာမှ အိမ်ထောင်စု ၄၆ စု ရွှေ့ပြောင်း



**ရေတာရှည် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်စဉ်က ထိခိုက်ပျက်စီးခဲ့သော သိုင်းဝကျေးရွာအုပ်စု ကျွန်းတောစုကျေးရွာ အပါအဝင် ကျေးရွာလေးရွာအား မိုးရာသီမရောက်မီ အမြန်ဆုံးရွှေ့ပြောင်းနိုင်ရန် တိုင်းဒေသကြီး အစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဆွာချောင်းတောင်ဘက်ခြမ်း သိုင်းဝကျေးရွာနှင့် တုံးကြီးကျေးရွာအကြား၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားများဖြင့် မြေနေရာများဆောင်ရွက်ပေး၍ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် (MCEA) က ကျွန်းတောစုကျေးရွာမှ ရေနောက်မျောပါပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ် ၄၆ လုံးအတွက် နေအိမ်များ ဆောက်လုပ်လှူဒါန်းပေးခဲ့ပြီး ဒေသခံများအား နေအိမ်များကို မဲစနစ်ဖြင့် နေရာသတ်မှတ်ပေးထားခဲ့ခြင်းဖြစ်သည်။

"ကျွန်းတောစုရွာက ရေနောက်မျောပါသွားတဲ့ အိမ်ထောင်စု ၄၆ စုကို ဒီနေ့စပြီးရွှေ့ပြောင်းတာပါ။ MCEA က ဆောက်လုပ်ပြီးတဲ့ နေအိမ်တွေကို တနင်္လာနေ့က မဲစနစ်နဲ့နေရာချထားပေးတာပါ၊ စက်မှုတိုင်း(၂) တောင်ငူက မော်တော်ယာဉ်ရှစ်စီးနဲ့ စရွှေ့တာ" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က ပြောသည်။

ကျွန်းတောစုတွင် အိမ်ခြေ ၂၂၆ အိမ်၊ လှည်းလမ်းကူးတွင် အိမ်ခြေ ၁၂၀၊ သမဆယ်၊ ခုနှစ်တဲစု အိမ်ခြေ ၄၇ လုံး တို့ကို အမြန်ဆုံးရွှေ့ပြောင်းရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

## ဟိုင်းကြီးကျွန်း ရေတားကျောက်စီတမံတည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး



**ဟိုင်းကြီးကျွန်း မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အမှတ် (၃)ရပ်ကွက် ကပ္ပလီကမ်းခြေတွင် တည်ဆောက်လျက်ရှိသော ရေတားကျောက်စီတမံ တည်ဆောက်မှုလုပ်ငန်းမှာ မတ် ၂၁ ရက်တွင် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကျောက်စီတမံ၏ အရှည်ပေ ၉၇၀ တွင် ပေ ၆၀၀ ကျော် ပြီးစီးနေပြီဖြစ်သည်။

"ဒီဒေသမှာနေထိုင်တဲ့သူတွေ ဒီကျောက်တန်းကိုမှီခိုပြီး ရေလုပ်ငန်းလုပ်ကိုင်မယ့်သူတွေကို စုပေါင်းပြီး အဖွဲ့တစ်ခုဖွဲ့သင့်ပါတယ်၊ ဒီကျောက်တန်းကို တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းထိန်းသိမ်းဖို့ပါ။ ကျွန်တော်တို့ ပြီးခဲ့တဲ့မိုးတွင်းက ရာသီဥတုဒဏ်တော်တော်ခံခဲ့ရတာ၊ ဒီကျောက်တန်းပြီးသွားရင်တော့ ဒီနှစ်မိုးတွင်း အဆင်ပြေသွားမယ်ထင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကပ္ပလီကမ်းခြေရှိ ရေတားကျောက်စီတမံကို နှစ်စဉ်စောင့်ကြည့်နေမည်ဖြစ်ပြီး လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများကိုလည်း ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

### တိုတိုထွာထွာဖတ်စရာ

## လက်နက်ငယ်ကျွမ်းကျင်မှု မွမ်းမံသင်တန်းဆင်း

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် စစ်ရေးပြနှင့် လက်နက်ငယ်ကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဆင်းပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်းက သင်တန်းသားတပ်ဖွဲ့ဝင်များအနေဖြင့် လက်နက်ဖြင့် တာဝန်ထမ်းဆောင်ရာတွင် သင်တန်းမှ လေ့လာသင်ယူခဲ့ရသည့် သင်ခန်းစာများကို အသုံးချပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့အကျိုးပြုရဲလုပ်ငန်းများကို ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးမှာကြားသည်။

သင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး မတ် ၁၁ ရက်မှ ၂၂ ရက်ထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် ဝင်ရောက်စစ်ဆေး

**ကန်ကြီးထောင့်**

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ဒေါက်တာမျိုးထွန်းကျော် (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်သောအဖွဲ့နှင့် ကန်ကြီးထောင့်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ တာဝန်ရှိသူတို့ပူးပေါင်းကာ မတ် ၂၁ ရက် နံနက် ၉ နာရီက ဒါးကကျေးရွာ ဒါးကဈေးသို့ ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် ရောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သည်။

ဒါးကကျေးရွာအတွင်းရှိ မုန့်ဖိုများနှင့် ဈေးအတွင်းရောင်းချနေသော မုန့်ဟင်းခါးဖတ်များ၊ ခေါက်ဆွဲဖတ်များ၊ ပဲပြား၊ အမဲသွေး၊ မျှင်ငါးပိ၊ မှုစ်၊ နန္နွင်းမှုန့်နှင့် စားဆီများတွင် ခွင့်မပြုဓာတုပစ္စည်းများသုံးစွဲထားခြင်း ရှိ-မရှိကို ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

## အာမခံအလုပ်သမားအား အကျိုးခံစားခွင့်ထုတ်ပေး

**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမတွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းအခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံ ဦးသန်းနိုင်ဦးက စီနိုဟိုက်ဒရိုကုမ္ပဏီလီမိတက်၏ အလုပ်ခွင်အတွင်း ထိခိုက်မှုကြောင့် အသက်ဆုံးရှုံးခဲ့သော အာမခံအလုပ်သမား ဦးဇော်လတ်၏ အကျိုးခံစားခွင့်ရရှိမည့် ငွေကျပ် ၉၅၈၂၀၀၀ အား ပေးအပ်ရာ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်နွဲ့စန်းက လက်ခံရယူသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## အာဖရိက ဝက်အပြင်းဖျားရောဂါအကြောင်း ထီးချိုင့်တွင် အသိပညာပေးဟောပြော

**ထီးချိုင့် မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဒိုးပင်ကျေးရွာတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးကြပ်၍ မတ် ၂၁ ရက် နံနက် ၁၁ နာရီတွင် အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာငွေဇော်ဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဘဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာသန့်ဆွေဦးက အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ ဒုတိယဦးစီးမှူး ဒေါက်တာကျော်မင်းနိုင်က တိရစ္ဆာန်များကို စနစ်တကျမွေးမြူနိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ရဲလင်းထွန်း (ပြန်/ဆက်)**

## ဇေယျာသီရိမြို့နယ်တွင် ပညာပေးဟောပြော

**နေပြည်တော် မတ် ၂၂**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်ဦးသည် မတ် ၁၉ ရက် နံနက်ပိုင်းတွင် သာယာစုကျေးရွာမူလတန်းကျောင်း၌ မဟာသင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် ဆောင်ရန်ရှောင်ရန်နှင့် မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခွန်းဆက်နေ**

## မီးဘေးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်

**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မန္တလေးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မတ် ၁၈ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းတွင် အထပ်မြင့်အဆောက်အအုံများ မီးဘေးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ကြသည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက ပိုလန်နိုင်ငံမှဝယ်ယူထားသော အဆင့်မြင့်မီးသတ်ယာဉ်ကြီးများအား ဟိုက်ဒရောလစ် စက်လှေကားကြီးများအသုံးပြု၍ အထပ်မြင့်အဆောက်အအုံကြီးများအား ရေပက်ခြင်း၊ အထပ်မြင့် အဆောက်အအုံရှိ လူများအား ရှာဖွေကယ်ဆယ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**



# နေပြည်တော်တွင် သွေးလှူရှင်အသင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်




**နေပြည်တော် မတ် ၂၂**
နေပြည်တော်ရှိ အရိုးရောဂါအထူးကုဆေးရုံကြီး သွေးလှူဘဏ်၏ ပထမအကြိမ် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို မတ် ၂၁ ရက် နံနက် ၈ နာရီက အရိုးရောဂါအထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီး သွေးလှူဘဏ်တွင် အသင်းအလိုက် အကြိမ်ရေအများဆုံး သွေးလှူခဲ့ကြသည့် ပရဟိတသွေးလှူရှင်အသင်း ငါးသင်းအား ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ဝယ်ယူဖြန့်ဖြူးရေး / ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းနိုင်၊ ဗဟိုအဆင့်ဆေးရုံကြီးများ ကွပ်ကဲရေးမှူး၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ယဉ်သန္တာလွင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များပေးအပ်ပြီး သွေးလှူရှင်အသင်းများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ညောင်ဦးမြို့နယ်တွင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်

**ညောင်ဦး မတ် ၂၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဉ့်ကူကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေ ပြည်သူများကို ကျန်းမာရေး ပြုစုစောင့်ရှောက်ပေးနိုင်ရန်အတွက် (၁၆) ခုတင်ဆံ့ စဉ့်ကူတိုက်နယ်ဆေးရုံသစ်အဆောက်အအုံဖွင့်ပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါ ဆေးရုံဝင်းအတွင်း ယာယီမဏ္ဍပ်တွင် ကျင်းပသည်။

ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီးဒေါက်တာမြင့်သိန်းက တိုက်နယ်ဆေးရုံသစ်နှင့် ပတ်သက်သည့် အချက်အလက်ဆိုင်ရာများကိုရှင်းလင်းပြောကြားသည်။

အဆိုပါ ဆေးရုံသည် စတုရန်းပေ ၉၉၇၅၀ ကျယ်ဝန်းကြောင်းသိရသည်။

ယခုအခါ ညောင်ဦးမြို့နယ် စဉ့်ကူကျေးရွာတွင် (၁၆) ခုတင်ဆံ့ စဉ့်ကူတိုက်နယ်ဆေးရုံသစ် ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ရာ စဉ့်ကူတိုက်နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၃ ရွာမှ ဒေသခံကျေးလက်နေ ပြည်သူ ၅၀၀၀၀ ကျော်အား ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ အဆင်ပြေစွာ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်းနှင့် ဒေသခံကျေးလက်နေ ပြည်သူများမှလည်း တိုက်နယ်ဆေးရုံသစ်ရရှိ၍ ကျန်းမာရေးနာမကျန်းဖြစ်ပါက အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ ကုသနိုင်မည်ဖြစ်၍ ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း စဉ့်ကူတိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာကျော်လင်းသူက ပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ဆေးလိပ်ငွေ့ကင်းစင် ဖောင်တော်ဦးဘုရားတစ်ခွင် ဖြစ်ပေါ်လာရေး အသိပေးဆွေးနွေး

**ညောင်ရွှေ မတ် ၂၂**
အင်းလေးဒေသ၏ အထင်ကရနေရာဖြစ်သော ဖောင်တော်ဦးမြတ်စွာဘုရားရင်ပြင်နှင့် ပတ်ဝန်းကျင်တွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေဖြစ်ပေါ်လာရေး အသိပေးဆွေးနွေးပွဲကို မတ် ၂၁ ရက် နံနက် ၁၀ နာရီက အင်းလေးဖောင်တော်ဦးဘုရားရှိထိန်ထိန်လင်းကျောင်း၌ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်က ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ ဖြစ်ပေါ်လာရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကြောင့် ရရှိနိုင်သည့်ရောဂါများ၊ ဆေးလိပ်ငွေ့ကင်းစင်နေရာအဖြစ် သတ်မှတ်ထားသည့် နေရာများကိုရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဒေသခံများက အကြံပြု ဆွေးနွေးခဲ့ကြသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရင်ပြင်နှင့် ပတ်ဝန်းကျင်တွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ ဖြစ်ပေါ်လာရေးအတွက် ပြည်သူလူထုများအနေဖြင့် ကျန်းမာရေးပိုမိုကောင်းမွန်လာစေရန်၊ ဖောင်တော်ဦးဘုရားသို့ လာရောက်သော ဧည့်သည်များ ကြည်ညိုသဒ္ဓါ ပွားများစေရန်၊ စည်းကမ်းရှိမှုကို ပြသခြင်းအားဖြင့် အင်းလေးဒေသ၏ ဂုဏ်သိက္ခာကို မြင့်မားစေရန် စသည့်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက် )**



# ကျောက်ကပ်သန့်စင်စက်နှင့် ခွဲစိတ်ခန်းသုံး Ceiling Lamp လှူဒါန်း

**ပြည် မတ် ၂၂**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင် (၅၀၀) အထွေထွေရောဂါကု ဆေးရုံကြီးသို့ ကျောက်ကပ်သန့်စင်စက်နှင့် ခွဲစိတ်ခန်းသုံး Ceiling Lamp လှူဒါန်းပွဲကို မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါ ဆေးရုံကြီး စုဝေးခန်းမ၌ ကျင်းပသည်။

ငွေကျပ် ၁၈၅ သိန်းတန်ဖိုးရှိ ကျောက်ကပ်သန့်စင်စက်အား ဝက်ထီးကန်မြို့နေ အလှူရှင် ဦးလှငွေ-ဒေါ်မြင့်မြင့်၊ ညီ ကိုတင်အောင်မိုး မိသားစုတို့က လှူဒါန်းခဲ့ပြီး ငွေကျပ် ၇၅ သိန်းတန်ဖိုးရှိ ခွဲစိတ်ခန်းသုံး Ceiling Lamp ကို ပြည်မြို့နေ ဒေါ်လှဝင်း သားသမီးမြေးမြစ်တို့က လှူဒါန်းရာ ပြည် ဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင်က လက်ခံရယူ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

၎င်းနောက် ကျောက်ကပ်ဆေးစက်အလှူရှင် ကိုတင်အောင်မိုးက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင်၊ သမားတော်ကြီး ဒေါက်တာခင်နှင်းဦး၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်စိန်တို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ပြည်မြို့အထွေထွေရောဂါကုဆေးရုံတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့မှ ကျောက်ကပ်ဝေဒနာရှင်များနှင့် မွေ့ကိုက်လူနာများအတွက် ယခုလှူဒါန်းသော ကျောက်ကပ်ဆေးစက်အပါအဝင် ကျောက်ကပ်သန့်စင်စက် ရှစ်လုံးဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ ဝေဒနာရှင်များအား ကုသပေးလျက်ရှိရာ အလှူရှင်များ၊ တာဝန်ယူဆောင်ရွက်ပေးကြသော ဆရာဝန်ကြီးနှင့်ကုသိုလ်ရှင် အကျိုးဆောင် ဦးသောင်းအေးတို့အား ဝေဒနာရှင်နှင့် မိသားစုများက ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**အောင်(ဓာတုဗေဒ)**

တိုတိုထွာထွာဖတ်စရာ

## ညောင်လေးပင်တွင် အခမဲ့ခွဲစိတ်ကုသပေး

**ညောင်လေးပင်**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ မတ် ၂၀ ရက်က ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ဆရာဝန်ကြီးများက တစ်ရက်တာ (အခမဲ့) လာရောက်ခွဲစိတ်ကုသမှုပေးခဲ့သည်။

ရန်ကုန်မြို့ မြောက်ဥက္ကလာပဆေးရုံကြီးမှ ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်ဇင်နှင့် ခွဲစိတ်ဆရာဝန်များအဖွဲ့က ညောင်လေးပင် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသော အူကျ၊ အူအတက်၊ အဖုအကျိတ်နှင့် ဆိုင်သည့်ရောဂါဝေဒနာရှင် ၂၆ ဦး အားခွဲစိတ်ပေးခဲ့ကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## မြောင်းမြတွင် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ကျင်းပ

**မြောင်းမြ**
မြောင်းမြမြို့နယ် သစ်တောဦးစီးဌာနက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မြောင်းမြမြို့နယ် မြေတံတားကြီးကျေးရွာ မြို့ဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးဟယ်နီစိုးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမြင့်သန်းကိုက အပြည်ပြည်ဆိုင်ရာသစ်တောများနေ့နှင့် ပတ်သက်၍ သိကောင်းစရာများ ပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ )**

## ဒေးဒရဲတွင် မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်

**ဒေးဒရဲ**
ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းဟောင်း၌ မတ် ၂၀ ရက် နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ဦးစီးမှူး ဦးတင်ဌေးခေါင်းဆောင်သော မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များသည် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုင်တွယ်အသုံးပြုရမည့် ပစ္စည်းကိရိယာများနှင့် အကျွမ်းတဝင်ရှိစေရေးအတွက် လက်တွေ့လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောက်တွင် ဆူညံအိတ်ဇောများ ဖျက်ဆီး

**ချောက်**
မကွေးတိုင်းဒေသကြီး ချောက်မြို့တွင် မတ် ၂၁ ရက် နံနက် ၈ နာရီက မြို့မရဲစခန်းလမ်းဆုံရှေ့လမ်းမပေါ်တွင် ဖမ်းဆီးရမိသော ဆိုင်ကယ်ဆူညံအိတ်ဇောများအား လမ်းကြိတ်စက်ဖြင့် ဖျက်ဆီးခြင်းပြုလုပ်သည်။

အများပြည်သူများအတွက် နားမခံစရာ၊ လူကြီးသူမများ အထိတ်တလန့်ဖြစ်စရာ ဆိုင်ကယ်ဆူညံအိတ်ဇော ၁၅၀ ကို အများပြည်သူ့ရှေ့လမ်းမပေါ်တွင် လမ်းကြိတ်စက်ဖြင့် ဖျက်ဆီးခဲ့သည်။

**ကျော်မိုး (ပြန်/ဆက်)**



မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဝင် မောင်သာဖြန်း(ထန်းတပင်)သည် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပန်းလှိုင်ဆေးရုံ၌ တက်ရောက်ဆေးကုသနေရသဖြင့် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များအသင်း အတွင်းရေးမှူး ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်)နှင့် စာရင်းစစ် ဦးမျိုးမင်းသိန်း(မျိုးမင်းသိန်း-မရမ်းကုန်း)တို့က မတ် ၂၁ ရက်တွင် ငွေကျပ် ၁၀၀၀၀၀ သွားရောက်ထောက်ပံ့ပေးအပ်စဉ်။

**မျိုးကြီး**

# ရှေ့နေနှင့် ကျွန်တော်အိုင်စီအက်စ်

**ဦးဟန်ညွန့် (ဥပဒေ)**

**နိဒါန်း**

"ဆရာ"

"ဗျာ"

" ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်ကဘာလဲဆရာ"

"ရှေ့နေနှင့်ကျွန်တော်အိုင်စီအက်စ် ... တဲ့"

"ရှေ့နေနှင့် ကျွန်တော်ဖြူရိုကရက်ရေးပြီးပြီလေ၊ အဲဒါ အဆက်လား"

"ဒီလိုမှတ်ယူမယ်ဆိုရင်လည်း ရပါတယ်၊ ဒါပေမယ့် ဒီစာအုပ်က ရည်ရွယ်ချက်တစ်မျိုးပါ။ ခံစားချက်တစ်မျိုးပါ။ ယူတတ်ရင်ရမှာပါ။"

"ဘာတွေဖော်ပြထားလို့လဲဆရာ"

"လေ့လာဖတ်ရှုကြည့်ကြစို့"

**အဂတိတိုက်ဖျက်ရေး**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးတာဝန်ကို ထမ်းဆောင်နေရသော ရှေ့နေတစ်ဦးအနေနှင့်တတ်စွမ်းသမျှ တာဝန်ကျေချင်သည်။ တာဝန်ကမည်သို့၊ ကျင့်ဝတ်က ဘယ်လို၊ ပြည်သူ့ဆက်ဆံရေးက ဤနယ်၊ နယ်ပယ်က ဤလမ်း စသည်များ။ လေ့လာခြင်း၊ မှတ်သားခြင်း၊ ကျက်မှတ်ခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ ပြည်သူ့အကျိုးသယ်ပိုးခြင်း၊ ပြည်သူ့အသံနားထောင်ခြင်းများ ဆောင်ရွက်ရသည်။ ခေတ်အဆက်ဆက် တာဝန်ရှိသူတွေ ဘာလုပ်ခဲ့ကြသလဲ။ ဘယ်စနစ်ကျင့်သုံးခဲ့ကြသလဲ။ဘာတွေပြောခဲ့ကြသလဲ။ အဆိုးအကောင်း၊ အကျိုးအကြောင်း။ ထုံးဟောင်းသက်သေလေ့လာရပေသည်။ ကောင်းတာယူ၊ ဆိုးတာပယ်၊ အမြင်ကျယ်ရမည် မဟုတ်လား။ ဤသို့ ကျွန်တော်ယုံသည်။

**ဦးချမ်းသာ**

၁၉၅၆၊ ၁၉၅၆ ဆိုတော့ နှစ်ပေါင်း (၆၀)ကျော်ပြီ။ စစစ စာစောင်၊ အတွဲ(၂)၊ အမှတ်(၃) ၁၉၅၆ မှာ ၁၉၅၆ ခုနှစ် စသုံးလုံးနှစ်ပတ်လည်ညီလာခံ ကျင်းပခဲ့သည်။ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ (အ-စ-အ-ဖ) ဥက္ကဋ္ဌမှာ အိုင်စီအက်စ် ဦးချမ်းသာဖြစ်သည်။ ဦးချမ်းသာ၏ မိန့်ခွန်းကို ပြန်ဖတ်ကြည့်မိသည်။ ဤသို့ပါ။

(ကိုယ်ကျိုးပစ်စွန့်၊ ရဲဝံ့သတ္တိ၊ စွယ်စုံပြည့်လျက် ပန္နက်သစ္စာ၊ မြဲမြံစွာလျှင်၊ ပြည်သူ့အကျိုး၊ လွန်သယ်ပိုးအံ့ ဆိုတဲ့ ကျွန်တော်တို့ဌာနရဲ့လက်ာမှာပါသလို လူမျိုးနှင့် တိုင်းပြည်ကို တကယ်သစ္စာရှိရှိနဲ့ ထက်သန်တဲ့မျိုးချစ်စိတ်ရှိတဲ့ ပုဂ္ဂိုလ်များဟာ မိမိတို့ကိုယ်မိမိတို့ ထင်ပေါ်ချင်စိတ် မရှိဘဲ ကျပ်တည်းသော စည်းမျဉ်းထဲကနေပြီး နှစ်နှစ်သုံးနှစ်ဆိုသလို သေချာစွာလေ့လာပြီးမှ တိုင်းပြည်ရဲ့ အကျိုးကို ဌာနသစ္စာ အမိဌာန်နှင့် နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားတဲ့ ဥပဒေများအတွင်း ဆောင်ရွက်လိုက ဤဌာနသို့ ဝင်ရောက်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ပေးပါလို့ ကျွန်တော်မေတ္တာရပ်ခံလိုပါတယ် ... တဲ့။)

**ဆောင်ရွက်ချက်အကျဉ်း**

ကျွန်တော်တို့ ဆောင်ရွက်ချက်အကျဉ်းကတော့ -

- ၁၉၅၁-၅၂ အတွင်း အခွန်တိမ်းရှောင်သူများ
- ပြည်သူပိုင်ပစ္စည်းခိုးယူမှုကြီးများ
- ၁၉၅၂-၅၃ အတွင်း နိုင်ငံခြားငွေခိုးထုတ်မှုများ၊ လာဘ်စားမှုများ၊ ပြည်သူပိုင်ပစ္စည်းနှင့် ပတ်သက်တဲ့ အမှုကြီးများ
- ၁၉၅၄-၅၅ အတွင်း ထွက်ကုန်၊ ဝင်ကုန်ကြီးကြပ်ရေး ဥပဒေကို ချိုးဖောက်မှုများ ၊ နိုင်ငံခြားငွေခိုးထုတ်သော အမှုကြီးများ၊ လာဘ်စားမှုကြီးများ၊ သယ်ယူပို့ဆောင်ရေးဌာနများနှင့် ပတ်သက်သော မီးရထား၊ သင်္ဘော၊ ကြေးနန်းစာတိုက်နှင့်ပတ်သက်သော မသမာမှုများ အရပ်ရပ်။ ဖော်ထုတ်အရေးယူခဲ့တယ်။

**သွေးပုပ်ကို ချက်ချင်းထုတ်**

ဝန်ကြီးချုပ်ကိုယ်တိုင်က မကောင်းရင်၊ မညှာပါနဲ့၊ အရေးယူပါ။ ခင်ဗျားတို့ မကောင်းရင်လည်း ဆန်ရှင်းနာနာဖွပ်ဆိုသလို ပြင်းပြင်းထန်ထန်အရေးယူမှာပဲ ...တဲ့။

ပြင်းထန်စွာ အရေးယူလိမ့်မည်ဆိုတာ ယခင်ကလည်း ပြောခဲ့ပြီး။ ယခုလည်း ထပ်ထပ်ပြီး ပြောပါတယ်။ ကျွန်တော်တို့ ဌာနတွင်းမှာရှိတဲ့ လောက်ကောင်၊ ခြကောင်၊ မျှော့ကောင်၊ ဖောက်ပြန်ရေးသမားဟာ အကြီးဆုံးရန်သူ နံပါတ်(၁)လို့ ရှေးမဆွကပင် သဘောထားခဲ့ပါတယ်။ တိုင်းသူပြည်သားများကလည်းပဲ ထိုလူစားမျိုးရှိနေတာလို့သိရင်တိုင်တန်းပါ။ သတင်းပေးပါဆိုတာလည်း အမြဲနှိုးဆော်ထားပါတယ်။ အဲလိုလူမျိုးကို ဖော်ထုတ်အရေးယူရန်လည်း ကျွန်တော်တို့ရဲ့နံပါတ်(၁) ဝတ္တရားဆိုတာလည်း ခဏခဏပြောခဲ့ပြီးပါပြီ။

သွေးပုပ်အနည်းငယ်သာမက ပုပ်မည်ထင်ရသော သွေးအနည်းငယ်ကိုလည်း ပုပ်အောင်မစောင့်ဘဲ ဆက်လက်သုတ်သင်ပါမယ်။ ချို့ယွင်းလျှင်ချို့ယွင်းခြင်း၊ ရှင်းလင်းခြင်း မပြုကြရင် နောက်ကျမှပြင်ရန် ခက်တဲ့သဘောကို တင်ပြခြင်းဖြစ်ပါတယ်။

**( ဦးချမ်းသာ၏မိန့်ခွန်း၊ ၁၉၅၆)**

အထက်ပါ ဦးချမ်းသာ၏မိန့်ခွန်းက ယနေ့တိုင်ခေတ်မီဆဲ။ နမူနာယူစရာ။ နှစ်ပေါင်း(၆၀) ကျော်သော်ငြားဟောင်းမသွားသေး။ အလေးပေးကောက်နုတ်၍ ဆင်ခြင်သုံးသပ်ဖွယ်။

**ဦးချမ်းသာ၏အကြောင်း**

ဆရာကြီးညိုမြက ဦးချမ်းသာ၏အကြောင်း အောက်ပါအတိုင်းရေးသည်-

ဦးချမ်းသာ(လက်ဝဲမင်းညို) သည် မြန်မာသက္ကရာဇ် ၁၂၆၉ ခု၊ မင်းဘူးမြို့ ခတ်တော်ကုန်းရပ်တွင် မွေးဖွားသည်။ အဘမှာ ရှေ့နေ ဦးရွှေလှိုင်၊ အမိမှာ ဒေါ်ညိုတို့၏ တစ်ဦးတည်းသောသားဖြစ်သည်။ သားယောကျ်ားလေး မွေးတိုင်းသေသဖြင့် မင်းဘူးမြို့ တောရတိုက်ဆရာတော်ကြီးက မောင်ချမ်းသာဟု နာမည်ပေးခဲ့သည်။

၁၉၂၀ပြည့် ကျောင်းသားသပိတ်တွင် ၆ တန်းကျောင်းသား၊ သပိတ်မှောက်၍ တစ်နှစ်အတန်းကျသည်။ ၁၀ တန်းမှာ ဂုဏ်ထူးနှစ်ခုရသည်။ ရာဇဝင်ဂုဏ်ထူးဖြင့် ရန်ကုန်တက္ကသိုလ် ပြည်ကျောင်းဆောင်မှ ၁၉၃၁ ခုနှစ်တွင်အောင်သည်။ ၁၉၃၂၊ အိုင်စီအက်စ် စာမေးပွဲဝင်။ ၁၉၃၂ အင်္ဂလန်သွား၊ အောက်စ်ဖို့ဒ် တက္ကသိုလ်မှာ အိုင်စီအက်စ်အစမ်းခန့် သင်တန်းတက်။ အောက်စ်ဖို့တက္ကသိုလ်မှာ ပထမဆုံး ဗုဒ္ဓဘာသာအသင်းတည်ထောင်။ စစ်ကိုင်း၊ မန္တလေး၊ အမရပူရ၊ ပုသိမ်၊ ရန်ကုန်အတွင်းဝန်ရုံး၊ ရမည်းသင်း၊ ပြည်၊ ကျောက်ဆည်၊ မင်းဘူး၊ မကွေးခရိုင်များတွင် နယ်ပိုင်၊ အရေးပိုင်၊ ခရိုင်ဝန်စသည်ဖြင့် အမှုထမ်းခဲ့၊ ဘုရင်ခံ၏နေ့လယ်စာစားပွဲ၌ မြန်မာဝတ်စုံနှင့်တက်၍ အပြူစုခံရသူ။ မြန်မာဝတ်စုံကိုမြတ်နိုးအမြဲဝတ်ဆင်သူ။ ဝန်ကြီးချုပ် ဦးနုလက်ထက် ပြည်ထဲရေးအတွင်းဝန်နှင့် စသုံးလုံး ဥက္ကဋ္ဌ။ ၁၉၈၇ ခုနှစ်တွင် ကျွန်တော်အိုင်စီအက်စ် စာအုပ်ကို ပြုစုရေးသားထုတ်ဝေခဲ့။

**အခန်း(၁၅)ခန်း**

မင်းဘူးမည်ရှိ ရပ်သီရိ၊ ရန်ကုန်တက္ကသိုလ်၊ အိုင်စီအက်စ် အစမ်းခန့်၊ ဘိလပ်က လှေပြိုင်ပွဲများ၊ စစ်ကိုင်းတိုင်း ချီးမွမ်းခန်း၊ မဟာမန္တလေး၊ မြစ်ဝကျွန်းပေါ်ရှခင်း၊ ပဲခူးမှာတစ်ခါကြုံတယ်။ စစ်ကြိုမှ စစ်ပြေးဘဝသို့၊ ဂျပန်ခေတ် ခရိုင်ဝန်။ မင်းဘူးသား မင်းဘူးအရေးပိုင်၊ ဒုတိယမ္ဘစစ်ပြေးဘဝ၊ အင်္ဂလိပ်ပြန်လာချိန်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ၊ နိဂုံး စသည်ဖြင့် အခန်း(၁၅)ခန်း ပါဝင်သော ကျွန်တော်အိုင်စီအက်စ်စာအုပ်ကို ဆရာကြီး ဦးချမ်းသာ ရေးသားခဲ့သည်။ (စာအုပ်ဈေးပုံနှိပ်၊ ၂၀၁၁) ထုတ်ဝေသည်။

**အောက်စဖို့ဒ်နှင့်လန်ဒန်**

နယူးကောလိပ်သို့ရောက်သည်။ ရော်ဘင်ဆန်တာဝါ (ခေါ်) ငါးထပ်အဆောက်အအုံကြီး၏ တတိယထပ်၊ လှေကားနံပါတ်(၇)၊ အခန်းနံပါတ်(၃)၊ ဟောလိုဝဲလမ်းနှင့် ရှေးဟောင်းအောက်စဖို့ဒ်မြို့ရိုးနှစ်ခုအကြားတည်ရှိသည်။ အိပ်ခန်း(၁၈× ၁၅ ပေ) ကျောက်မီးသွေးမီးဖိုပါဝင်သည်။ ဧည့်ခန်း (၁၅× ၁၇ ပေ) သီးခြားတစ်ခု၊ အခန်းငယ်လေး တစ်ခန်းတွဲ၍ ပါသည်။ ဗီရို၊ မှန်တင်ခုံ၊ အင်္ကျီချိတ် စသည်၊ စာရေးစားပွဲ၊ ကုလားထိုင်နှင့် စားပွဲတင်မီးအိမ် စသည်များ ထားရှိသည်။

**ကျောင်းပိတ်ရက်များ လန်ဒန်သွား**

ကျောင်းပိတ်ရက်များတွင် အောက်စ်ဖို့ဒ်မှ လန်ဒန်သို့ သွားကြသည်။ အောက်စ်ဖို့ဒ်သမဂ္ဂ၊ မြင်းစီးသင်တန်း၊ ရာဇဝတ်ရုံး လေ့လာချက်၊ ဝတ်လုံကြီးများ အမှုလိုက်ပုံ၊ တရားသူကြီးများက ချက်ကျကျထောက်ပုံမှာ အလွန်နားထောင်၍ ကောင်းပုံ၊ ဥပဒေအချက်အလက်များကို တရားသူကြီးက ရှင်းပြပုံ၊ အချက်အလက်နှင့်ဥပဒေ (Fact and Law )၊ ဂျူရီများ စဉ်းစားခန်း၊ စီရင်ချက်ချပုံ၊ အတော်စိတ်ဝင်စားစရာကောင်းပုံ။ ( စာ-၂၂၅ ) ရေးထားသည်။

**ကျွန့်ဌာနေကဗျာ**

မွေးရပ်ဌာနကို သတိရ လွမ်းဆွတ်ပြီး ကျွန့်ဌာနေကဗျာ ရေးခဲ့ပုံ ( စာ=၂၄၀) ဖတ်ရသည်။

"တစ်ဆောင်းကျွန်း၍ နေနန်းပြင်စွန့်
လယ်ချက်ကွန့်သော် နွေညွှန့်ဖြာဝေ
ကျွန့်ဌာနေကား ဧရာရှေ့စွန်း
ငွေရည်သွန်းလျက်၊ နောက်ကွန်းရွှေစက်
ရာ့ရှစ်ကွက်နှင့် ---- အစချီသောကဗျာ" ကို စပ်ဆိုခဲ့ပုံ ဖတ်ရသည်။

**အလုပ်သင်ကာလ**


ကိုလိုနီခေတ်အုပ်ချုပ်ရေး၏ အခြေခံသဘောတရားများ၊ လက်တွေ့ဆယ်လ လေ့လာခဲ့ပုံ၊ မြေခွန်တော်ဌာန အကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍ၊ ကုန်းဘောင်ချက်ကြွေ ဒိုဇာတိမြေများအကြောင်း။

**မဟာမန္တလေး**

မန္တလေး အရှေ့နယ်ပိုင်၊ အမရပူရဝန်ထောက်၊ မြို့မိမြို့ဖများ၊ အရာရှိလောက၊ ပုထိုးတော်ကြီးပွဲ၊ ဦးပိန်တံတား အကြောင်း၊ ရတနာဂူနတ်ပွဲ၊ မေမြို့ထမင်းစားပွဲ၊ ဘုရင်ခံချုပ်ကြိုဆိုပွဲ၊ ကရဝိက်ဖောင်အကြောင်း၊ အနုပညာသည်များကို ဘွဲ့ပေးရေး၊ မန္တလေးမြို့နှင့် ပတ်ဝန်းကျင် (စာ-၃၂၄) များ ဖတ်ရ၊ မှတ်ရသည်။

**အမရပူရဘွဲ့**

သာမျိုးငယ်ခြံရံ တောင်တည့်တောင်သမန်
ဆဒ္ဒန်ကြာတော ရေကြည်ဖောင်းကလောငယ်နှင့်လေး
အံ့သြကုန်နိုင်ဖွယ်လေးတည့်မှ
ကန်ကြီးအောင်ပင်လယ်




ရှုဖွယ်နက်ကျယ် ရှုဖွယ်သာခင်
နန္ဒာမြ အဆင်းငယ်နှင့်
မြစ်မင်းဧရာ ဆုံလေတည့်မှ
ပျော်ခင်းသည်မှာဆုံ
(ထောင်ရောင်နေပတ်ပျိုး) (စာ-၃၃၂)

**မြစ်ဝကျွန်းပေါ်ရှုခင်း**

အမရပူရ အရှေ့နယ်ပိုင်အဖြစ် (၂)နှစ်ထမ်းဆောင်ပြီး ကျွန်တော့်အား ပုသိမ် ဒိစတြိတ်တွင် ကြေးတိုင်ဝန်ထောက်အဖြစ်ခန့်ထားသည်။ ၁၉၃၇ တွင် အင်းစိန်ကြေးတိုင်ရုံးချုပ်တွင် အလုပ်လက်ခံသည်။ တစ်ပတ်အတွင်း ပုသိမ်နယ်သို့ ကွင်းဆင်းရသည်။ (စာ-၃၃၇)

အဓိကမြေခွန်၊ မြေအတန်းအစား၊ သမာဓိများနှင့် ကွင်းဆင်း၊ ကွင်းဆင်းစစ်ဆေးပုံ၊ စံကွက်၊ ဦးကြီးများနှင့် နီးနှော၊ ချစ်တီးနှင့် ဗေဒါအတူလာ၊ စပါးတစ်တင်းငါးမူး၊ ငါးပိနှင့်ဟင်းရွက်ပြုတ်၊ သောက်ရေရှား၊ မြန်မာနှင့်ငါးပိ၊ ဘဝတွယ်တာမှု(စာ-၃၅၄)များ ဖတ်ရသည်။

**ဂျပန်ခေတ်ခရိုင်ဝန်**

အိုင်စီအက်စ်ဆိုတာ ဘာလဲ။ (I.C.S) အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်း၏ ပဋိညာဉ်စာချုပ် (၉ - ၁၀ - ၁၉၃၄) ခတ်ပုံမိတ္တူကို ဤစာအုပ်တွင်မြင်ရ၊ ဖတ်ရသည်။ ရှားပါး အိုင်စီအက်စ်၏ ၁၀ ပါးသီလအကြောင်းမှာ-

(၁) သစ္စာရှိစွာဖြင့် အလုပ်တာဝန်ကို ကျေပွန်စွာလုပ်ပါမည်။
(၂) လာဘ်မစားဘဲ လုပ်ပါမည်။
(၃) ကူးသန်းရောင်းဝယ်ရေးနှင့် အခြားအပြင်အပ အလုပ်မလုပ်ပါ။
(၄) အစိုးရလွှဲအပ်ထားသော ပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်း၊ ကိုယ်ကျိုးအတွက် သုံးခြင်းမှ ရှောင်ပါမည်။
(၅) အစိုးရငွေစာရင်းကို တိကျမှန်ကန်စွာထား၍ လိမ်လည်ခြင်းမလုပ်ပါ။
(၆) အစိုးရ၏လျှို့ဝှက်သောကိစ္စကို အခွင့်မပြုဘဲ အခြားသူကို မပြောပါ။
(၇) အိုနာစာရန်ပုံငွေကို သတ်မှတ်သည့်အတိုင်း လစာမှထည့်သွင်းပါမည်။
(၈) ဘယ်နေ့အလုပ်စဝင်ပါသည်။
(၉) အိန္ဒိယအတွင်းပို့သည့်နေရာ သွားရောက် အမှုထမ်းပါမည်။
(၁၀) အလုပ်ကိုအမြန်ဆုံး ဝင်ရောက်လုပ်ကိုင်ပါမည် ဟူသော အချက်များပါဝင်သည်။ (စာ-၄၁၆)

**နိဂုံး**

(၁) အိုင်စီအက်စ် ဦးချမ်းသာတို့ခေတ်က ဆောင်ရွက်ခဲ့ပုံ။
(၂) ယနေ့ မျက်မှောက်ခေတ်မှာ ဆောင်ရွက်နေပုံ။
(၃) နှိုင်းယှဉ်ခံစား သင်ခန်းစာများရယူနိုင်ကြပါစေကြောင်း။

# စားသုံးသူကာကွယ်ရေးဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူရာတွင် သဘောတူညီထားသည့်တန်ဖိုးနှင့်အညီ ပေးချေခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ မဟုတ်မမှန် စွပ်စွဲပြောဆိုမှု၊ ပြုလုပ်မှုတို့ကိုရှောင်ကြဉ်ခြင်း၊

(ဃ) အငြင်းပွားမှုကိုညှိနှိုင်းဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် မဟုတ်မမှန်ပြောဆိုခြင်း၊ ရေးသားခြင်းနှင့်ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

**အခန်း (၁၀)**

**စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ**

၂၁။ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏အာမခံချက်၊ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊

(ခ) စားသုံးသူကို ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာဆက်ဆံခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်ခြင်း၊

(ဃ) ကုန်သွယ်မှုပြုရန်နှင့် ထုတ်လုပ်မှုပြုရန်အလို့ငှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သတ်မှတ်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်များအပေါ်အခြေခံ၍ အာမခံချက်ပေးခြင်း၊

(င) အရည်အသွေးစမ်းသပ်ရန်လိုအပ်သော ကုန်စည်နှင့်စပ်လျဉ်း၍ ဝယ်ယူခြင်းမပြုမီ စားသုံးသူများကို စမ်းသပ်နိုင်သည့်အခွင့်အရေး ပေးခြင်း၊

(စ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ထပ်မံပေးချေရမည့် တန်ဖိုးကို စားသုံးသူက ဝယ်ယူအသုံးမပြုမီ သိရှိစေရန် အတိအလင်းဖော်ပြပေးခြင်း၊

(ဆ) စားသုံးသူနစ်နာဆုံးရှုံးမှုဖြစ်ပွားစေမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက်ရောင်းချခြင်း သို့မဟုတ် သွယ်ဝိုက်ရောင်းချခြင်းကိုရှောင်ကြဉ်ခြင်း၊

(ဇ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ကတိပြုထားသော အာမခံချက်နှင့် ကိုက်ညီမှုမရှိပါက ကတိပြုထားသည့်အတိုင်း တာဝန်ယူဆောင်ရွက်ပေးခြင်း၊

(ဈ) အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ စားသုံးသူအပေါ် ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊

(ည) ထုတ်လုပ်သည့်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွင် ဘေးအန္တရာယ်ရှိကြောင်းကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုအရသော်လည်းကောင်း သိရှိလျှင် အဆိုပါအကြောင်းအရာအား ဦးစီးဌာနနှင့်စားသုံးသူများထံ အချိန်မီသိရှိနိုင်စေရန် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ အသိပေးခြင်း၊

(ဋ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကိစ္စရပ်များဖြစ်ပေါ်ခဲ့ပါက သက်ဆိုင်ရာကော်မတီ၏ ဖြေရှင်းဆောင်ရွက်ပေးမှုနှင့်ဆုံးဖြတ်ချက်ကို အလေးထားလိုက်နာဆောင်ရွက်ခြင်း။

**အခန်း(၁၁)**

**ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း**

၂၂။ စီးပွားရေးလုပ်ငန်းရှင်သည် ရောင်းချသည့်ကုန်စည်တွင် သာမန်အားဖြင့် မမြင်နိုင်သော သဘာဝပြောင်းလဲနိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို စားသုံးသူအား ထင်ရှားစွာဖော်ပြ၍ အသိပေးရမည်။

၂၃။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်နှင့်စပ်လျဉ်း၍ ဖော်ပြရမည့် အာမခံချက်များတွင် အောက်ပါအချက်အလက်များ ပါဝင်စေရမည်-

(က) စားသုံးသူက လက်ခံသုံးစွဲနိုင်သော အရည်အသွေးရှိခြင်း၊

(ခ) ကုန်စည်၏အရည်အသွေး၊ အချိန်အတွယ်ပမာဏနှင့် အလေးချိန်မှန်ကန်မှုရှိခြင်း၊

(ဂ) ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊

(ဃ) သုံးစွဲသူ၏လိုအပ်ချက်အတွက် သင့်လျော်မှုရှိခြင်း၊

(င) နမူနာပစ္စည်းတွင် ဖော်ပြထားသည့်အတိုင်း တူညီစွာပါရှိခြင်း၊

(စ) အာမခံချက်ပေးထားသည့်ကာလ သို့မဟုတ် အသုံးပြုနိုင်မည့်ကာလအတွင်း အပိုပစ္စည်းရရှိနိုင်ခြင်း၊ ပြန်လည်ပြုပြင်နိုင်ခြင်း သို့မဟုတ် လဲလှယ်နိုင်ခြင်း၊

(ဆ) ကုန်အညွှန်းအမှတ်အသားပါ အချက်အလက်၊ ကြော်ငြာ၊ ကမ်းလှမ်းချက် သို့မဟုတ် အရောင်းမြှင့်တင်ခြင်းတွင် ပါဝင်သော ဖော်ပြချက်နှင့် ကိုက်ညီမှုရှိခြင်း။

**အခန်း(၁၂)**

**ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ်**

**စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေး**

၂၄။ စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ ၂၃ အရ စားသုံးသူအပေါ် အာမခံချက်ပေးထားသည့်ကာလ သို့မဟုတ် အသုံးပြုနိုင်မည့်ကာလအတွင်းအသုံးပြုနိုင်ရန် ကုန်စည်ကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ခြင်းမပြုလျှင်ဖြစ်စေ၊ သတင်းအချက်အလက်ပြည့်စုံစွာ ဖော်ပြခြင်းမရှိလျှင်ဖြစ်စေ စားသုံးသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

(က) အာမခံချက်ပေးထားသည့်အတိုင်း ပြန်လည်ပြင်ဆင်လဲလှယ်ပေးရန် သို့မဟုတ်

(ခ) အပိုပစ္စည်းမရရှိနိုင်လျှင် ထုတ်လုပ်သူထံမှ ကုန်စည်တန်ဖိုး သို့မဟုတ် ဝယ်ယူသုံးစွဲသည့်ကုန်စည် သို့မဟုတ် မူလအရည်အသွေးအောက်မနိမ့်သော ကုန်စည်ကို ပြန်လည်ရရှိရန် သို့မဟုတ်

(ဂ) စီးပွားရေးလုပ်ငန်းရှင်ဘက်မှ ချို့ယွင်းချက်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ယင်းကုန်စည်တန်ဖိုးနှင့်ညီမျှသော ကုန်စည်ကို အစားထိုးလဲလှယ်ပေးရန် သို့မဟုတ်

(ဃ) ကုန်စည်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ဖော်ပြရန် ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှုရှိခဲ့လျှင် ယင်းအတွက် လျော်ကြေးတောင်းခံခွင့်ရှိရန်။

၂၅။ စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ ၂၃ အရ စားသုံးသူအပေါ် အာမခံချက်ပေးထားပြီး ရောင်းချသည့်ကုန်စည်နှင့်စပ်လျဉ်း၍ စားသုံးသူသည် အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

(က) အာမခံချက်နှင့်ညီသော အရည်အသွေးတူကုန်စည်ရရှိရန်၊

(ခ) ရောင်းချသူမှ ငွေပြန်ပေးရန်၊ ပြင်ဆင်ပေးရန် သို့မဟုတ် ပြန်လည်လဲလှယ်ပေးရန်၊

(ဂ) အာမခံချက်ထားသည့်အတိုင်း အမှန်တကယ်မရရှိပါက လျော်ကြေးရရှိရန်။

**အခန်း(၁၃)**

**ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း**

၂၆။ စီးပွားရေးလုပ်ငန်းရှင်သည် စားသုံးသူအပေါ် ဝန်ဆောင်မှုပေးခြင်းနှင့်စပ်လျဉ်းသည့် ဖော်ပြရမည့်အာမခံချက်များတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) မိမိဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အချက်အလက်များကို စားသုံးသူ သိရှိစေရန် ကြိုတင်အသိပေးခြင်း၊

(ခ) မှန်ကန်သောသတင်းအချက်အလက်နှင့် ပြည့်စုံသောဝန်ဆောင်မှု အဆင့်အတန်းနှင့်အညီ ပြည့်ဝစွာပေးခြင်း၊

(ဂ) စားသုံးသူ၏လိုအပ်ချက်နှင့် ကိုက်ညီမှုရှိခြင်း၊

(ဃ) အာမခံထားသောအချိန်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း၊

(င) စားသုံးသူနှင့် သဘောတူညီထားသည့် ဝန်ဆောင်မှုတန်ဖိုးအတိုင်း ပေးအပ်စေခြင်း။

**အခန်း(၁၄)**

**ဝန်ဆောင်မှုလုပ်ငန်းများ၏ အာမခံချက်နှင့်စပ်လျဉ်း၍**

**စားသုံးသူကတောင်းဆိုနိုင်သည့်အခွင့်အရေး**

၂၇။ စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ ၂၆ အရ စားသုံးသူအပေါ် အာမခံချက်ပေးထားသည့်ကာလအတိုင်း ဝန်ဆောင်မှုမပေးနိုင်လျှင် သို့မဟုတ် ဝန်ဆောင်မှုပေးရန်ပျက်ကွက်လျှင် စားသုံးသူသည် အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-

(က) ဝန်ဆောင်မှုပေးရန် ပျက်ကွက်ခဲ့မှုကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ခဲ့လျှင် ယင်းအတွက် လျော်ကြေးပေးရန်၊

(ခ) အာမခံထားသော အချိန်ကာလအတွင်း သဘောတူညီထားသော ဝန်ဆောင်မှုကိုမရရှိခဲ့လျှင် စားသုံးသူ၏နစ်နာမှုအတွက် ကုစားခွင့်ပေးရန်။

**အခန်း(၁၅)**

**ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုလုံခြုံစိတ်ချရမှု**

၂၈။ ဦးစီးဌာနသည် စားသုံးသူများအသုံးပြုမည့်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကော်မရှင်၏သဘောတူညီချက်နှင့်အညီ ဦးစားပေးကဏ္ဍများသတ်မှတ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၉။ ဦးစီးဌာနသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုလုံခြုံစိတ်ချရမှုနှင့် စပ်လျဉ်း၍ အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် လိုအပ်သောအစီအမံများပြုလုပ်ခြင်း၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) စားသုံးသူများအသုံးပြုမည့် ကုန်စည်များထုတ်လုပ်ခြင်းအပေါ် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) စစ်ဆေးရေးအရာရှိက တင်ပြလာသော ဘေးအန္တရာယ်ရှိသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏အချက်အလက်များကို အများပြည်သူသိရှိစေရန် အသိပေးကြေညာခြင်း၊

(စ) စားသုံးသူများအသုံးပြုမည့် ကုန်စည်များအတွက် ဦးစားပေး ကုန်စည်အမျိုးအစားအလိုက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် မြန်မာနိုင်ငံ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) စံသတ်မှတ်ချက်များ အတည်ပြုသတ်မှတ်ထားခြင်း မရှိသေးသော စားသုံးသူများအသုံးပြုမည့် ကုန်စည်များအတွက် သက်ဆိုင်ရာ အစိုးရဌာနများနှင့်ညှိနှိုင်း၍ အနည်းဆုံးရှိရမည့် စံသတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း။

**အခန်း (၁၆)**

**ဘေးအန္တရာယ်ရှိသောကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသောဝန်ဆောင်မှုကို တားမြစ်ခြင်း**

၃၀။ ဦးစီးဌာနသည်-

(က) ဘေးအန္တရာယ်ရှိသောကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းနိုင်စေရန် သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်နိုင်ရန်နှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်နိုင်ရန် ဆောင်ရွက်ရမည်။

(ခ) ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန အချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

၃၁။ ဦးစီးဌာနသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ဘေးအန္တရာယ်ရှိသောကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကိုတားမြစ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်ခြင်းတို့ကို ဆောင်ရွက်ရမည်-

(က) စစ်ဆေးရေးအရာရှိ၏ စောင့်ကြည့်လေ့လာချက်နှင့် သက်ဆိုင်ရာ အစိုးရဌာနများ၏ စစ်ဆေးတွေ့ရှိချက်များအရ ဘေးအန္တရာယ်ရှိသည်ဟု ဦးစီးမှူးရုံးက တင်ပြလာသည့်ကိစ္စ၊

(ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများမှ အစီရင်ခံတင်ပြသည့် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ရှိသည်ဟုသက်ဆိုင်ရာ ကော်မတီက အကြောင်းကြားလာသည့်ကိစ္စ။

၃၂။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ဘေးအန္တရာယ်ရှိသော ကုန်စည်များအား မိမိသဘောဆန္ဒအလျောက် ပြန်လည်သိမ်းဆည်းလိုပါက ပြန်လည်သိမ်းဆည်းခြင်းနှင့် သိမ်းဆည်းမည့် အစီအမံအား သက်ဆိုင်ရာဦးစီးမှူးရုံးသို့ အသိပေးတင်ပြခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်ရမည်။

၃၃။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပုံအဆင့်ဆင့်ကို သတ်မှတ်ထုတ်ပြန်ရမည်။

၃၄။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုကို စားသုံးသူထံ မှန်ကန်သောသတင်းအချက်အလက်များကို သတ်မှတ်ထုတ်ပြန်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# တာချီလိတ်နယ်စပ်မှ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ တစ်ပတ်အတွင်း ၂၂၀၀၀ ကျော် ဝင်ရောက်လည်ပတ်



**တာချီလိတ် မတ် ၂၂**

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ထိုင်းနိုင်ငံသား အများစုပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်လျက်ရှိရာ မတ် ၁၅ ရက်မှ ၂၁ ရက်ထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၂၂၈၇၂ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာရန် ဝင်ရောက်လျက်ရှိရာ တာချီလိတ်သို့ နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၂၀၅၈၈ ဦးနှင့် တတိယနိုင်ငံသား(နိုင်ငံခြားသား) ၃၀၀၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသား အများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၂၁၃ ဦး၊ ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ)နိုင်ငံသားအပါအဝင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ၁၇၇၁ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၂၁ ရက်ထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည် စုစုပေါင်း ၁၀၀၇၀၉၄ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၁၃၀၄၀၊ တာချီလိတ်မြို့မှ ဗီဇာဖြင့် ပြည်တွင်းပိုင်းခရီးစဉ်သို့ ၃၅၄၇၄ ဦး စုစုပေါင်း ၁၀၅၅၆၀၈ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

တိုတိုထွာထွာဖတ်စရာ

## ဆိုင်ကယ်စီးဦးထုပ်များ ဖာပွန်၌ အခမဲ့ဖြန့်ဝေ

ကရင်ပြည်နယ် ဖာပွန်မြို့၌ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ ပထမအကြိမ် အခမဲ့ဖြန့်ဝေပေးခြင်းကို မတ် ၂၂ ရက် နံနက် ၁၀ နာရီက ခရိုင်မီးသတ်ဦးစီးဌာနရုံးရှေ့တွင် ပြုလုပ်သည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေး၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး စောကျော်မင်းဦးနှင့်အဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပြီး ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝဏ္ဏ(မြန်/ဆက်)**

## စိတ်ကြွဆေးများ ရောင်းချခြင်းမရှိရေး ဆိပ်ဖြူ၌ စစ်ဆေး

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများနှင့် စိတ်ကြွဆေးများ ရောင်းချမှုမရှိစေရေးအတွက် မတ် ၂၂ ရက် နံနက် ၁၁နာရီက ပူးပေါင်းအဖွဲ့က ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများ ဖြန့်ဖြူးရောင်းချခြင်း ရှိ၊ မရှိနှင့် စိတ်ကြွဆေးဝါးများ ရောင်းချမှုမရှိစေရေး အသိပေးခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင် (မြန်/ဆက်)**

## ကနီ၌ အသိပညာပေး ကွင်းဆင်းဆောင်ရွက်

ကနီမြို့နယ် ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးမှ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်ဖြင့် ကနီမြို့နယ် ယင်းယိမ်ကျေးရွာ၌ မတ် ၂၁ ရက် ညနေ ၃ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကနီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှင်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းက ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ရခြင်းအကြောင်း၊ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းအကြောင်း၊ (OSS) ရုံး၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**မြို့နယ်(မြန်/ဆက်)**

**မတ် ၁၉ ရက်က လသာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးမှ ဒုဦးစီးမှူး စိန်မြင့်အောင်၊ အမှတ်(၂/၃/၄) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြို့နယ်အတွင်း၌ ဆေးဆိုင်များတွင် ကာမရာဂ စိတ်ကြွဆေးများ၊ မူးယစ်ဆေးဝါးများနှင့် တားမြစ်ထားသည့်ဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်စဉ်။** မီးမီး



# ကလေးသူငယ်ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာပေးဆွေးနွေး



**ဘားအံ မတ် ၂၂**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကလေးသူငယ်ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းကို မတ် ၂၂ ရက် နံနက် ၉ နာရီက ဘားအံမြို့ သံလွင်ပါရာဒိုက်ဟိုတယ်တွင် ပြုလုပ်သည်။

ကရင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်လှိုင်နှင့် ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်မင်းတို့က အမှာစကားပြောကြားပြီး (MRTI) မှ ဦးညွှန့်ဝင်းနိုင်က ဆွေးနွေးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Myanmar Responsible Tourism Institute(MRTI) နှင့် UNICEF တို့မှ တာဝန်ရှိသူများက ကလေးသူငယ်ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ခေါင်းစဉ်အလိုက် အသိပညာပေးဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာကြသော သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသူများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများက မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ကလေးများ ဘေးကင်းလုံခြုံရေးဆိုင်ရာများတွင် ဘယ်လိုတားဆီးကာကွယ်မလဲ၊ ကလေးသူငယ်တွေရဲ့အခွင့်အရေးဆိုင်ရာ အချက်အလက်တွေ အပါအဝင် အဓိကရည်ရွယ်ချက်ကတော့ ခရီးသွားလုပ်ငန်းတွေမှာ ကလေးငယ်တွေကို လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ယူမှု၊ မတော်မတရားပြုမူမှု၊ အလွဲသုံးစားပြုလုပ်မှုတွေကို ကာကွယ်စောင့်ရှောက်နိုင်ရေး သတင်းအချက်အလက်များ၏ အရေးကြီးပုံများကို မည်သို့ပံ့ပိုးကူညီဆောင်ရွက်သွားကြမည်ကို သိရှိရန် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း ကရင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် Myanmar Responsible Tourism Institute(MRTI) နှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးသူငယ်ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းအကြောင်း သိရှိရန်၊ ခရီးသွားလုပ်ငန်းတွင် ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံနေရခြင်းအကြောင်း မျှဝေရန်၊ ခရီးသွားလုပ်ငန်းတွင် ကလေးသူငယ်ပြဿနာများ တွေ့ကြုံလာပါက မည်ကဲ့သို့ချိတ်ဆက်ဆောင်ရွက်ရမည်ကို ပူးပေါင်းအဖြေရှာရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**နေမျိုးလွင်(မြန်/ဆက်)**

# ဒလမြို့နယ် စည်ပင်သာယာရွေးကောက်ပွဲတွင် မဲရုံပေါင်း ၁၈၀ ထားရှိမည်



**ရန်ကုန် မတ် ၂၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲကို မတ် ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များ၌ တစ်ပြိုင်နက် ပြုလုပ်သွားမည်ဖြစ်ရာ ဒလမြို့နယ်၌ မြို့နယ်စည်ပင်သာယာရွေးကောက်ပွဲတွင် မဲရုံပေါင်း ၁၈၀ ထားရှိမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

အဆိုပါမဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းကို မတ် ၂၂ ရက် နံနက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဒလမြို့နယ်အတွင်း ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိပြီး လူဦးရေစုစုပေါင်း ၁၆၂၈၉၃ ဦး နေထိုင်လျက်ရှိရာ အသက်၁၈နှစ်အထက်လူဦးရေစုစုပေါင်း ၁၁၅၁၃၆ ဦးရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ မြို့နယ်စည်ပင်သာယာရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးချယ်ခံမည့်သူ ခြောက်ဦးရှိသည်။

မတ် ၃၁ ရက်တွင်ကျင်းပမည့် ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကော်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန် နံနက် ၆ နာရီမှ ညနေ ၄ နာရီထိ သက်ဆိုင်ရာမြို့နယ်ရှိ မဲရုံများတွင် တစ်ပြိုင်နက် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ပရိနိဗ္ဗာန် စံဝင်ခိုလှုံ ကုသိနာရုံ

မြင့်စိုး (နတလ)



မဟာပရိနိဗ္ဗာန်စေတီတွင်းရှိ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံယူတော်မူဟန် ရုပ်ပွားတော်။

### နှလုံးသားထဲက ဒေဝဒဟ

ဘုရားဖူးခရီးစဉ်အတွင်း ရေးဆွဲထားသော ရက်များအလိုက် နေရာတော်တော်များများကို ရောက်ခဲ့ဖူးခဲ့၊ လှူဒါန်းခဲ့ရပါသည်။ ထိုအထဲတွင်မှ နေရာတစ်ခုနှစ်ခုလောက်သာ အကြောင်းမညီညွတ်၍ မရောက်ခဲ့ရပါ။ ကပိလဝတ်နှင့် ဒေဝဒဟလိုနေရာများ၊ သင်္ကဿနဂိုရ်ပြည်နှင့် နိဂြောဓာရုံကျောင်းတော်ရာ စသည်တို့ဖြစ်ပါသည်။ သို့တစေ ဗုဒ္ဓဝင်လေးတော်တင်ခန်းမှာ ကာဠုဒါယီအမတ်အဖြစ် သရုပ်ဆောင်သော အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်နှင့် ဇကဘိုးဘိုးကြီး ဦးဓာတ်ရှင်တို့ အပြန်အလှန်အချီအချ ပြောဟန်ဆိုဟန်များထဲမှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၊ သားတော်သိဒ္ဓတ္ထနှင့် ကပိလဝတ်ပြည်သည်လည်းကောင်း၊ သုပ္ပဗုဒ္ဓမင်း၊ သမီးတော် ယသောဓရာနှင့် ဒေဝဒဟပြည်တို့သည်လည်းကောင်း၊ မျက်စိထဲမှာသာမက ရင်ထဲအသည်းနှလုံးထဲအထိ နက်နက်နဲနဲ စူးနစ်ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ အလောင်းတော်မင်းသိဒ္ဓတ္ထအတွက် ဒေဝဒဟပြည်သို့ သွားရောက်၍ ယသောဓရာကို တောင်းခန်း၊ ထိုအခန်းမှာ လုမ္ဗိနီသာမော အင်ကြင်းတောသို့အဖြတ်၊ ဇကဘိုးဘိုးကြီးက အလောင်းတော်၏ မိခင်မယ်တော်မာယာကို သတိရပြီး ဝမ်းနည်းတမ်းတပူဆွေးသည်များ၊ ဒေဝဒဟမြို့တံခါးနားအရောက် အထဲသို့မဝင်ရဲသော ဇကဘိုးဘိုးကြီးက ရှင်ဘုရင့်စာတံခါးကြားညှပ်ခဲ့ရန်ပြောသည့်အခန်း၊ အလောင်းတော် သိဒ္ဓတ္ထမင်းသားက သူတတ်မြောက်ထားသော လေးအတတ်ပညာများကို ထုတ်ဖော်ပြသပြောကြားနေချိန်တွင် ဇကဘိုးဘိုးကြီးနှင့် ကာဠုဒါယီအမတ်တို့ အချီအချပြောနေသည့် "ဟုတ်ပဲ့မလား မောင်ကာဠုရဲ့...။ ဟုတ်ရုံဘယ်ကမလဲ ဘိုးဘိုးရဲ့ ဒါ့ထက်တတ်သေး..." ဆိုသည့်စကားတို့သည် နိုင်ငံကျော်ခဲ့ရုံမျှမက ယနေ့ထိတိုင် ပြောဆိုသုံးစွဲနေကြဆဲဖြစ်သည်။ ဆိုရသော်... ကပိလဝတ်နှင့် ဒေဝဒဟသို့ မရောက်ခဲ့သော်ငြား ကျွန်တော်နှင့် မစိမ်းခဲ့ပါ။

နောက်တစ်နေရာကတော့ သင်္ကဿနဂိုရ်ပြည်ဖြစ်သည်။ သရက်ဖြူကုန်းမှနေ၍ နတ်ပြည်သို့ ကြွသွားတော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ တာဝတိံသာနတ်ပြည်၌ ဝါဆိုဝါကပ်ကာ မယ်တော်မိနတ်သားအမှူးပြုသော နတ်ဗြဟ္မာတို့အား အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူပြီး သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည် သင်္ကဿနဂိုရ်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်ဖြင့် သက်ဆင်းခဲ့သည်။

ပဉ္စသီခနတ်သားက ဗေလုဝစောင်းကိုတီးလျက်၊ မာတလိနတ်သားက ပန်းနံ့သာတို့ကြဲဖြန့်ပူဇော်လျက်၊ သန္တုသိတနတ်သားက ပတ္တမြားယပ်ဝန်းဖြင့် ယပ်ခတ်ပေးလျက်၊

> "ချစ်သား ချစ်သမီးအပေါင်းတို့ ငါဘုရားနောက်ဆုံးမှာကြားတော်မူဦးမည်၊ ရုပ်နာမ်တို့ဖြင့် ပြုပြင်တည်ဆောက်ထားသည့် အရာမှန်သမျှ ပြိုကွဲပျက်စီးခြင်းသဘော ရှိကြသည်။ သို့ဖြစ်၍ သင်တို့ မမေ့မလျော့ မပေါ့မဆသော အသိတရားဖြင့် ကိစ္စပြီးအောင် (သံသရာမှထွက်မြောက်အောင်) အားထုတ် . . ."

သိကြားမင်းကြီးက ဝိဇယုတ္တရခရုသင်းကိုမှုတ်လျက် ပူဇော်လိုက်ပါခဲ့ကြခြင်းဖြစ်သည်။ ဒါကလည်း ငယ်စဉ်ကလေးဘဝက လေးမျက်နှာမြို့ထူပါရုံစေတီတော်ဘုရားဆင်းပွဲမှာ မကြာခဏကြည့်ခဲ့ရ၍ အလိုလိုရင်းနှီးပြီးသားဖြစ်သည်။ တစ်ခုပဲရှိပါသည်။ မြတ်စွာဘုရားမွေးရပ်မြေသို့ ပြန်ကြွစဉ် သီတင်းသုံးနေထိုင်ရန် ကာလခေမအမည်ရှိ ဒါယကာက ဆောက်လုပ်လှူဒါန်းခဲ့သော နိဂြောဓာရုံကျောင်းတော်ကြီး၊ ထိုကျောင်းကြီး၏နေရာမှာ ယခုအခါ စေတီဟောင်းတစ်ဆူအသွင်ဖြင့် ကပိလဝတ်၏ တောင်ဘက် ခြောက်ကီလိုမီတာအကွာတွင် တည်ရှိနေကြောင်း သိရသည်။ ဗုဒ္ဓဝင်၊ ရာဇဝင်များတွင် ထင်ရှားတော်မူခဲ့သော ကျောင်းတော်ကြီးနေရာ စေတီဟောင်းတစ်ဆူကို ဖူးချင်သည့်ဆန္ဒ ရှိခဲ့ရိုးအမှန်ပင်။

### အလှူဒါန ပြုကြသူငှါ ကုသိနာရုံမှာ

ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းတွင် ကုသိနာရုံ မြန်မာကျောင်းသို့ ရောက်ရှိတည်းခိုခဲ့ကြသည်။ နောက်တစ်နေ့ ဖေဖော်ဝါရီ ၁၈ ရက်နေ့ အရုဏ်ဆွမ်းအလှူရှင်မှာ သူရဦးစန်းလွင်၊ ဇနီး ဒေါ်မာလာကျော်၊ သား မောင်တက်နေထွန်း၊ သမီး မထက်ထက်နှင်း မိသားစုတို့ဖြစ်ကြသည်။ သမီးလေးထက်ထက်နှင်း၏ မွေးနေ့အလှူအဖြစ် ရည်စူးလှူဒါန်းခဲ့သည်။ နေ့ဆွမ်းအလှူကတော့ မော်တော်ယာဉ်အမှတ် ၂၅(ဘီ) တွင် စီးနင်းလိုက်ပါလာကြသော သူငယ်ချင်းမိသားစုများ၏ စုပေါင်းအလှူဖြစ်သည်။ ထိုနေ့ မွန်းလွဲ (၁)နာရီခွဲတွင် ကုသိနာရုံ ဆရာတော်အား ဖူးမြော်ကန်တော့၍ ပုံမှန်လှူဒါန်းမှုများအပြင် ဦးသိန်းဦး၊ ဇနီးဒေါ်ခင်မာဝင်းမိသားစုတို့က ဆောက်လုပ်ဆဲ ဘုန်းကြီးကျောင်းတစ်ခန်းအတွက် အမေရိကန်ဒေါ်လာ ၄၀၀၀၊ သူရဦးစန်းလွင်နှင့်ဇနီး ဒေါ်မာလာကျော် မိသားစုကလည်း အခန်းတစ်ခန်းအတွက် အမေရိကန်ဒေါ်လာ ၄၀၀၀၊ စစ်တက္ကသိုလ် အမှတ်စဉ် (၂၂) သူငယ်ချင်းမိသားစုများက တစ်ခန်းအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀ ပါဝင်လှူဒါန်းခဲ့ကြပါသည်။


### မလ္လမင်းတို့၏ နေပြည်တော်ကုသိနာရုံ

ကုသိနာရုံသည် ဥတ္တရာပရာဒေ့ရှ် (ယူပီ) ပြည်နယ်တွင်ပါဝင်ပြီး ဂယာမြို့မှ မိုင် ၂၀၀ ကျော်ခန့်ကွာဝေးပါသည်။ မြတ်စွာဘုရားရှင်သည် ထိုစဉ်ကာလက မြို့ကြီးများဖြစ်ကြသော ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဗာရာဏသီ၊ သာကေတ၊ စမ္ပာ၊ ကောသမ္ဗီတို့တွင် ပရိနိဗ္ဗာန်မပြုဘဲ မလ္လမင်းတို့၏ မင်းနေပြည်တော်ငယ်လေးဖြစ်သော ကုသိနာရုံတွင်သာ မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့် (အင်္ဂါနေ့)တွင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ ကုသိနာရုံတွင် ပရိနိဗ္ဗာန်စံတော်မူရန် ရွေးချယ်ခဲ့သော အကြောင်းရင်းသုံးရပ်မှာ အလောင်းတော်ဘဝ စကြဝတေးမင်းဖြစ်ခဲ့စဉ်က ကုသိနာရုံတွင် မဟာသုဒဿနမင်းကြီးအဖြစ် စိုးစံတော်မူခဲ့ခြင်းကို အကြောင်းပြု၍ မဟာသုဒဿနသုတ္တန်ကို ဟောကြားတော်မူလိုခြင်း၊ နောက်ဆုံးသာဝကဖြစ်လာမည့် သုဘဒ္ဒပရိဗိုဇ်အား ချေချွတ်လိုခြင်း၊ မလ္လမင်းအားလုံးက လေးစားကြည်ညိုရသော ဒေါနပုဏ္ဏားကြီးရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရပါသည်။

ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ ... ချစ်သား ချစ်သမီးအပေါင်းတို့ ငါဘုရားနောက်ဆုံးမှာကြားတော်မူဦးမည်၊ ရုပ်နာမ်တို့ဖြင့် ပြုပြင်တည်ဆောက်ထားသည့် အရာမှန်သမျှ ပြိုကွဲပျက်စီးခြင်းသဘော ရှိကြသည်။ သို့ဖြစ်၍ သင်တို့ မမေ့မလျော့ မပေါ့မဆသော အသိတရားဖြင့် ကိစ္စပြီးအောင် (သံသရာမှ ထွက်မြောက်အောင်) အားထုတ်၍ ကျန်ရစ်ခဲ့ကြ... ဟူသော အနှစ်ချုပ်တရားကို မြွက်ကြားတော်မူခဲ့ပြီးနောက် ဈာန်သမာပတ်များကို အနုလုံ ပဋိလုံ အစုန်အဆန်ဝင်စားတော်မူကာ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ခြင်းဖြစ်သည်။

### မဟာပရိနိဗ္ဗာန ရုပ်ပွားတော်မြတ်ကို ဖူးမြော်

လက်ရှိစံကျောင်းတော်မှာ ၁၉၅၆ ခုနှစ်တွင် ရှေးဟောင်းဌာနက တည်ဆောက်ထားသော ခေတ်သစ် မဟာပရိနိဗ္ဗာနကျောင်းတော်ဖြစ်ကြောင်း၊ ထိုကျောင်းတော်အတွင်းရှိ မဟာပရိနိဗ္ဗာနရုပ်ပွားတော်မြတ်ကြီးမှာ ဦးခေါင်းတော်မှ ခြေဖဝါးထိ ပေ ၂၀၊ ရုပ်ပွားတော်၏ ပခုံးနေရာ ၅ ပေ ၆ လက်မ၊ ညောင်စောင်းတော်မှာ အလျား ၂၃ ပေ ၉ လက်မ၊ အနံ ၂ ပေ ၁ လက်မဖြစ်ပြီး သဲကျောက်ဖြင့် ထုလုပ်ပူဇော်ထားကြောင်း၊ ဦးခေါင်းတော် (မဏိ) ဘက်မှ ဖူးမြော်လျှင် ပြုံးနေတော်မူဟန်၊ မျက်နှာတော်တည့်တည့်မှဖူးလျှင် ကျိန်းစက်တော်မူနေဟန်၊ ခြေတော်ရင်းမှဖူးလျှင် ဝေဒနာခံစားရှုမှတ်နေဟန် ဖူးတွေ့ရမည်ဖြစ်ကြောင်း မှတ်သားသိရှိရပါသည်။ ကုသိနာရုံကို အိန္ဒိယရှေးဟောင်းဌာနက ၁၉၀၆ ခုနှစ်မှစ၍ တူးဖော်ခဲ့ရာ အထောက်အထားများအရ မူလပရိနိဗ္ဗာန ရုပ်ပွားတော်ကြီးကို ဟရိဗလအမည်ရှိ ဒါယကာက လှူဒါန်းခဲ့ပြီး ရုပ်ပွားတော်အနီးရှိ မဟာပရိနိဗ္ဗာနစေတီတော်၏ မူလအလှူရှင်မှာလည်း ဟရိဗလပင်ဖြစ်နိုင်ကြောင်း ယူဆထားကြသည်။ လက်ရှိ မဟာပရိနိဗ္ဗာနစေတီတော်ကို နောက်ဆုံးပြုပြင်တည်ဆောက်ခဲ့သော ဒါယကာမှာ ဟသ်ာတမြို့မှ အရေးပိုင် ဦးဖိုးကျူးဖြစ်ကြောင်း မှတ်သားသိရှိရပါသည်။



မဟာပရိနိဗ္ဗာန်စေတီတော်နှင့် မဟာပရိနိဗ္ဗာန်ဘုရားကျောင်း။

BRITISH UNIVERSITY COLLEGE

University of Sunderland

ချစ်ခင်လေးစားအပ်ပါသော
ဆရာ၊ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ......
University of Sunderland (UK) & British University College တို့ မှ ပူးပေါင်းကျင်းပသော ( 100%, 50%) Scholarship Opportunities များ ရရှိနိုင်မည့် Programme များအကြောင်း ဆွေးနွေးပွဲကို တက်ရောက် ပါဝင်ရန် ဖိတ်ခေါ်လိုက်ပါရေး။

SPEAKERS

Mr. Robin Ling
Deputy Regional Director (East Region)
International Office, University of Sunderland

Mr. Francis Chiang
Regional Director (East Region)
International Office, University of Sunderland

24 Mar 2019 | 1:00PM – 3:00PM
Sule Shangri - La Hotel, Mandalay Hall

"British University College တွင် (၆)လ တက်ရောက်ပြီး
University of Sunderland (UK) တွင် Foundation နှစ် ပြန်တက်စရာမလိုပဲ
Bachelor Degree ကို ဆက်လက်တက်ရောက် နိုင်ပါပြီ။"

တက်ရောက်သင့်သည့် သူများ ...
.IGCSE , GCE 'O' Level, ဆယ်တန်းအောင်, A level, Grade 12, ABE အောင်မြင်ထားသူများအတွက် Bachelor Degree တက်ရောက်ချင်သူများ။
.HND ပြီးထားသော ကျောင်းသား/ကျောင်းသူများအတွက် Top - Up Degree တက်ရောက်ချင်သူများ။
.တက္ကသိုလ်ဘွဲ့ရများအတွက် Master Degree တက်ရောက်လိုသူများ . . .

SCHOLARSHIP 100% 50%

REGISTER NOW FREE ENTRY

Ph - 09 426 26 5550, 09 426 26 5551, 09 426 26 5552
S -၂၅၊ ဦးချစ်မောင်အိမ်ရာ၊ (KBZ Bank နှင့် Family Sushi) ကြား။ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။


"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

နန်းထိုက်အောင်
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း
ရုံးခန်း၊ ဆိုင်ခန်းများ
ပြောင်းရွှေ့ခြင်းအတွက်
အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။
09 3128 2593
09 3128 2594
09 3128 2595

MNC
MYANMAR NOBLE COLLEGE

၂၀၁၉ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီး၍ ထန်းမိုးမြှိုလုတဲ့နေ့ရာသီကျောင်းပိတ်ရက်မှာ MNC တွင် HND Preparatory Course ကိုတက်ရောက်ခြင်းဖြင့် Higher National Diploma ကိုအချိန်တိုအတွင်း ငွေကုန်သက်သာစွာဖြင့် သင်ယူနိုင်ပါပြီ. . .




Pearson

Business/Engineering/Computing

HND PREPARATORY COURSE
တက္ကသိုလ်ဝင်တန်းအောင်လျှင် HND Foundation တက်ရန်မလိုပဲ HND Year I ကိုတိုက်ရိုက်သင်ယူနိုင်မည့် အခွင့်အရေး ...

HND Level-3 DIPLOMA COURSE
တက္ကသိုလ်ဝင်တန်းနှင့် IGCSE မပြီးဆုံးသေးသော ကျောင်းသား/ကျောင်းသူများအတွက် LEVEL-3 DIPLOMA COURSE

University of East London

April Intake
Enroll Now

Early Bird Promotion Discount
100,000 ks
Untill 31th March

အမှတ်(၆-က) စိန်ပန်းမြိုင်လမ်းဆုံး ၊ ကြို့စက်ရုံလမ်း ၊ (ခ)ရပ်ကွက် ၊ သုဝဏ္ဏ ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၂၃၃၁၂၇၆ ၊ ၂၃၃၁၂၅၃ ၊ ၂၃၃၁၂၆၄ ၊ ၂၃၃၁၂၄၅ ၊ ၀၉ - ၄၄၈၀၆၆၆၆၀

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၂၂၊ မြေကွက်တည်နေရာအမှတ်(၂၂)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်တင်တင်လွင်(ISN-၂၀၅၄၂၁) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်တင်တင်လွင်ထံမှ အရောင်းအဝယ် အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဦးစောလွင်[၁၂/သကတ(နိုင်)၀၀၆၂၉၂]မှ ပါမစ်မူရင်း၊ စာချုပ်၊ နိုင်ကတ်တို့တင်ပြ၍ ပါမစ်ရှိ ဂရန်သစ်လျှောက်ထားလာပါသည်။ အမည်ပေါက်ဒေါ်တင်တင်လွင်ထံမှ ဦးခင်ဝင်း၊ ဒေါ်သန်းကြည်တို့(၂)ဦးမှ ဝယ်ယူခဲ့ပြီး ဦးစောလွင်အား ရောင်းချခဲ့သောစာချုပ်တွင် ဒေါ်သန်းကြည်တစ်ဦးထံမှ ရောင်းချခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းရန် အကြောင်းကြားခဲ့ရာ မြေကွက်အား မရောင်းချမီ လင်မယားကွာရှင်းပြတ်စဲပြီး ပိုင်ဆိုင်မှုခွဲဝေယူခဲ့ကြောင်း၊ မြေကွက်ရောင်းချသူမှာ ဒေါ်သန်းကြည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် ၎င်းအား သွားရောက်ရှာဖွေရာ မတွေ့ရှိပါကြောင်း ဦးစောလွင်မှ ၁၃-၈-၂၀၁၈ရက်စွဲပါစာဖြင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ တရားရုံးကျမ်းကျိန်ဆိုသူ အရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၅-၁၂-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်(၁၂/၃၀၆)ဖြင့် ရှင်းလင်းတင်ပြ လာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ (၁)ထပ်ပျဉ်ထောင်အိမ်(၁)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင် နေထိုင်ပါသည်။ သို့ပါ၍ ဦးစောလွင်၏ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရောင်းမည်
ဆေးရုံသုံးကုတင် များကို
ဈေးနှုန်းချိုသာစွာဖြင့်
ရောင်းချပေးနေပါသည်၊
၀၉-၄၅၂၁၀၂၂၂၅
၀၉-၅၀၇၁၇၈၉
၀၉-၄၂၀၁၈၇၀၃၄
Facebook:hospitalbed-ttazy

## သွာနုတ္တသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၁၀၄)နေ ဦးစောဒေးဗစ်ကျော်ဇံ[၁၂/စခန(နိုင်)၀၃၉၄၃၁]နှင့် ဒေါ်လှလှရွှေ[၁၄/လမန(နိုင်)၀၀၈၆၀၅]တို့၏ သမီးဖြစ်သူ မဆုခိုင်ကျော်ဇံ[၁၂/ကတန(နိုင်)၀၃၁၁၀၄]သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန် နည်းလမ်းမျိုးစုံဖြင့် ရန်သူသဖွယ် ပြုမူခဲ့ပါ၍ ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစောဒေးဗစ်ကျော်ဇံ၊ ဒေါ်လှလှရွှေ**
**(မိဘများ)**

ကြော်ငြာ


**Asia Dragon**

ကျိုက်ထီးရိုး ❖ မြဝတီ၊မဲဆောက်၊ဖုတ်ဇရှားဘားအံ

ချောင်းသာ ❖ ဗုဂံ(ရွှေဇီးခုံ)၊မုဒုံ၊မေမြို့

ငွေဆောင် ❖ မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မင်းကွန်း၊အင်းဝ

❖ တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကလော၊မြောင်

01 707062, 09 300 300 30, 09 799 100 100

**KAUNG KAUNG FAMILY Travels**

Scania, Yutong, Higer April 12,13

(with Scania) 160000

100000/ 150000

100000/ 140000

100000/ 140000

09777700072, 09798116082

ကချင်ပြည်နယ်အခြေစိုက် " နွေဦးခရီးသွားကုမ္ပဏီလီမိတက် " မှ

ရန်ကုန်မှ ခရီးသွားမိတ်ဆွေများအတွက်

၁။ ရန်ကုန် - ဖလံတောင် - မြစ်ကြီးနား - ထိန်ချုံ ၆ ညအိပ် ၇ ရက်ခရီးစဉ် ၁၂.၄.၂၀၁၉ ၊ ၅၉၀,၀၀၀ ကျပ်

၂။ ရန်ကုန် - ဖလံတောင် - အင်းတော်ကြီး - မြစ်ကြီးနား ၅ ညအိပ် ၆ ရက်ခရီးစဉ် ၁၃.၄.၂၀၁၉ ၊ ၂၈၈,၀၀၀ ကျပ်

ရန်ကုန်မြို့မှ တိုက်ရိုက်ထွက်ခွာပေးမည်ကို သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်စုံစမ်းမေးမြန်းရန်**

အမှတ် ၅၊ ရေတွင်းကုန်း ၂ လမ်း၊ ကြည့်မြင်တိုင်ညဈေးအနီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

09-421111977 , 09-264466887 , 09-440000445

**မြတ်မောင်** ဂုဏ်ယူစွာတင်ဆက်ထားသည့် ခရီးစဉ်အထူး

၈ ရက်ခရီး - 10 သိန်း ကျပ် (Apr-12) ဗုဒ္ဓဂယာ(၄)ဌာန၊ အဝီစိဘင် (၄)ဌာန (အိန္ဒိယ-နီပေါ)

၁၂ ရက်ခရီး - 11 သိန်း ကျပ် (Apr-1) ဗုဒ္ဓဂယာ(၄)ဌာန၊ အဝီစိဘင် (၄)ဌာန (အိန္ဒိယ-နီပေါ)

India GSM Simcard Internet Wi-Fi Free Service

(11)

ရန်ကုန်ရုံးချုပ်အမှတ်(၁၃၃၊၁၃၅၊၁၃၇)၊အခန်း(၃/ အေ)၊လမ်း(၃၀)၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ Ph : 09 49338595, 09 788304828, 09 263125261, 09 420134528

Ph : 09 797512889

**Total Bone Solution (King of Bone) Health Talk**

VEJTHANI HOSPITAL

**အခမဲ့အစည်းအဝေး ဖိတ်ကြားခြင်း**

Dr. Pramstien Sirithanapipat

ထိုင်းနိုင်ငံ၊ ဝေဇ္ဇာနီဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန်ကြီးမှ

ဒူးနှင့်ပေါင်ဆုံရိုးပြဿနာများနှင့်ပတ်သက်၍ ပြီးပြည့်စုံသောအထူးကုသမှုခံယူခြင်းနှင့်ကြိုတင်ကာကွယ်ရန်နည်းလမ်းများ

အကြောင်းကို မတ်လ(၃၀)ရက်နေ့ နေ့လယ် (၁)နာရီမှ (၃)နာရီအထိ **Melia Hotel** တွင် အသိပညာပေး

ဟောပြောဆွေးနွေးပေးသွားမှာဖြစ်ပါတယ်။ဆရာဝန်ကြီးနှင့် တိုက်ရိုက်အမေးအဖြေကဏ္ဍလည်း ပါဝင်တာကြောင့်

ကျန်းမာရေး ဗဟုသုတနှင့်ကုသရေးအကြံဉာဏ်များ အတွက်ပါ **"အခမဲ့"** လာရောက်ဆွေးနွေးနိုင်ပါသည်။

" စိတ်ပါဝင်စားသူများနှင့် တိုင်ပင်ဆွေးနွေးလိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။"

**ZAW MAUNG MEDICAL SERVICES** 09-254254330, 09-799645804

နံနက် ( ၁၀ : ၀၀) နာရီမှ ညနေ (၄ : ၀၀)နာရီအတွင်းသာဆက်သွယ်ပါရန်

**K & H Travels**

K&H TRAVELS

ဥရောပ ခရီးစဉ်များ

ဥရောပ ခရီးစဉ်များ

❖ ၁၁ ရက် ဇော်ဂျီယာခရီးစဉ် (၅)နိုင်ငံ

❖ ၁၂ ရက် ဥရောပခရီးစဉ် (၆)နိုင်ငံ

❖ ၁၃ ရက် ဗီယက်နမ်မြောက်-အလယ်ပိုင်းခရီးစဉ် (၈)နိုင်ငံ

❖ ၁၀ ရက် ဗီယက်နမ်မြောက်-အလယ်ပိုင်းခရီးစဉ် 599 USD

❖ ၁ ရက် ဟောင်ကောင်-မကာအို ခရီးစဉ် 1420 USD

❖ ၄ ရက် ဗီယက်နမ်-ဟိုချီမင်း ခရီးစဉ် 499 USD

❖ ၁၀ ရက် ဗီယက်နမ်တစ်နိုင်ငံလုံး ခရီးစဉ် 979 USD

❖ ၂၃ ရက် ဥရောပ ခရီးစဉ် 2290 USD

❖ ၂၄ ရက် ကိုရီးယားခရီးစဉ် 990 USD

❖ ၂၄ ရက် ကိုရီးယားခရီးစဉ် 1380 USD

❖ ၂၄ ရက် ကမ္ဘောဒီးယား-ဗီယက်နမ် ခရီးစဉ်

K & H Travels New Address

Room No.105, Ground Floor, Next to Ballroom, Novotel Hotel, Pyay Road, Kamayut Township, Yangon. ☎ 09 - 447016883

ကျွန်ုပ်တို့၏လောကဝယ် အောင်မြင်သော လူဖြစ်လိုပါလျှင် မိဘနစ်ပါးကိုပြုစုပါ။

မိဘဂုဏ် **ကိုထွေး**(ပင်ရင်းအရောင်းဆိုင်ကြီး)မှ အဆင့်မြင့် Steel ဘလိပ်ခါးသွားဓားကြီးများကို Steel တန်ကြီး Steel တုတ်ကြီးအသုံးပြုလျက် ဈေးနှုန်းချိုသာစွာဖြင့် လက်စမဲ့ တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၁၂)၊ အခန်း(၄/၅)၊ မင်းနန္ဒာလမ်းမကြီး၊ သာကေတမြို့နယ်။

အမှတ်(၁၂/၈၈၄)၊ ပင်လုံလမ်းမကြီး၊ ၃၄/ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

Ph: 09 - 5064145, 09-420060449 09-250058416

**ရွှေမဟာ**

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ဆိုင်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09 -5106146

09 -775106146


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၁၅၉)၊ ခရေလမ်း၊ သန္တေပင်တောင်ပိုင်းနေ ကျွန်မ ဒေါ်ဝင်းမြင့်၊၁၀/ မလမ(နိုင်)၁၀၉၇၈၆၂မှ အောက်ဖော်ပြပါ Favourite အမည်တံဆိပ်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့် စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာ ကြော်ငြာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထား မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းမြင့်

ဖုန်း-၀၉-၅၁၇၆၀၄၉၊ ၀၉-၉၇၉၇၅၉၂၈၀



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှညွန့်

**နည်းပြဆရာမကြီး(ငြိမ်း)**

**စစ်တက္ကသိုလ်(DSA)**

## အသက်(၈၇)နှစ်

မြစ်သားမြို့ ရွှေသူဌေးရပ်နေ (ဦးချွန်စိန်း-ဒေါ်ချစ်ပို)တို့၏ သမီး၊ (ပါမောက္ခဦးချိုချို - စစ်တက္ကသိုလ်) ၏ ဇနီး၊ ဒေါ်ကျင်ကျင်ညွန့်၊ (ဦးဌေးအောင်-ဒေါ်ကျင်ကျင်အုန်း)၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ကြင်ကြင်၊ ဦးခိုင်မြင့်-(ဒေါ်ခင်ဆွေဝင်း)တို့၏ အစ်မ၊ (ဦးထူးသန့်)-ဒေါ်စန္ဒာလှိုင်၊ ဒေါက်တာဝင်းသန့်-ဒေါ်ပိုပိုခင်၊ ဦးအောင်ကို-ဒေါက်တာတင်ဌေးအိ၊ ဦးသန့်ဝေဖြိုး-ဒေါ်ဆွေဆွေအေး၊ ဦးအောင်သန့်မိုး-ဒေါ်သီတာဆွေတို့၏ ချစ်လှစွာသော မိခင်၊ မြေး ၁၁ ယောက် တို့၏ အဘွား သည် ၂၂-၃-၂၀၁၉ (သောကြာနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် မြစ်သားမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဆရာမကြီး ဒေါ်ကြင်စော

**အထက(၁) သန်လျင်ကန်တော့ခံ ဆရာမကြီး**

**အထက(၁) သန်လျင် (ငြိမ်း)**

## အသက် (၉၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နေ (ဦးနီဝ-ဒေါ်အေး) တို့၏သမီး၊ (ဦးဟုန်တင်-ဒေါ်ဒွေးမြိုင်)၊ (ဒေါ်တင်မေ)၊ (ဦးဘချစ်-ဒေါ်အုန်းမြ)၊ (ဦးကျင်ဝမ်-ဒေါ်စိန်ကြည်)၊ (ဦးစန်းရှိန်-ဒေါ်သိန်းမြင့်)၊ (ဦးဟုတ်ရှိန်)-ဒေါ်ထားကြည် တို့၏ညီမ၊ (ဦးစွမ်ကြည်)-ဒေါ်အုံးကြည်တို့၏အစ်မ၊ တူ/တူမ ၁၈ ယောက်တို့၏ အဒေါ်၊ မြေး ၁၈ ယောက်တို့၏အဘွား ဒေါ်ကြင်စောသည် ၂၂-၃-၂၀၁၉ ရက် နံနက် ၆း၄၀ နာရီတွင် အမှတ်(၄/၄)၊ သဘာဝရိပ်ငြိမ်၊ အောင်ဓမ္မရိပ်သာ၊ သမိုင်း လမ်းဆုံ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါ၍ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကုန္ဒက

## သိက္ခာတော်(၄၃)ဝါ၊ သက်တော်(၆၃)နှစ်

**မြကန်သာကျောင်းတိုက်**

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ ပိတောက်မြိုင်၊ မြကန်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တကုန္ဒက (မြို့နယ်သံဃာ ဝန်ဆောင်၊ ရပ်ကွက်သံဃာ့နာယက တွဲဖက်အကျိုးတော်ဆောင်) ဆရာတော်သည် (၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့)၊ ၂၀-၃-၂၀၁၉ ရက် နံနက် ၃း၅၃ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (တပေါင်းလပြည့်ကျော် ၆ ရက်) ၂၆-၃-၂၀၁၉ ရက်တွင် အန္တိမ အဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း။

တပည့် သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမများ

## ဒေါ်တင်ရွှေ (မြောင်းမြ)

## အသက် (၈၆) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မရမ်းပင်ကျေးရွာနေ (ဦးခင်မောင်-ဒေါ်ညဏ)တို့၏ဒုတိယသမီး၊ ဦးအေးကို-ဒေါ်ခင်အေး၊ ဦးအောင်မြင့်ထွန်း-ဒေါ်ကြည်ကြည်မြင့်၊ Dr.ထွန်းမြင့်၊ မအေးအေးမော်၊ ဦးထွန်းမြင့်ဦး-မသင်းသင်းမော်တို့၏မိခင်၊ မြေး ကိုးယောက်၊ မြစ် ၁၀ ယောက်တို့၏အဘွား ဒေါ်တင်ရွှေသည် ၂၂-၃-၂၀၁၉ ရက် နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမောင်ရွှေ

## အသက်(၇၉)နှစ်

ရန်ကုန်မြို့နေ (ဦးလောဝါး-ဒေါ်ခင်ပု)တို့၏ ဒုတိယသား၊ ဦးသိန်း-(ဒေါ်စောသိန်း)တို့၏ ညီ၊ (ဦးမြင့်ဦး)၊ ဒေါ်ခင်စိန်၊ (ဦးတင်မြင့်)-ဒေါ်မြင့်မြင့်ကြည်၊ (ဦးမောင်မောင်မြင့်)တို့၏ အစ်ကို၊ ဦးအောင်နိုင်ဦး-ဒေါ်ဝေဝေမြင့်၊ ဦးအေးချမ်း-ဒေါ်အေးအေးရွှေ၊ ဦးကျော်မိုးရွှေ တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ (ဒေါ်ကျင်သန်း)၏ ချစ်လှသောခင်ပွန်း၊ ရန်ကုန်မြို့ အလုံမြို့နယ်၊ ဌာနာလမ်း၊ အမှတ်(၇၉)နေ ဦးမောင်ရွှေသည် ၂၂-၃-၂၀၁၉ (သောကြာနေ့) နံနက် ၈း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး အရိုးပြာကို ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အလုံမြို့နယ်၊ ဌာနာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးမောင်မောင်အုန်း (ခ) ဦးဘွန်ဟောက်

**(မော်လမြိုင်ကျွန်း)**

## အသက် (၇၉) နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၂)လမ်း၊ အမှတ်(၆၉)နေ (ဦးမောင်ညွန့်-ဒေါ်သင်းမြ)တို့၏သား၊ ဒေါ်ပိုပို၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမြင့်ဦး၊ (ဦးမင်းဇော်)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ ဦးတင်အောင်-ဒေါ်သန်းသန်းဌေး၊ ဦးကြည်မောင်-ဒေါ်ခင်ကြည်၊ ဦးဝင်းကို-ဒေါ်သန်းရီ၊ (ဦးအောင်လွင်)-ဒေါ်မြကြည်တို့၏ညီ/မောင်၊ (ဦးလှတင်)-ဒေါ်မြင့်ကြည်၊ ဦးခင်ကျော်-ဒေါ်ခင်ဆွေဆွေ၊ ဦးအောင်မြင့်-ဒေါ်ဌေးကြည်၊ ဦးမြင့်စန်း-ဒေါ်မူမူအေး၊ ဒေါ်သန်းသန်းအေး၊ ဦးတင်ယု၊ ဒေါ်မြင့်မြင့်စိုး၊ မခင်မာညွန့်တို့၏အစ်ကိုကြီးသည် ၂၂-၃-၂၀၁၉ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသန်းလွင် (၆၃)နှစ်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ နေကြာလမ်း၊ အမှတ်(၁၆၊ ငါးလွှာ)နေ (ဦးဘသင်း-ဒေါ်သောင်းခင်)တို့၏သား၊ (ဦးဇော်ဖေ-ဒေါ်မြသန်း)တို့၏ သားသမက်၊ (ဦးစံမြ-ဒေါ်ယဉ်အေး)တို့၏ မောင်၊ ဦးနေဝင်း(ခ)ပီးပေါ်-ဒေါ်ခင်စန်းမြင့်(ခ) မငယ်၊ ဦးသန့်ဇင်-(ဒေါ်မေနန်းမွန်)၊ (ဦးဇော်လှိုင်)၊ (ဦးတင်အောင်ချို)၊ ဦးမြင့်သန်းနိုင်-ဒေါ်ဖြူဖြူသိမ်း တို့၏ အစ်ကိုကြီး၊ မောင်ကောင်းမြတ်လွင်-မခင်လပြည့်ဝန်း၊ မထူးစန္ဒီလွင်(ခ)တုံတုံ၊ မဖြူပုလဲသွယ် တို့၏ ဖခင်၊ မမေသဒ္ဒါပြည့်ဝန်းလွင်(ခ)Smile ၏ အဘိုး၊ တူ/တူမလေးယောက်တို့၏ ဦးလေး၊ ဒေါ်စိန်ရွှေမြ(ခ)မမီးမီး၏ ချစ်လှစွာသော ခင်ပွန်း ဦးသန်းလွင်သည် ၂၂-၃-၂၀၁၉(သောကြာနေ့)နံနက် ၉း၁၅ နာရီတွင် (ခုတင်-၅၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၉ (ကြာသ ပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါပုဇွန်တောင်မြို့နယ်၊ နေကြာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးလေးသောင် (ခ) ဗိုလ်ရဲကျော်

## အသက် (၉၇) နှစ်

ဒဂုံတက္ကသိုလ်၊ ဒဿနိကဗေဒဌာန၊ ပါမောက္ခ ဌာနမှူး (ငြိမ်း) Dr. ဆန်းထွန်း-ဒေါ်မြင့်မြင့်ထွန်းတို့၏ ချစ်လှစွာသောဖခင် ဦးလေးသောင် (ခ) ဗိုလ်ရဲကျော်သည် ၁၇-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒဿနိကဗေဒဌာနမိသားစု**

**ဒဂုံတက္ကသိုလ်**

## အနိစ္စ

ရဟန်း ဒါယကာကြီး

## ဦးကျော်မြင့်တင်

## အသက်(၉၀)

**ဒု/မန်နေဂျာ၊ ဘဏ္ဍာရေး(ငြိမ်း)**

**မြန်မာ့သစ်လုပ်ငန်း**

**ကွက်သစ်ကျောင်းဆရာ**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်(၆၅)နေ (ဒေါ်လှသောင်း)၏ ခင်ပွန်း၊ (ဦးမြင့်ဦး)-ဒေါ်ဝင်းဝင်းမော်၊ ဦးတင်မျိုးနွယ် (မြန်မာ့မီးရထား)-ဒေါ်ခင်ဆွေသီ (မြန်မာ့သစ်လုပ်ငန်း)၊ ဦးနိုင်လွင်ဦးတို့၏ ချစ်လှစွာသောဖခင်၊ ကိုထွန်းထွန်းဦး-မမျိုးမမဝင်း၊ မောင်ဟိန်းဇော်ထွန်း၊ မခိုင်သီရိမျိုး၊ မနေခြည်မိုးနွယ်တို့၏ အဘိုး၊ မခိုင်ဆုပြည့်ထွန်း၏ ဘိုးဘိုးကြီးသည် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၉ (စနေနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ပုလောမြို့နယ်အသင်း (ရန်ကုန်)

## ဒေါ်အေးကြည်(ပုလော/မြိတ်)

## အသက်(၈၉)နှစ်

**အသင်းဝင်အမှတ်-၆၂၂၇**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ မြစ်ငယ်ရပ်၊ ဝေဘာဂီလမ်းနေ ဒေါ်အေးကြည်သည် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (အသင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်မြမြစန်း (ခ) မမကြီး

## အသက် (၇၃) နှစ်

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၈)လမ်း၊ အမှတ်(၆၃)၊ ပထမထပ်နေ (ဦးကျော်သိန်း-ဒေါ်ဝင်းကြည်) တို့၏သမီးကြီး၊ (ဦးအိုင်ဘီကတ်-ဒေါ်ခင်စု) တို့၏သမီးချွေးမ၊ (ဦးကျော်ဝင်းအေး)-ဒေါ်သိဂီဦး၊ ကပ္ပတိန်ဦးခင်မောင်အေး-ဒေါ်ညိုညိုအောင်၊ ဦးအောင်မျိုးဝင်း-ဒေါ်ချိုချိုလွင်၊ ဦးဗိုလ်ဗိုလ်ဘတူ (USA) တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ငါးယောက်တို့၏အဘွား၊ (ဦးဘတူ)၏ချစ်လှစွာသောဇနီးသည် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) ည ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၈)လမ်း၊ အမှတ် (၆၃)၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဝင်းကြည်

## အသက်(၉၀)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ တိုက်(၂၀/၂၄)၊ အခန်း(၃၀၄)၊ ကွမ်းခြံ(၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာနေ ဦးသန်းကြွယ်-ဒေါ်တင်တင်တို့၏ သမီးချွေးမ၊ ဦးမောင်ကြီး-ဒေါ်ခင်ညွန့် တို့၏ သမီး၊ ဦးမောင်မောင်၏ ချစ်လှစွာသော ဇနီး၊ (ဦးဝင်းမောင်)၊ ဦးအောင်မင်း-ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်ခင်စန်း၊ ဒေါ်စောမာ၊ ဦးမင်းမင်း၊ ဦးအောင်အောင် တို့၏ ချစ်လှစွာသော မိခင်၊ ကိုအောင်မြတ်မင်း၊ ကိုဟန်သူမင်း(MRTV-4)၊ မနန္ဒာအောင်မင်း (MRTV-4) တို့၏ ချစ်လှစွာသော အဘွားသည် ၂၁-၃-၂၀၁၉ ရက် ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စံမြခိုင် (စစ်တွေ)

## အသက်(၈၈)နှစ်

စစ်တွေမြို့နေ ထောင်မှူးကြီး ဦးရွှေဇံ-ဒေါ်ဦးဝေတို့၏သမီး၊ ရန်ကုန်မြို့ အမှတ်(၅၂-က)၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးသိန်းထွန်း၏ ဇနီး၊ ဦးဝင်းသိန်းဦး (စာရေးဆရာနှင့် တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်မေကြည်တို့၏ မိခင်၊ ဒေါက်တာသန့်ကြည်ဦး၊ ကိုသစ်ထွန်းဦးတို့၏ အဘွား ဒေါ်စံမြခိုင်သည် ၂၂-၃-၂၀၁၉ ရက် နံနက် ၀၀း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၉ ရက် နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ညွန့် (ခ) တန်ကင်မိန်း

## အသက် (၈၄) နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးပန်ကာ-ဒေါ်ယုံစိန်)တို့၏သမီး၊ [ဦးသန်းမောင်(ယာ/အုံ၊ YCDC)]၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်ဦး-ဒေါ်စီစီဝင်း၊ ဦးမြင့်ဆွေ-ဒေါ်သန်းသန်းဆွေ၊ (ဦးသက်ဦး)-ဒေါ်ဆွေဆွေဝင်း(မြေ/ယာဌာန၊ YCDC)၊ ဦးညွန့်ဝင်း (ဦးစီးအရာရှိ၊ A.E၊ ယာ/အုံမြို့တော်စည်ပင်)၊ ဦးဇော်မျိုးလွင်-ဒေါ်ချိုချိုမာ၊ ဦးစိုးသန့်-ဒေါက်တာလွင်လွင်ဦး(ဆေးရုံအုပ်၊ သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး)၊ ဦးခင်သိန်း-ဒေါ်မူမူချို၊ ဦးထွန်းထွန်းနိုင်-ဒေါ်ခင်မာအေး၊ မချိုချိုဝင်း(SHWE Bank) တို့၏ကျေးဇူး ရှင် မွေးသမိခင်ကြီး၊ မြေး ကိုးယောက်တို့၏ အဘွား ဒေါ်ညွန့်သည် ၂၂-၃-၂၀၁၉ (သောကြာနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် ကြည့်မြင်တိုင် မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွှဲတန်းလမ်း၊ အမှတ်(၄၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမင်းအောင် (၆၇) နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၁၀၉၀)နေ (ဦးအောင်ဝင်း-ဒေါ်မြင့်မြင့်)တို့၏သားကြီး၊ (ဦးလှအောင်-ဒေါ်လှကြည်) တို့၏သားသမက်၊ ဦးကြည်ထွန်း(Walter)-ဒေါ်အေးအေးဝင်း(Ivy) (ခေတ္တ-America)၊ Dr.တင်တင်ဝင်း(Icy)တို့၏မောင်၊ ဦးမျိုးအောင်-ဒေါ်တင်တင်အေး၊ (ဦးတင်ဝင်း)-ဒေါ်မာလာအောင်၊ ဦးသက်မင်း-ဒေါ်သီတာအောင်တို့၏အစ်ကို၊ ဒေါ်ခင်မမ(အ.လ.ပြ-ငြိမ်း၊ အ.ထ.က-၃ ကမာရွတ်)၏ ချစ်လှစွာ သောခင်ပွန်း၊ ဦးသီဟမင်းမင်း(IT. Engineer)၊ ဦးသူရမင်းမင်း(ခေတ္တ-Japan)-ဒေါ်မေသွယ်စိုး (ခေတ္တ-ဂျပန်)၊ ဒေါ်သန္တာမင်းမင်း(ခေတ္တ-Japan)တို့၏ဖခင် ဦးမင်းအောင်သည် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၀၀း၁၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းမြင့်(ခ)အကျိန်

## အသက်(၆၇)နှစ်

ရန်ကုန်မြို့ (၁၉)လမ်း၊ အမှတ်(၁၆)နေ ဦးတင်မြင့်-(ဒေါ်ကြူ)တို့၏ သားကြီး၊ ဦးခင်မောင်-(ဒေါ်သန်းကြည်)တို့၏ သားသမက်၊ အမှတ်(၅၁)၊ ခုနစ်လွှာ၊ လမ်းသစ်လမ်း(မော်တင်)၊ (၃)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်အေးမြင့်သန်း ၏ ခင်ပွန်း၊ ကိုထိန်ဝင်း-မနန်စီတန်၊ ကိုသိန်းအောင် တို့၏ အစ်ကိုကြီး၊ ဒေါက်တာအောင်ပြည်စိုး-ဒေါက်တာအိအိထွန်း၊ မောင်ကျော်မိုးလွင်၊ မထက်ထက်အောင် တို့၏ မွေးသဖခင်၊ ဉာဏ်ဖုန်းပြည့်၏ အဘိုးသည် ၂၀-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၀၃ နာရီတွင် မင်းရဲကျော်စွာလမ်း၊ ခုတင် (၅၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ထွန်း

## အသက်(၈၂)နှစ်

**အ-ဆ-ည(ငြိမ်း)**

**G.E.C ဥက္ကဋ္ဌ(ငြိမ်း)**

မော်လမြိုင်မြို့နေ (ဦးအုံးစိန်-ဒေါ်ငွေရှိန်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးစံထူး-ဒေါ်သန်း)တို့၏ သားသမက်၊ (ဒေါ်ခင်လှ- လ-ဝ-က၊ငြိမ်း)၏ ချစ်ခင်ပွန်း၊ ဦးသန်းထူး (အကောက်ခွန်)-(ဒေါ်သင်းသင်းနွယ်)တို့၏ ဦးလေး၊ ဦးရန်ကျော်-ဒေါ်ကြည်ကြည်ဆွေ၊ ဦးဆွေမြင့်၊ ဦးကြည်စိုး-ဒေါ်ဖြူဖြူဝင်း တို့၏ ဖခင်၊ မကေဇာဖြိုးသွယ်၊ မောင်ဇေယျာလင်းအောင်-မကြည်ပြာမိုးသွယ်၊ မောင်သန်းထိုက်အောင်၊ မနှင်းသီသီစံ တို့၏ အဘိုး၊ မသုဒြာအောင် ၏ အဘေး သည် ၂၂-၃-၂၀၁၉ (သောကြာနေ့) နံနက် ၆း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ပုဇွန်တောင်၊ ညောင်တန်း အိမ်ရာနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မျိုးမင်း

## အသက် (၅၆) နှစ်

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ခြံအမှတ်(၂၁၃)၊ အကွက်(၂၉)၊ တောင်ထိပ်ပန်းလမ်းနေ (ဦးကျော်မြ)-ဒေါ်ကြည်ကြည်ဦးတို့၏သား၊ (ဦးသန်းလှ)-ဒေါ်မြသောင်းတို့၏သားသမက်၊ ဗိုလ်မှူးထွန်းထွန်းဝင်း (ငြိမ်း)-ဒေါ်ဆွေဆွေကျော်မြ တို့၏မောင်၊ ဒေါက်တာကေသီကျော်မြ၏ အစ်ကို၊ ဒေါ်နန်းခင်သန်းဝင်း ၏ခင်ပွန်း၊ မောင်ခွန်အောင်ဇေဖြိုး၏ဖခင်သည် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄း၅၀ နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ် သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး ကျော်နိုင်(ငြိမ်း)

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၉)**

## အသက်(၅၄)နှစ်

မွန်ပြည်နယ်၊ ရေးမြို့ အမှတ်(၂၂)၊ တနင်္သာရီလမ်းမကြီး(ရွှေကြယ်စင်တည်းခိုခန်း)နေ (ဦးကံစိန်-ဒေါ်အေးမြင့်)တို့၏ သား၊ ဒေါ်သီသီဝေ၊ ဒေါ်ရီရီတင် တို့၏ မောင်၊ (ဦးမျိုးအောင်)၊ ဒုတိယဗိုလ်မှူးကြီးသက်နိုင်တို့၏ ညီ၊ ဦးကျော်မျိုးနိုင်၏ အစ်ကို၊ မဝတ်ရည်ကျော်၊ မဝင်းရွှေရည်တို့၏ ဖခင်၊ ဒေါ်လှလှရီ၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ကျော်နိုင်(ငြိမ်း)သည် ၂၂-၃-၂၀၁၉ (သောကြာနေ့) နံနက် ၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေးမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ကိုဉာဏ်ကျော်ထင် (ခ) ဖိုးခွား

## အသက် (၃၃) နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ အမှတ်(၅၃-C)၊ မိုးကောင်းလမ်းနေ (ဦးမောရစ်-ဒေါ်ခင်ထွေး)၊ (ဦးစံ-ဒေါ်ရင်ရင်)တို့၏မြေး၊ ဒေါက်တာမောင်မောင်ခင်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ရင်ခေါင်းခွဲစိတ်ကုဌာန)-ဒေါက်တာကြည်ကြည်ခိုင်တို့၏သား၊ ဒေါ်တင်တင်စု(KBZ ရုံးချုပ်)၏ခင်ပွန်း၊ မောင်မင်းခန့်ကျော်ထင်၏ဖခင်၊ မန္တလေးမြို့နေ ဦးဝဏ္ဏဖေ-ဒေါက်တာကြည်သာခင်(မင်းတပ်ပြည်သူ့ဆေးရုံ)၊ ဒေါက်တာမောင်မောင်ချမ်းသာ-ဒေါက်တာရည်မွန်ခင်တို့၏မောင်သည် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၃-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ် ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကြေးမုံ

မတ် ၂၃၊ ၂၀၁၉

# နိုင်ငံတကာ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် လက်တွဲပူးပေါင်းနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားနိုင်မည်ဖြစ်၍ MSMEs လုပ်ငန်းများအတွက် အလွန်အကျိုးရှိ

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇေမြင့်၊ ဦးသိန်းဆွေနှင့် ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသာဦး၊ ဦးအောင်ထူးနှင့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍




ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဇာတိကော်မတီ တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဇာတိကော်မတီ တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၂**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဇာတိကော်မတီ၏တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဇာတိကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီးဦးတင်မြင့်၊ ဦးကြည်မင်းနှင့် ဦးလှမော်ဦး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်နှင့် မန္တလေးအနုပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံသမိုင်းအဖွဲ့၊ မြန်မာနိုင်ငံပန်းချီ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

၈

မတ် ၂၃၊ ၂၀၁၉ (စနေနေ့)


## သျှစ်သောင်းမြှောက်ပွဲ (ခ) သဲပုံစေတီပွဲ

**အောင်ကြည်မိုး(စစ်တွေ)**



သျှစ်သောင်းမြှောက်ပွဲကို နှစ်စဉ် တပေါင်းလပြည့်နေ့ ဒီရေကျချိန် ပင်လယ်ကမ်းခြေနှင့် ချောင်းများရှိ သဲသောင်ပြင်များ၌ အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် စုပေါင်းပြီး သဲပုံစေတီများ တည်ဆောက်ကာ ကုသိုလ်ယူကျင်းပပြုလုပ်ကြသော ရခိုင်လူမျိုးတို့၏ ရိုးရာပွဲတော်တစ်ခု ဖြစ်သည်။ ဘုရားရှင်၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်အား အာရုံပြုပူဇော်ကြခြင်းဖြစ်၍ လောကုတ္တရာကို အခြေခံသော ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုလည်း ဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့ ပွိုင့်ကမ်းခြေနှင့် သံတွဲမြို့ ငပလီကမ်းခြေတို့၌ သျှစ်သောင်းမြှောက်ပွဲ (ခေါ်) သဲပုံစေတီပွဲကို အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနေကြပြီး မိဘများက မိမိတို့၏ သားသမီးများအား မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို သိရှိစေရန် တကူးတက လာရောက်ပြသကြသည်။

မြတ်စွာဘုရား၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဂုဏ်တော်များကို ချီးကျူးပူဇော်သည့်သဘောဖြင့် ကျင်းပနေကြခြင်းဖြစ်၍ ရခိုင်လူမျိုးများက သျှစ်သောင်းမြှောက်ပွဲဟု ခေါ်ဆိုကြပြီး ရှေးရခိုင်မင်းများလက်ထက်ကတည်းက ကျင်းပခဲ့ကြသည်။ သျှစ်သောင်းမြှောက်ပွဲ (ခေါ်)သဲပုံစေတီပွဲကို ရခိုင်မဂ်လာစည်တော်များဖြင့် ဖွင့်လှစ်ကြသည်။ ထိုပွဲတော်၌ ရခိုင်ရှေးဟောင်းသမိုင်းဝင် သျှစ်သောင်းပုထိုးတော်၊ ဒုက္ကံသိမ်ပုထိုးတော်၊ အံတော်သိမ်ပုထိုးတော် ပုံစံတူများကို သဲဖြင့် တည်ဆောက်ကြပြီး တံခွန်၊ ကုက္ကား၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များဖြင့် ပူဇော်ကြသည်။

သဲပုံစေတီများအား ဒီရေကျချိန်၌ ပြုလုပ်တည်ဆောက်ရခြင်းမှာ သဲဖြင့် ပြုလုပ်တည်ဆောက်ထားသော ဘုရား၊ စေတီ၊ ပုထိုးများ ဒီရေတက်လာချိန် ရေတိုက်စား၍ ပြိုပျက်သွားသည်ကိုမြင်ပြီး အဖြစ်အပျက်သင်္ခါရသဘောတရားများအား သံဝေဂရစေရန် ကျင်းပနေကြခြင်း ဖြစ်သည်။ နေ့ထူးနေ့မြတ်ဖြစ်သော တပေါင်းလပြည့်နေ့တွင် သျှစ်သောင်းမြှောက်ပွဲကို တစ်နေရာတည်း၌ တစ်ဦးတည်းက တည်ထားကျင်းပနေခြင်း မဟုတ်ဘဲ စုပေါင်းကာ တည်ထားကုသိုလ်ယူကြပြီး သဲစေတီများတည်ရာ သဲသောင်ပြင်၌ သူပိုင်၊ ငါပိုင် မဟုတ်ဘဲ ပွံ့သကူရသော သဲဖြစ်သဖြင့် အတ္တမာနကင်းစေသည်။

ယနေ့အချိန် စစ်တွေမြို့ ပွိုင့်ကမ်းခြေနှင့် သံတွဲမြို့ ငပလီကမ်းခြေတို့၌ တပေါင်းလပြည့်နေ့တွင် ရိုးရာပွဲတော်တစ်ခုအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနေကြပြီး ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ တကူးတက လာရောက်ကြည့်ရှုကြသဖြင့် ခရီးသွားလုပ်ငန်းအား များစွာအကျိုးပြုနေပါကြောင်း တင်ပြလိုက်ရသည်။ ။

## ချင်းတိုင်းရင်းသားလူမျိုးများ၏ မျိုးနွယ်စုဝင်“ဒါးရင်ဒူး”

**ဝေမင်းသူ(ကြေးမုံ)**

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသော လူမျိုးများ အတူတကွ စုပေါင်းနေထိုင်လျက်ရှိသည်။ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံများ ကိုယ်စီရှိကြသည်။ ဤလူမျိုးများထဲမှ ချင်းလူမျိုးများ မြန်မာနိုင်ငံသို့ ဆင်းသက်နေထိုင်လာပုံကို အကျဉ်းချုပ်ဖော်ပြပေးလိုပါသည်။

ချင်းတို့သည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခဲ့ကြသော လူမျိုးစုအနက် တိဗက်-မြန်မာ အုပ်စုဝင်ဖြစ်သည်။

(က) ချင်း၊ ကချင်အုပ်စု
(ခ) မြန်မာနှင့် ရှေးမြန်မာအနွယ်အုပ်စု
(ဂ) လိုလိုမုဆိုးအုပ်စုဟူ၍ တွေ့နိုင်ပါသည်။

ယင်းအုပ်စု သုံးစုသည် လမ်းကြောင်းသုံးသွယ်မှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခဲ့ခြင်းဖြစ်သည်။ ချင်းတို့သည်လည်း ခေတ်အဆက်ဆက် မြန်မာနိုင်ငံအနှံ့အပြားတွင် အခြေချနေထိုင်လာခဲ့ကြသည်။

ချင်းလူမျိုးတစ်ခုတည်းတွင် လူမျိုးစု ၅၃ စုရှိပြီး ဘာသာစကားများလည်း မတူညီကြပေ။ ယင်းလူမျိုးစု ၅၃ စုအနက်မှ ဒါးရင်ဒူးမျိုးနွယ်စု(ခေါ်) ဒေသအခေါ် ဒါးလူမျိုးဖြစ်လာမည့် ချင်းမျိုးနွယ်စုတစ်စုသည်လည်း “ချင်းမှန်လျှင် ပုဂံက”ဆိုသည့်အတိုင်း ပုဂံ၊ ပုပ္ပားတစ်ဝိုက်တွင် အခြေချနေထိုင်လာခဲ့ကြသည်။

လူမျိုးဆင်းသက်လာပုံ

“ချင်းမှန်လျှင် ပုဂံက”ဆိုသည့်အတိုင်း ဒါးရင်ဒူးမျိုးနွယ်စုဖြစ်လာမည့် ချင်းတို့သည် ရေကြည်ရာမြက်နုရာကိုရှာရင်း မကွေးတိုင်းဒေသကြီး ရွှေပေါင်းလောင်းဘုရားနှင့် စစ်ကိုင်းတိုင်းဒေသကြီး

အထူးကဏ္ဍ [ ခ ] သို့ »»



ဒါးရင်ဒူးဘာသာစကားဖြင့် ဓမ္မကျမ်းစာ ဆက်ကပ်အပ်နှံပွဲ အမှတ်တရမြင်ကွင်းကို တွေ့ရစဉ်။

မြေကေးမှုံ
အထွေထွေကဏ္ဍ



»» ဒါးရင်ဒူးမှ

ကျောက္ကာနယ်တွင် ကွင်းစုဘုရားကို တည်ထားခဲ့ကြသည်။ ထိုမှတစ်ဆင့် ပေါက်မြို့ဖြစ်လာမည့် "ပဲပေါက်"ရွာကိုတည်ခဲ့ကြပြီး ပုံတောင်ပုံညာကို ဖြတ်ကာ'ယော'မြို့ကို တည်ထောင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ဘောလီရိုးခင်တန်းအတိုင်းတက်ကာ မင်းတပ်မြို့နယ်တွင် ဟီးလောင်းရွာကို တည်ထောင်ကာ နေထိုင်ခဲ့ကြသည်။ ယင်းမှတစ်ဆင့် ယခုကန်ပက်လက်မြို့နယ်အသီးသီးသို့ ပျံ့နှံ့နေထိုင်ခဲ့ကြသည်။

**လူမျိုးအမည်**

မျိုးနွယ်အမည်ကို သမိုင်းမှတ်တမ်းများတွင် ယင်ဒူးဟုခေါ်ကြပြီး ဒေသခံတိုင်းရင်းသားတို့က 'ဒါး'(Daa)ဟုလည်း ခေါ်ကြသည်။ ယခုအခါ ထိုအမည်နှစ်ခုကို ပေါင်း၍ 'ဒါးရင်ဒူး'ဟူ၍ သုံးစွဲလျက်ရှိသည်။ ဆွေမျိုးစု (Clans) များဖြစ်သည့် တားဆိုး၊ ချိုင်စော၊ မနားတူ၊ ကောက်တူ၊ ထန်းကုန်း၊ ဘောတူ၊ မွားတွီး၊ ရောင်းခေါ၊ လွယ်၊ လုာ၊ ချောင်း၊ ချုတ်တူ စသည့် ဆွေမျိုးစု (Clans) များကို ပေါင်း၍ 'ရင်ဒူး' (Yindu)သို့ 'ဒါး' (Daa) ဟု ခေါ်ကြသည်။ သမိုင်းမှတ်တမ်းများတွင် 'ယင်ဒူး'ဟူ၍ အများဆုံးသုံးနှုန်းရေးသားကြပြီး ကုန်းဘောင်မင်းဆက်ဖြစ်သော မင်းတုန်းမင်းလက်ထက်တွင်မူ 'ရင့်တူ'ဟူ၍ သုံးနှုန်းထားကြောင်း တွေ့ရသည်။

**ရင်ဒူးသမိုင်းကွင်းဆက်များ**

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ချင်းလူမျိုးများအား မျိုးနွယ်စုများ ခွဲခြားသတ်မှတ်မှုကို ၁၈၆၉ ခုနှစ်တွင် ချင်းလူမျိုးများအကြောင်းကို သိလို၍ အောက်မဟာဝန်ရှင်တော်မင်းကြီး အာသာဖယ်ယာက မေးမြန်းရာတွင် ချင်းမျိုးနွယ်စု ၇၅ မျိုးရှိကြောင်း ပြန်ကြားခဲ့သည်။ အဆိုပါချင်းလူမျိုးများအကြောင်းကို ချင်းတောင်အကြောင်း ကျွမ်းကျင်သူများက စာရေးတော် ဦးမုံထံပေးပို့ပြီး ဦးမုံက စုစည်းရေးသားလျက် ကင်းဝန်မင်းကြီးထံ တင်ပြစေသည်။ မြန်မာ့နန်းတော်မှ ထိပ်တန်းအာဏာပိုင်ဝန်ကြီး လေးပါးဖြစ်သော ကန်းဝန်၊ ပခန်း၊ ခန်းပတ်၊ လောင်းရှည်မြို့တို့မှ စာတမ်းကို လေ့လာတည်းဖြတ်ပြီး စာတမ်းကို အမိန့်တော်ရ ဦးရောက်ကလေးက ပုရပိုဒ်တွင် အချောရေးကူးသည်။ ၁၈၆၉ ခုနှစ် မေ ၂၆ ရက်တွင် စာတမ်းကို စက္ကူဖြင့်ကူး၍ ၁၈၆၉ ခုနှစ် ဇွန် ၁၀ ရက်တွင် လုလင်မြေိုင်ကတစ်ဆင့် အင်္ဂလိပ်တို့ထံ ပေးပို့ခဲ့ပါသည်။ ထိုချင်း ၇၅ မျိုးထဲတွင် 'ဒိုင်' မျိုးနွယ်စုအမည်မပါဝင်ပါ။

ပခုက္ကူတောင်တန်းဒေသအုပ်ချုပ်ရေးကို ယောနှင့် တောင်ပိုင်းချင်းတောင်ကို ၁၈၈၆ - ၁၉၀၀ ခုနှစ်အတွင်းက ပူးတွဲအုပ်ချုပ်ခဲ့သည်။ ၁၈၈၉ ခုနှစ်အကုန်ပိုင်းတွင် မင်းတပ်မှ ဟီးလောင်းအထိ မိုင် ၂၀၊ ကျင်ဒွေးအနောက်ဘက်တွင် ကျင်ဒွေးမှ မိုင် ၅၀အထိ၊ ဟီးလောင်း၏ အခြားတစ်ဖက်နှင့် ဝိတိုရိယ(ခေါ်)ခေါ်နူးစုမ်တောင်၏ အနောက်ဘက်ကို မအုပ်ချုပ်ရသေးသောနယ်အဖြစ် သတ်မှတ်ခဲ့သည်။ သို့ဖြစ်ပါ၍ တောင်ပိုင်းချင်းတောင်အုပ်ချုပ်ရေးကို ၁၈၉၀ ပြည့်နှစ်တွင်မှ စတင်ခဲ့ခြင်းဖြစ်သည်။

၁၈၉၀ ပြည့်နှစ်တွင် စတင်သော ပခုက္ကူတောင်တန်းဒေသအုပ်ချုပ်ရေးတွင် ပခုက္ကူဒေသရှိ ချင်းလူမျိုးတို့ကို ဖော်ပြရာတွင် ချင်းပုတ်၊ ချင်းဖုန်း၊ ယင်ဒူးဟူ၍ ဖော်ပြထားသည်။ ပခုက္ကူတောင်တန်းဒေသ အုပ်ချုပ်ရေးစပြီး နှစ်အနည်းငယ်အတွင်း ချင်းတောင်တစ်ခုလုံးတွင် မြောက်ပိုင်း၌ ဖလမ်းမြို့ တောင်ပိုင်း၌ ကန်ပက်လက်မြို့ကို တည်ခဲ့ကြသည်။ မတူပီနယ်ကိုမူ အင်္ဂလိပ်တို့ မအုပ်ချုပ်ရသေးသောနယ်အဖြစ် သတ်မှတ်ခဲ့ကြသည်။ သို့ပါ၍ တောင်ပိုင်းချင်းတောင်ရှိ လူမျိုးနွယ်စုတို့ကို အင်္ဂလိပ်တို့က ကနဦးမှတ်တမ်းတင်ရာတွင်လည်း မျိုးနွယ်စုသုံးစုကို မှတ်တမ်းတင်ထားပြီး ထိုအထဲတွင်လည်း 'ရင်ဒူးမျိုးနွယ်စု' ပါဝင်သည်။

၁၉၀၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ GA Grierson က ဘာသာစကားလေ့လာမှုပြုပြီး ဘာသာစကားအားဖြင့် ချင်းလူမျိုး ၃၁ မျိုး ခွဲခြားထားသည်။ ထိုအထဲတွင်လည်း 'ရင်ဒူး' (Yindu) ဟူ၍ ဖော်ပြပါရှိသည်။

၁၉၃၁ ခုနှစ် အင်္ဂလိပ်တို့ ပထမဆုံး ကောက်ယူသော မြန်မာနိုင်ငံသန်းခေါင်စာရင်းအရ ချင်းလူမျိုးများကို ၄၃ မျိုးခွဲခြားထားသည်။ ထိုသန်းခေါင်စာရင်းတွင်လည်း 'ရင်ဒူး' (Yindu)ဟူ၍ ဖော်ပြထားသည်။

၁၉၃၃ ခုနှစ်ထုတ် မြန်မာနိုင်ငံလူမျိုးစုများသည် Major C. M Enriquz, Rac of Burma (Delhi; Manger of Publication, 1993)တွင် ချင်းလူမျိုးတို့ကို ဖော်ပြရာတွင် ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းကို အခြေခံမှီငြမ်း၍ ပြုစုထားဟန်တူပေသည်။ ထိုစာအုပ်ထဲတွင် အုပ်ချုပ်ရေးအရ ခေတ်အဆက်ဆက် ပခုက္ကူတောင်တန်းဒေသ အုပ်ချုပ်ရေးတွင် ဖော်ပြထားသော 'ရင်ဒူး' (Yindu)မျိုးနွယ်စုကို Araken Hill Tracts ထဲတွင် ဖော်ပြထားသည်။ သို့ပါ၍ ၁၉၃၃ ခုနှစ် စာအုပ်ပါဖော်ပြချက်များသည် မှားယွင်းကြောင်း ယင်းမျိုးနွယ်စု၏ မှတ်တမ်းများတွင် တွေ့ရသည်။

ဦးဘရှင်၊ ချင်းလူမျိုး မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၂)ကျ-ခွံ (ရန်ကုန်မြန်မာနိုင်ငံဘာသာပြန်အသင်း၊ ၁၉၅၅၊ ၁၉၇၃) စာအုပ်မှတ်တမ်းတွင် ပခုက္ကူတောင်တန်းဒေသ၌ ချောင်း ၁၀ ချောင်းရှိရာ ထိုချောင်းတို့အနက် မြောက်ပိုင်းခုနစ်ချောင်းတွင် ချင်းပုတ်(ခေါ်) ကန်ပက်လက်ချောင်းများနှင့် တောင်ဘက်စလင်းချောင်းနှင့် အခြားချောင်းတစ်ဖက်တွင် ရင်ဒူးလူမျိုး ၄၅၀၀ ခန့် နေထိုင်ကြသည်။ တောင်ဘက်နှင့် ဆောမြို့၏ တောင်ဘက်တွင် ချင်းဖုန်း ၈၀၀၀ ခန့် နေထိုင်ကြပြီး ထိုမှသည် မင်းဘူးခရိုင်အထိ ပျံ့နှံ့နေထိုင်ကြသည်ဟု ဖော်ပြထားသည်။

ယခုတွင်လည်း ရင်ဒူးလူမျိုးတို့သည် မခါးချောင်း၊ ခန်းချောင်း၊ မောချောင်း၊ ဖျံချောင်း၊ စလင်းချောင်း၊ ရင့်ရဲချောင်း၊ ချုပ်ချောင်းတစ်ဝိုက်တွင် နေထိုင်လျက်ရှိကြသည်။

၁၉၆၇ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တိုင်းရင်းသားဓလေ့ထုံးစံများ ချင်းစာအုပ်တွင်မူ မြို့နယ်အလိုက် မူတည်ကာ ၄၄ မျိုးခွဲခြားထားသည်။ ထိုအထဲတွင် ကန်ပက်လက်မြို့နယ်အတွင်းရှိ လူမျိုးသုံးမျိုးကို ဖော်ပြရာတွင် ခေတ်အဆက်ဆက် "ယင်ဒူး" မျိုးနွယ်စုဟုသာ ဖော်ပြပါရှိသည့်နေရာတွင် ယင်ဒူးနှင့်ဒိုင်ကို ပေါင်း၍ ယင်ဒူး (ဒိုင်)ဟုလည်းကောင်း၊ မတူပီမြို့နယ်ရှိ လူမျိုးစုငါးခုကို ဖော်ပြရာတွင် ဒိုင်(ယင်ဒူး) ဟု မှားယွင်းဖော်ပြလာခဲ့ကြသည်။

မြန်မာ့စွယ်စုံကျမ်းတွင် နေထိုင်ရာဒေသနှင့် လူမျိုးကိုဖော်ပြထားပါလျက် လူမျိုးစုနှစ်စုကို တစ်ပေါင်းတည်းဖော်ပြထားခြင်းမှာ သမိုင်းပြုစုသူတို့၏ အမှားသာဖြစ်ကြောင်း ယင်းမျိုးနွယ်စု၏ မှတ်တမ်းများအရ သိရသည်။ ကုန်းဘောင်ခေတ်မှ အင်္ဂလိပ်ခေတ်၊ ဆိုရှယ်လစ်ခေတ် ၁၉၆၆ ခုနှစ်အထိ "ရင်ဒူး" မျိုးနွယ်စုသည် ခေတ်အဆက်ဆက် မည်သည့်မျိုးနွယ်စုနှင့်မျှမရောဘဲ တည်ရှိခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိနိုင်သည်ဟု ဖော်ပြထားသည်။

ရင်ဒူးမျိုးနွယ်စုတို့သည် အရှေ့ရင်ဒူး၊ အနောက်ရင်ဒူး ဟူ၍လည်း ခွဲခြားခဲ့ကြသည်။ အရှေ့ရင်ဒူးတို့သည် ယခု(ငရာ့) မျိုးနွယ်စု (သို့) အမှတ်(၅)မျိုးနွယ်စုတို့ ဖြစ်ကြပြီး အနောက်ရင်ဒူးဒေသသည် ဒေသအခေါ် ဒါး (သို့) အမှတ် (၆) လူမျိုးနွယ်စုတို့ ဖြစ်ကြသည်။ သမိုင်းမှတ်တမ်းများအရ လူဦးရေ ၁၉၃၀ ဦးရှိပြီး ဝမ္ဘသူးမောင်ဖွဲ့စည်းသော ချင်းတောင်ညီညွတ်ရေးအဖွဲ့တွင် အရှေ့ရင်ဒူးကိုယ်စားလှယ်အဖြစ် ကန့်သာရုံမှ ဦးနိုင်းလိန်းသာနှင့် ရဲလောင်းပန်းမှ ဦးထန်းထွန်းတို့ ပါဝင်ကြောင်း တွေ့ရသည်။ အနောက်ရင်ဒူးကိုယ်စားလှယ်အဖြစ် ဦးမနားနိုင်းနှင့် ဦးထန်းနိုင်းတို့ပါဝင်ကြကြောင်း၊ ထို့အပြင် ထီးလင်းမြို့၌ ကျင်းပသော ချင်းဗမာချစ်ကြည်ရေး ညီလာခံတွင်လည်း အရှေ့ရင်ဒူးတိုက်နယ်မှ အမှတ်(၅) ကိုယ်စားလှယ်များတက်ရောက်ပြီး အနောက်ရင်ဒူးကိုယ်စားလှယ်အဖြစ် အမှတ်(၆)မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အချို့(ဒိုင်)မျိုးနွယ်စုများက ပြောသော အနောက်ရင်ဒူး (ဒိုင်) လူမျိုးတို့ဖြစ်ကြောင်း ပြောဆိုရေးသားနေကြသည်မှာ မမှန်ကန်ကြောင်း သိရသည်။ ငရာ့မျိုးနွယ်စုနှင့် ရင်ဒူးမျိုးနွယ်တို့သည် ဆွေမျိုးစု(Clans) များအရလည်း များစွာတူညီကြသည်။ ဥပမာ- ရင်ဒူးမျိုးနွယ်စုတို့တွင် ထွီးထန်း၊ မောတွီ၊ ချုတ်တူ စသည်ဖြင့်ရှိကြပြီး ငရာ့မျိုးနွယ်စုတွင်လည်း ၎င်းဆွေမျိုးစုများရှိကြောင်း တွေ့နိုင်သည်။

သမိုင်းစဉ်ဟုဆိုရာတွင် ဒဏ္ဍာရီမဆန်၊ ယုံတမ်းစကားလည်းမဟုတ်၊ ခိုင်လုံသော အထောက်အထားရှိပြီး သဘာဝကျသော သမိုင်းစဉ်၊ သိပ္ပံနည်းကျကျ စစ်ဆေးလာလျှင်လည်း ခံနိုင်ရည်ရှိသော ပြည်သူတို့၏ သမိုင်းစဉ်ကို ဆိုလိုပါသည်။ သို့ပါ၍ 'ဒါးရင်ဒူး' လူမျိုးနွယ်စုတို့၏ သမိုင်းစဉ်သည်လည်း ဒဏ္ဍာရီမဆန်၊ ယုံတမ်းစကားလည်းမဟုတ်၊ ခိုင်လုံသော အထောက်အထားများဖြင့် ပြဆိုခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် 'ဒါးရင်ဒူး' မျိုးနွယ်စုတို့သည် ကုန်းဘောင်ခေတ်မှသည် ယနေ့ထိတိုင်အောင် သမိုင်းအစဉ်အလာအရ ကြီးမားသော လူမျိုးနွယ်စုဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

❒



**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]



ဦးစန္ဒမာလာလင်္ကာရ



ဆရာတော် အသျှင်စက္ကိန္ဒ




ဦးဦးသာထွန်း



ဦးစံသာအောင်



ဦးထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)

»»အထူးကဏ္ဍ [ ဃ ] မှ

၁၉၄၂ ခုနှစ်တွင် စစ်တွေခရိုင်တောင်ပိုင်း အရေးပိုင်အဖြစ် လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့ပါသည်။ ၁၉၅၇ ခုနှစ်တွင် လှည်းကူးမြို့ အထက်တန်းကျောင်း၏ ကျောင်းအုပ်ဆရာကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ထိုစဉ်ကပင် ရခိုင်ရာဇဝင်စာအုပ်၊ ရခိုင်လေမုန်တိုင်းကြီး (၁၉၆၀) မှတ်တမ်းစာအုပ်များကို ကိုယ်တိုင်လေ့လာပြုစုခဲ့ပါသည်။ ရခိုင်စာပေယဉ်ကျေးမှုသမိုင်း ဟောပြောပွဲများကို နေရာအနှံ့ လှည့်လည်ဟောပြောခဲ့ပါသည်။ ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရင်း (၁၉၉၀) ပြည့်နှစ် မတ်လ ၂ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ဆရာကြီးရေးသားခဲ့သော ဆောင်းပါးများမှာ ရခိုင်စာပေယဉ်ကျေးမှုနှင့် ရခိုင်သမိုင်းအကြောင်းကို မီးမောင်းထိုးပြလျက် ရှိနေပါသည်။

**ဦးစန္ဒမာလာလင်္ကာရ**

ခမည်းတော် ဦးကျော်ဇောနှင့် မယ်တော် ဒေါ်ဝင်းလှဖြူတို့မှ သက္ကရာဇ် ၁၈၆၁ ခုနှစ်တွင် ရမ်းဗြဲမြို့နယ် ရွာပုလဲရွာ၌ ဖွားမြင်ခဲ့ပါသည်။ ငယ်မည်မှာ ကျော်စောအောင်ဟုခေါ်၍ လောကုတ္တရာစာပေများကို လေ့လာရင်း ရှင်သာမဏေပြုခဲ့ပါသည်။ ယင်းနောက် ရမ်းဗြဲမြို့ တောင်ကျောင်းဆရာတော် ဦးသာရမေဓာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်ရောက်တော်မူပြီး သရက်မြို့နှင့် မန္တလေးမြို့များတွင် စာပေကျမ်းဂန်များ လေ့လာသင်ယူခဲ့ပါသည်။

၁၉၀၉ ခုနှစ်မှစ၍ ရမ်းဗြဲမြို့ တောင်ကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူကာ ၁၉၃၅ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော် သက်တော်ထင်ရှားရှိစဉ် လောကီ၊ လောကုတ္တရာ စာပေကျမ်းဂန်များကို ရေးသားပြုစုတော်မူခဲ့ပါသည်။ ယင်းတို့အနက် " ရခိုင်ရာဇဝင်သစ်ကျမ်းနှင့် ရာဇဓမ္မသင်္ဂပကျမ်း"တို့မှာ သုတေသီများက အားထားရသော ကျမ်းကြီးများဖြစ်၍ ရခိုင်ယဉ်ကျေးမှုနှင့် ရခိုင်သမိုင်းအတွက် အလွန်ကျေးဇူးကြီးမားသော ကျမ်းပြုပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါသည်။

**ဦးဦးသာထွန်း**

ဦးကောင်းစံရွှီ-ဒေါ်အောင်ကြွဇံတို့မှ မြောက်ဦးမြို့ ညောင်ပင်ဈေးရပ်၌ ၁၉၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက် သောကြာနေ့တွင် မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် သမိုင်း၊ ရာဇဝင်များကို အဘိုးဖြစ်သူ ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင်တို့ထံမှ သင်ယူခဲ့ပြီး ကျောက်စာဝန် ဦးစံရွှေဘုနှင့်လိုက်လံ၍ ရှေးဟောင်းသုတေသနပညာရပ်များကို ဆည်းပူးခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၅ ခုနှစ်အထိ မူလတန်းကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၅၅ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ရှေးဟောင်းသုတေသနဌာန၏ ရခိုင်-မြန်မာ ပဏ္ဍိတ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ဦးဦးသာထွန်း၏ သမိုင်းရာဇဝင် ကျွမ်းကျင်မှုကြောင့် ရခိုင်ယဉ်ကျေးမှု၊ ရခိုင်သမိုင်းရာဇဝင်တို့ကို သုတေသီများ အလွယ်တကူ လေ့လာခွင့်ရကြပါသည်။ ထို့အပြင် စာပေဟောပြောပွဲ၊ ပြည်ထောင်စုပြပွဲ၊ မြန်မာ့အသံ ရခိုင်အစီအစဉ်တို့တွင် ရခိုင်သမိုင်း ၊ ရခိုင်စာပေ၊ ရခိုင်ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ကိုယ်တိုင်ပါဝင် အသံလွှင့်ခဲ့ပါသည်။ ဒေသထုတ်မဂ္ဂဇင်းများတွင် ဆောင်းပါးများရေးသား

ခဲ့ပြီး လုံးချင်းသမိုင်း စာအုပ်များပြုစုရင်း ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၁၄ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

**ဦးစံသာအောင်**

ဦးသာဇံဦး-ဒေါ်မဘုမေတို့မှ ၁၉၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က စစ်တွေမြို့ ရွှေပြားရပ်ကွက်၌ မွေးဖွားခဲ့သည်။ ပညာရေး၌ ထူးချွန်ပြီး ရန်ကုန်တက္ကသိုလ်နှင့် ကာလကတ္တားတွင် ပညာဆည်းပူးခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲကို စစ်တွေမြို့ အစိုးရအထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးနောက် ရခိုင်သမိုင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်နိုင်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအက်စ်(စီ) ရူပဗေဒဂုဏ်ထူးတန်းကို ပထမအဆင့်မှ အောင်မြင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်မှ မဟာဝိဇ္ဇာ(ရူပဗေဒ)ဘွဲ့ကို ရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် သရုပ်ပြဆရာအဆင့်မှ ရူပဗေဒပါမောက္ခအဖြစ် လည်းကောင်း၊ ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် လည်းကောင်း၊ အထက်တန်းပညာဦးစီးဌာန၌ လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့သည်။

ဦးစံသာအောင်သည် ကျောင်းသုံးရူပဗေဒစာအုပ်များ၊ သုတေသနစာအုပ်များစွာကို ပြုစုခဲ့သည်။ ရခိုင်ဒင်္ဂါးများနှင့်ပတ်သက်၍ စာအုပ်များစွာ ရေးသားခဲ့သည်။ အာနန္ဒစန္ဒြားကျောက်စာကို အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ အရှေ့တိုင်းပညာပါမောက္ခ ဒေါက်တာ အီးအိပ်ချ် ဂျွန်စတင်နှင့်အတူ ပထမဦးဆုံး အဓိပ္ပာယ်

**ကျောင်းသုံးရူပဗေဒစာအုပ်များ၊ သုတေသနစာအုပ်များစွာကို ပြုစုခဲ့သည်။ ရခိုင်ဒင်္ဂါးများနှင့်ပတ်သက်၍ စာအုပ်များစွာ ရေးသားခဲ့သည်။ အာနန္ဒစန္ဒြားကျောက်စာကို အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ အရှေ့တိုင်းပညာပါမောက္ခ ဒေါက်တာ အီးအိပ်ချ် ဂျွန်စတင်နှင့်အတူ ပထမဦးဆုံး အဓိပ္ပာယ်ဖော်ထုတ်ခဲ့သည်။**

ဖော်ထုတ်ခဲ့သည်။ ၁၉၇၂ ခုနှစ်မှစ၍ ရခိုင်သမိုင်းနှင့် ယဉ်ကျေးမှုများကို သုတေသနပြုလုပ်၍ အေဒီ တစ်ထောင်မတိုင်မီ ရခိုင်သမိုင်းနှင့်ပတ်သက်သော စာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၈၁ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။

**ဆရာတော် အသျှင်စက္ကိန္ဒ**

ဖခမည်းတော် ဦးထွန်းအောင်ရှိနှင့် မယ်တော် ဒေါ်ချင်းဘုံမေတို့မှ ၁၉၃၆ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့နယ် ခြံချောင်းရွာ၌ မွေးဖွားသန့်စင်ခဲ့သည်။ ငယ်နာမည်မှာ ညိုဇံမောင်ဖြစ်ပြီး ၁၉၅၄ ခုနှစ်တွင် ရှင်သာမဏေပြုခဲ့ပြီး စာပေနယ်သို့ ၁၉၅၅ ခုနှစ်တွင် စတင် ဝင်ရောက်ခဲ့သည်။ ဆရာတော်သည် နတ်မြစ်စန်းအောင်၊ နတ်မြစ် ညိုဇံမောင်ရှိ ၊ အသျှင်စက္ကိန္ဒ၊ ဦးပါဠ၊ အသျှင်ကြီး စသည့် ကလောင်အမည်များကို အသုံးပြုကာ ရခိုင်သမိုင်း၊ ရခိုင်ယဉ်ကျေးမှု၊ ရခိုင်ရိုးရာဓလေ့၊ ရခိုင်တေးကဗျာ၊ ရခိုင်ပုံပြင်၊ ရခိုင်စကားပုံစသည့် စာအုပ်ပေါင်း ၂၅ အုပ် ရေးသားထုတ်ဝေခဲ့သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက် နံနက် ၃ နာရီတွင် ရခိုင်ပြည်နယ် မောင်တောမြို့ ပြည်သူ့ဆေးရုံ၌ ပျံလွန်တော်မူသည်။ ပျံလွန်သည့်အချိန်တွင် သက်တော် ၈၃ နှစ်၊ ဝါတော် ၆၃ ဝါ ရှိပြီဖြစ်သည်။

**ဦးထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)**

ကုန်သည်ကြီး ဦးလာဘ-ဒေါ်ငွေချိန်တို့မှ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့၌ ၁၉၄၉ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ(ပထဝီဝင်)ဘွဲ့ကို ရရှိခဲ့သည်။ ပါရဂူဘွဲ့အတွက် " Evoiution of Rakhine Ancient Capitals " ရခိုင်သမိုင်းကို ကျမ်းပြုစုတင်သွင်းခဲ့သည်။ ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)အမည်ဖြင့် ရခိုင်သမိုင်းစာအုပ်များနှင့် ရခိုင်ယဉ်ကျေးမှုဆိုင်ရာ သုတေသနစာတမ်း စာအုပ်များစွာတို့ကို ရေးသားပြုစုထုတ်ဝေခဲ့ပါသည်။ ထို့နောက် ရခိုင်သမိုင်းများကို ကမ္ဘာကသိစေရန်အတွက် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော " A Guide To Mrauk-U "and " A Guide To Maharmuni"ဟူသော စာအုပ်နှင့် ရခိုင်မဟာရာဇဝင်ကြီးအပါအဝင် စာအုပ်ပေါင်း ၁၈ အုပ် ထုတ်ဝေခဲ့ပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက် နံနက် ၄ နာရီ မိနစ် ၂၀တွင် ရန်ကုန်မြို့ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ပါသည်။ ။

## သီပေါတွင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ကျင်းပပြီးစီး



**သီပေါ မတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်ကြီး ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို မတ် ၁၅ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ရာ ပေါ်ကြိုမြတ်ဘုရားလေးဆူအား ဘုရားဖူးလာပြည်သူများက ရွှေသင်္ကန်းကပ်လှူခြင်း၊ ဒေသထွက်အစားအစာ၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

တပေါင်းလပြည့်နေ့ နံနက်ပိုင်းတွင် ပေါ်ကြိုဘုရားကြီး အရှေ့မုခ်ဦးရင်ပြင်တော်၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော် ၅၄ ပါးတို့အား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီး ဥက္ကဋ္ဌဆရာတော်ကြီးထံမှ အနုမောဒနာတရားတော်နှင့် ငါးပါးသီလခံယူဆောက်တည်ကြကာလှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

❐

# ထင်ရှားကျော်ကြားခဲ့သော ရခိုင်တိုင်းရင်းသား သမိုင်းပညာရှင်များ

## သာဒိုးရီ(သင်ပုန်းတန်း)

ရခိုင်သမိုင်းပညာရှင်များနှင့် ရခိုင်သုတေသီတို့သည် ရခိုင်တိုင်းရင်းသားလူမျိုးတို့၏ သမိုင်း၊ ယဉ်ကျေးမှု ဓလေ့ရိုးရာများကို စွမ်းစွမ်းတမံ ဖော်ထုတ်ပေးခဲ့ကြပြီး မပျောက်ပျက်အောင် ကျားကန်ပေးခဲ့ကြသည့် ဒေါက်တိုင်သဖွယ်ဖြစ်ကြသည်။ သင်္ခါရသဘောတရားကို မလွန်ဆန်နိုင်၍ ကွယ်လွန်အနိစ္စရောက်သွားကြသဖြင့် အလွန်နှမြောဖို့ကောင်းလှပါသည်။ ရခိုင်ခေတ်ဦးကျောက်စာ၊ ခေါင်းလောင်းစာ၊ ကြေးပြားစာ၊ ဒင်္ဂါးများနှင့် သမိုင်းယဉ်ကျေးမှုဆိုင်ရာများနှင့်ပတ်သက်၍ စနစ်တကျ သုတေသနပြုခဲ့ကြသူများမှာ-

### ဦးရွှေဇံအောင်

အဖ ဦးရွှေသာနှင့်အမိ ဒေါ်မိဇံဖြူတို့မှ ၁၈၇၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်၌ မွေးဖွားခဲ့ပြီး စစ်တွေမြို့၊ ရန်ကုန်မြို့တို့၌ ပညာဆည်းပူးခဲ့သည်။ အသက်(၂၀) အရွယ် ၁၈၉၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ပညာအုပ်၊ လယ်ဝန်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဗုဒ္ဓအဘိဓမ္မာတရားတော်ကို ဥရောပတိုက်သားများပါ လေ့လာသိရှိနိုင်အောင် မြန်မာနိုင်ငံ၌ အင်္ဂလိပ်ဘာသာဖြင့် ပထမဦးဆုံးပြုစုထုတ်ဝေခဲ့သည့် ရခိုင်တိုင်းရင်းသား လူမျိုးတစ်ဦးဖြစ်သည်။




ဦးရွှေဇံအောင်

ဦးရွှေဇံအောင်သည် မိမိလေ့လာတွေ့ရှိခဲ့သော ဗုဒ္ဓစာပေများနှင့် သမိုင်းစာပေများအပေါ် သုတေသနပြုပြီး စာအုပ်ပေါင်းများစွာ ရေးသားပြုစုခဲ့သည်။ ၁၉၀၀ ပြည့်နှစ်မှစ၍ သုံးလတစ်ကြိမ် ထုတ်ဝေသော ဗုဒ္ဓဝါဒမဂ္ဂဇင်းတွင် ဗုဒ္ဓ၏ အဘိဓမ္မာနှင့်စပ်လျဉ်းသော စာတမ်းများကို



ဦးအောင်သာဦး

အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပြီး ဒီပနီကျမ်း လေးကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ အဘိဓမ္မာသင်္ဂဟကျမ်း ယမက(ခေါ် )ယမိုက်ပါဠိကျမ်းနှင့် အထာကဌ္ဌဝတ္ထုတို့အား အင်္ဂလိပ်ဘာသာ လုံးချင်းကျမ်းအဖြစ်လည်း ပြုစုခဲ့သည်။ အင်္ဂလန်နိုင်ငံမှ ပါဠိပညာရှင် မစ္စရိုင်းဒေးဗစ်က လယ်တီဆရာတော်ကြီးကို မေးမြန်းသော ပုစ္ဆာများကို မြန်မာပြန်၍ ဆရာတော်ကြီးကို တင်ပြပြီး လယ်တီဆရာတော်ကြီး၏ အဖြေများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး လန်ဒန်ရှိ ပါဠိပညာရှင် မစ္စရိုင်းဒေးဗစ်ထံ စာတိုက်ကပေးပို့ပြီး ဗုဒ္ဓစာပေကို ကမ္ဘာသို့ ပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည်။ ဤကဲ့သို့ ကျမ်းပေါင်းများစွာကို ပြုစုနိုင်ခဲ့သဖြင့် ရန်ကုန်တက္ကသိုလ် ဆီးနိတ်အဖွဲ့က စာပေရေးရာပါရဂူဘွဲ့ကို ပေးအပ်ချီးမြှင့်ခြင်းခံရပြီး ၁၉၃၂ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

**အဘိဓမ္မာသင်္ဂဟ ကျမ်း ယမက(ခေါ် )ယမိုက်ပါဠိကျမ်းနှင့် အဌ္ဌကထာဝတ္ထုတို့အား အင်္ဂလိပ်ဘာသာ လုံးချင်းကျမ်းအဖြစ်လည်း ပြုစုခဲ့သည်။ အင်္ဂလန်နိုင်ငံမှ ပါဠိပညာရှင် မစ္စရိုင်းဒေးဗစ်က လယ်တီဆရာတော်ကြီးကို မေးမြန်းသော ပုစ္ဆာများကို မြန်မာပြန်၍ ဆရာတော်ကြီးကို တင်ပြပြီး လယ်တီဆရာတော်ကြီး၏ အဖြေများကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုပြီး လန်ဒန်ရှိ ပါဠိပညာရှင် မစ္စရိုင်းဒေးဗစ်ထံ စာတိုက်ကပေးပို့ပြီး ဗုဒ္ဓစာပေကို ကမ္ဘာသို့ ပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည်။**

### ဦးစံရွှေဘု

၁၈၈၂ ခုနှစ်တွင် မြောက်ဦးမြို့နယ် လက်ယာရွာတွင် မွေးဖွားခဲ့ပြီး စစ်တွေမြို့အစိုးရအထက်တန်းကျောင်းတွင် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် အင်္ဂလန်နိုင်ငံမှ ဝတ်လုံဘွဲ့ကို ရယူခဲ့သည်။ ၂၀ ရာစုအစောပိုင်း၌ ရခိုင်သမိုင်းနှင့် ယဉ်ကျေးမှုများကို ပြည်တွင်း ပြည်ပမှ ပိုမိုသဘောပေါက် နားလည်လာအောင် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သော ရခိုင်သမိုင်းသုတေသီမှာ ဦးစံရွှေဘုဖြစ်သည်။ ၁၉၁၇ ခုနှစ်မှ ၁၉၂၇ ခုနှစ်အတွင်း မြန်မာနိုင်ငံသုတေသနအသင်းမှ ထုတ်ဝေသည့် ဂျာနယ်တွင် ရခိုင်ရေးရာသုတေသန ဆောင်းပါးများကို စဉ်ဆက်မပြတ်ရေးသားပေးပို့ခဲ့သည်။

ထို့အပြင် ပြည်ပနိုင်ငံများမှ ထုတ်ဝေသည့် ရခိုင်ရေးရာ သုတေသနစာတမ်းများအတွက် ကူညီဆောင်ရွက်ပေးခဲ့ပြီး ဂုဏ်ထူးဆောင် ကျောက်စာဝန်လည်း ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

### ဦးထွန်းစံ

ဦးထွန်းစံသည် စစ်တွေမြို့ ဇာတိဖြစ်သည်။ ငယ်စဉ်ကပင် ဗေဒင်ပညာနှင့် ပြက္ခဒိန်အကြောင်းကို လေ့လာလိုက်စားခဲ့သည်။ ဦးထွန်းစံသည် ဝတ်လုံတော်ရရှေ့နေအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မြောက်ဦးခေတ် နရအဘယရာဇာမင်းလက်ထက် ပြုလုပ်ခဲ့သော ရှေးဟောင်းပြက္ခဒိန်ပေမူကို အခြေခံ၍ ကျားရုပ်ဂိုဏ်းဆရာတော် ဦးအဂ္ဂနန္ဒ၊ ရွှေစေတီဂိုဏ်းအုပ်ဆရာတော် ဦးတေဇာရာမတို့နှင့် တိုင်ပင်ပြီး ရခိုင်ပြက္ခဒိန် (၁၈၂၀ ခုနှစ် မှ ၁၉၂၉ ခုနှစ်)ထိ နှစ်ပေါင်း တစ်ရာ့တစ်ဆယ်အတွက် စီစဉ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ၁၉၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ရခိုင်သမိုင်းဆိုင်ရာ စာအုပ်များကိုလည်း ရေးသားထုတ်ဝေခဲ့ပါသည်။

### ဦးအောင်သာဦး

အဖ ဦးသာထွန်း၊ အမိ ဒေါ်စံမြတို့၏ တစ်ဦးတည်းသောသားဖြစ်ပြီး စစ်တွေမြို့ဒေးဝန်းရွာ၌ ၁၉၀၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ၁၀ တန်းအောင်မြင်ပြီး စစ်တွေမြို့ အမျိုးသားကျောင်းတွင် ဆရာအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ငယ်စဉ်က မြန်မာစာသက်သက်သာ သင်ကြားခဲ့ရသော်လည်း အင်္ဂလိပ်စာကို မိမိဘာသာသင်ယူကာ ကာလကတ္တားမှ ၁၀တန်း အိုင်အေဘီအေအတန်းများကို သွားရောက်ဖြေဆို အောင်မြင်ခဲ့ပါသည်။

၁၉၃၀ ပြည့်နှစ်တွင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားများအဖွဲ့၏ အထွေထွေအုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း

အထူးကဏ္ဍ [ ဂ ] သို့ »»

## ရခိုင်ဟင်းလျှော်ချက်

ရခိုင်ဒေသမှာ ရာသီအလိုက်သီးပွင့်တဲ့ ဟင်းသီးဟင်းရွက်တွေ မနည်းမနော ပေါပေါလောလော ထွက်ရှိပါတယ်။ ချဉ်ပေါင်၊ ကန်စွန်း၊ ကင်ပွန်းချဉ်လို ဒေသမရွေးထွက်တဲ့ ဟင်းရွက်တွေသာမက ဇရစ်၊ ကဒတ်၊ ကောက်ကောက်ညွန့်နဲ့ ဟင်းကပေါင်းသီး၊ ဆင်ခရမ်းသီးတို့လို ထူးထူးခြားခြား ဟင်းရွက်ဟင်းသီး အမျိုးအစား အများအပြားကိုလည်း တွေ့ရပါတယ်။

ဟင်းလျာတွေချက်ပြုတ်ရာမှာ ရိုးရာဓလေ့အလိုက် ပုံစံတွေကွဲပြားသွားတာမို့ ရခိုင်ချက်၊ မွန်ချက် စသည်ဖြင့် ခေါ်ဝေါ်ကြသလို ဟင်းအရသာဟာလည်း တစ်မူထူးခြားသွားတာမျိုးတွေ ရှိပါတယ်။ ရခိုင်ဒေသမှာ ဟင်းသီးဟင်းရွက်တွေ ကြော်ကြချက်ကြတဲ့အခါ ဆီနည်းနည်းနဲ့ အရသာစပ်စပ် ရေခြောက်ခြောက်ကလေး ချက်တာကို ဟင်းလျော်လို့ ခေါ်ကြပါတယ်။

ကန်စွန်းရွက်၊ ရုံးပတီသီး၊ ခရမ်းသီး၊ ကောက်ကောက်ညွန့် စတဲ့ အသီးအရွက်တွေကိုရောပြီး ဆီနည်းနည်း မှျင်ငါးပိကောင်းကောင်းနဲ့ ချဉ်ချဉ်စပ်စပ် အရသာပေါ်အောင် ချက်ထားတာကို စားဖူးလို့ လျှာလည်သွားတာကြောင့် ဟင်းလျော်ချက်နည်းကလေးကို မေးကြည့်ပြီး မှတ်သားထားပါတယ်။

ဟင်းလျော်ချက်မယ်ဆိုရင် မိမိချက်လိုတဲ့ အသီးအရွက်တွေကိုသင်ပြီး ရေစင်စင်ဆေးကာ ရေစစ်ထားပါ။ ကြက်သွန်ဖြူ/နီကို ထောင်းထားပါ။ မန်ကျည်းသီးစိမ်းနဲ့ ငရုတ်သီးစိမ်းတို့ကို ဆုံတွင်ထောင်းပြီး ပန်းကန်တစ်လုံးမှာ မှျင်ငါးပိနှင့်အတူရောထည့်ကာ ရေအနည်းငယ်ထည့်ပြီး သမအောင်ဖျော်ထားပါ။ (မန်ကျည်းသီးစိမ်းအစား မရမ်းပြားနှင့် မန်ကျည်းမှည့်တို့ကို သုံးနိုင်ပါတယ်။) အားလုံးပြီးက ဒယ်အိုးတွင် ဟင်းရွက်များထည့်ကာ မီးနည်းနည်းနှင့်လျော်ပါ။ ဟင်းရွက်များသွေ့လာပါက ဆီအနည်းငယ်လောင်းကာ ထောင်းထားတဲ့ ကြက်သွန်ဖြူ/နီတို့ကိုထည့်၊ ဆား၊ နန္ဒင်းဖြူးပြီး သမအောင်မွှေပါ။ အနံ့သင်းလာက ဖျော်ထားတဲ့မှျင်ငါးပိနဲ့ မန်ကျည်းရည်ထည့်ကာ အရေခြောက်ခြောက်ကလေး ချက်တာပါပဲ။ ပူပူလောလောချို၊ ချဉ်၊ ငန်၊ စပ် ဟင်းလျော်အရသာက လျှာလည်သွားမဲ့ သဘာဝဟင်းလျာတစ်ခွက်ရယ်လို့ ဆိုလောက်ပါတယ်။









ရခိုင်အမျိုးသားမိတ်ဆွေတစ်ဦးဖိတ်လို့ ရခိုင်အလှူမှာ စားခဲ့ရတဲ့ အမဲသားရေဆီပြန်ချက်၊ လိပ်ကျောက်သားခြောက်လျော်၊ ချဉ်ပေါင်ဖူးဂေါ်ဖီဟင်းချိုနဲ့ ခရမ်းသီး၊ အာလူး၊ ပဲသီးဟင်းလျော် စတဲ့ ရခိုင်အလှူဟင်းလျာအတွဲအစပ်များကို ဖော်ပြပေးလိုက်ရပါတယ်။

**စံလွင် (ငါးဦးစီး)**

❐

